အမှတ္တလကွဲဆာမှုဝ်အကျယ်

လက်စွဲကျမ်း

(အဋ္ဌမောက)

အနတ္တလက္ခဏာဖွင့်အကျယ်
လက်စွဲးကျမ်း။ ၂/၅၅

နမော တဿ ဘဂဝတော အရဟံတော
သမ္မာသမ္ဗုဒ္ဓဿ။

(အနတ္တလက္ခဏသုတ်၊အမ္ဘန်း၊ပါဠိ-၂-ဂါထာ)။

(၁) မမ္မစက္ကံ ပဝတ္တေတွာ၊
အာသဠ္ဠိယံ ဟိ ပုဏ္ဏမေ။
နဂရေ ဗာရာဏသိယံ၊
ဇုသိပတနဝှယေ ဝနေ။ ။

(၂) ပါပေတွာ.ဒိ ဖလံ နေသံ၊
အနုက္ကမေန ဒေသယိ။
ယံ တံ ပက္ခဿ ပဉ္စမျံ၊
ဝိရတ္တတ္ထံ ဘဏာမ ဟေ။ ။

(အနတ္တလက္ခဏသုတ်-အမ္ဘန်း-ပါဠိ-နိဿယသစ်)။

(၁) ဗာရာဏသိယံ၊ ပြည်မြတ် ဌာနီ၊ မော်ကွန်းချီသည့်၊ ဗာရာဏသီ, အမည်ရှိသော။ နဂရေ၊ ရှုဘွယ်မချို၊ မြို့၏အဂ်ါ၊ ပြည့်ရုံစွာသည့်၊ ပြည်တော်ကြီးဌ်။ ဇုသိပတနဝှယေ၊ ဘုရားပစ္စေကာ၊အရိယာသခင်၊အရှင်မြတ်တို၊ ကောင်းကင်ထက်သို-တက်ရောက်ရာ၊ ကောင်းကင်ထက်မှ-ဆင်းသက်၊ ကျရောံရာ ဖြစ်ခြင်းကြောင့်-ဇုသိပတန, အမည်ရှိသော။ ဝနေ၊ မိဂဒါဝုန်၊ ရဂုံ သာမော၊ တောအုပ်ကြီးဌ်။ အာသဠ္ဠိယံ၊ ကရကန်ရာသီ၊ အခါမှီလျှက်၊ ညွှာစီရုန်းထွက်၊ နှုန်းမပျက်သော-ဟုန်းညက်,ပန်းတို၊ ပွင့်ဆန်းနုပျို၊လဝါဆိုဌ်။ ပုဏ္ဏမေ၊ပနုရသီ၊အညီစေသည့်၊ လပြည့်နေ့ဌ်။ ။(၂)နေသံ၊ထိုအရှင်ကောဏ္ဍညထေရ်၊အရှင်

ဝပ္ပထေရ်၊ အရှင်ဘဒ္ဒိယထေရ်၊ အရှင်မဟာနာမ်ထေရ်၊ အရှင်အဿဇိထေရ်၊ဟူသောပဉ္စဝဂ္ဂီ၊ရဟန်းပုဂ္ဂိုလ်တို့အား။ဓမ္မစက္ကံ၊ သောကီ စကြာ၊ ရတနာနှင့်၊ ပမာ တုဘက်၊ နှိုင်းယှဉ်စက်၍၊ ဟောမြွက်-ကျူးဟ၊ ဓမ္မစကြာ၊ တရားဒေသနာတော်မြတ်ကို။ ပဝတ္တေတွာ၊အင်္ဂါရှစ်ပါး၊သံတော်အားဖြင့်၊ပိုင်ခြားထုတ်ဖော်၊ ဟောတော်မူခဲ့ဖြီး၍။ အနတ္တမေန၊နေ့ရက်အစဉ်၊အရှင်ထေရ်မြတ် အစဉ်အားဖြင့်။ အာဒိဖလံ၊ နိဗ္ဗူအောင်မြို့၊ ဆောင်ယူပို့သည့်၊ ကူးတို့-ပမာ၊ အစ-စွာဖြစ်သော, သောတာပန်ဖိုလ်ပုဂ္ဂိုလ်၍အဖြစ်သို့။ ပါပေတွာ၊ ပါရမီအထုံ၊ ဘာဂီအဟုန်ဖြင့်၊ အားကုန်ပင့်မြှောံ၊ရောက်စေတော်မူခဲ့ဖြီး၍။ပက္ခသ၊လကွယ်-ပက္ခ၊ဝါဆိုလ၏။ ပဉ္စမျံ၊ငါးရက်မြောက်ဖြစ်သောနေ့၌။ နေသံ၊ ထိုအရှင်ကောဏ္ဍညထေရ်အမှူးရှိသော-ပဉ္စဝဂ္ဂီ၊သောတာပန်ရဟန်းပုဂ္ဂိုလ်တို့၏။ဝိမုတ္တထွံ၊ကာမာသဝ၊စသည်-လေးတန်၊ ကင်းဆိတ်ညံသည့်၊ ရဟန္တာပုဂ္ဂိုလ်၏ အဖြစ်ဟူသော-အရဟတ္တဖိုလ်အကျိုးငှါ။ယံ(အနတ္တလက္ခဏသုတ္တံ)၊အကြင်(အနတ္တလက္ခဏသုတ်)တရားဒေသနာတော်မြတ်ကို။ အဒေသယိ၊သာယာကျူးချီ၊ဟောတော်မူလေပြီ။ ။

တံ (အနတ္တလက္ခဏသုတ္တံ)၊ ထိုဝ် (အနတ္တလက္ခဏသုတ်) တရားဒေသနာတော်မြတ်ကို။ ဟေ၊ အို .....အရှင်သူတော်ကောင်းတို့။ မယံ၊"သဒ္ဓမ္မစာရီ"၊သမ္ဘာမှီလျက်၊ပါရမီဂိုဏ်းဝင်၊ သူတော်စင်ဖြစ်ကြကုန်သော်အကျွန်ုပ်တို့သည်။ဘဏာမ၊တရားဂုဏ်ကို၊အာရုံစွဲး၍၊ အားခဲးမပြတ်၊ရွတ်ဘတ်-သရဇ္ဈာယ်ကြပါကန်အံ။ ။

ဤယသအခါ၌(၁)ဓမ္မစကြာတရား၊
ဟောကြားစတော်မူခဲ့ပြီး၍၊ ဤယသတို့ဟန်၊
(၂)အနုတ္တလက္ခဏသုတ္တန်,တဲ့ရားကို၊မြတ်စွာ
ဘုရားရှင်သည်၊အဘယ်ကာလ၌၊အဘယ်
အရပ်၌၊အဘယ်အကြောင်းကြောင့်၊
အဘစ်ပုဂ္ဂိုလ်ကိုအကြောင်း
ပြု၍ဟောတော်မူအပ်သနည်း-ဟူသော၊
(ပဌမ,ဒုတိယနှစ်)တင်၊အရှင်မဟာကဿပ်,ထေရ်
မြတ်တို့၊အဖေး-ပုဏ္ဏားစကားကို၊ဖြေကြားတော်
မူခြင်းငှါ၊အရှင်အာနန္ဒာထေရ်သည်၊ဤဆိုလတ္တံ့သော
နိဒါန်းစကားအစဉ်ကို၊ရဲလျှောက်ကြားတော်မူ၏။

(အနုတ္တလက္ခဏသုတ်ပါဠိတော်နှင့်-နိဿယ)။

(၁) ဧဝံ မေ သုတံ၊ဧကံ သမယံ ဘဂဝါ ဗာရာဏာ
သိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ ။တတြ
ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ။ အာမန္တေသိ။ ။
ဘိက္ခဝေါတိ။ ။ဘဒ္ဒံ တေ.တိ တေဘိက္ခူ။ ဘဂဝတော
ပစ္စဿောသုံ။ ။ဘဂဝါ တေ.ဒဝေါစ။ ။

(၁) ဘန္တေ၊အရှင်မဟာကဿပထေရ်ဘုရား။ ။
ဣဒံ သုတ္တံ၊ ဤအနုတ္တလက္ခဏသုတ်ကို။ မေ (မယာ)၊ အ
ကျွန်ုပ်အာနန္ဒာထေရ်သည်။ဘဂဝတော၊မြတ်စွာဘုရား
၏။ သမ္မုခါ၊မျက်မှောက်တော်မှ၊ဧဝံ၊ဤသို့သုတ်၊ကြား
ထိုက်ရာ၏။ ။ကော်၊တဲ့ပါး၊သော။သမယံ၊အခါ၌။ဘဂဝါ၊
မြတ်စွာဘုရားသည်။ဗာရာဏသိယံ၊ဗာရာဏသီပြည်၌၊
ဣသိပတနေ၊ ဣသိပတန, အမည်ရှိသော၊ မိဂဒါယေ၊
မိဂဒါဝုန်တော၌။ ဝိဟရတိ၊ နေ့တော်မှ၏။ တတြခေါ၊
ထိုသို့နေတော်မူသော အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရား
သည်၊ပဉ္စဝဂ္ဂိယေ၊ပဉ္စဝဂ္ဂိ,အမည်ရှိကုန်သော၊ဘိက္ခူ။

အနတ္တလက္ခဏာပွင့်အကျယ်လက်စွဲးကျင်း။

ရဟန်းတို့ကို၊ ဘိက္ခဝေါတို့၊ ငါဟော်ချစ်သား၊ ရဟန်းတို့ ဟူ၍၊ အသျာမဒေသသိ၊ မိန့်ခေါ်ထော်မူ၏။ ။တေ၊ ဘုန်း တော်ကြီးသော အရှင်ဘုရားအား။ ဘန္ဒဲ၊ ကောင်းမြတ် ခြင်းသည်၊ အထူး၊ဖြစ်စေသတည်း။ ဗုဒ္ဓေ၊ဤသို့။ တော ဘိက္ခဝေ။၊ ထိုပဉ္စဝဂ္ဂီ, သောတာပန်-ရဟန်း ပုဂ္ဂိုလ်တို့ သည်။ဘဂဝတော၊မြတ်စွာဘုရား။ ပစ္စဿောသုံ၊ တုံ့ကာတဖန်၊ပြန်လျှောက်ကုန်၏။ ။ဘဂဝါ၊မြတ်စွာ ဘုရားသည်၊ ဧတံ ဝစနံ၊ ဤ[ရူပံ ဘိက္ခဝေ၀ အနတ္တာ] အစရှိသောစကားကို၊အဝေါစ၊မိန့်တော်မူ၏။ ။

ဗာဒြဘာသာမှ၊မြန်မာဘာသာပြန်ဆိုပြခြင်း။

(၁) အရှင်ဘုရား၊(ကဿပ)ထေရ်ဘုရား။ ။အာနန္ဒာ,ဟု၊ သညာဖွင့်ထုတ်၊ အကျွန်ုပ်သည်၊ ဘုန်းခြောက်ပါး၌၊ ဘုရား သခင်၏၊ထံပါးမျက်မှောက်၊ ၌တော်အောက်မှ၊ ဤယခု-လျှံတင်သည့်အတိုင်း၊ ဤ(အနတ္တလက္ခဏ)သုတ်တရား၊ ဒေသနာ တော်မြတ်ကို၊နားဖြင့်ဆတ်ဆတ်၊ကြားနာအပ်ပါ၏ဘုရား။

ဘုန်းခြောက်ပါး၌၊မြတ်စွာဘုရားသခင်သည်၊ဗာရာဏသီ ပြည်ကြီး၏အနီးဖြစ်သောဇုသိပတန,အမည်ရှိသောမိဂဒါဝုန်, တော၌၊ဝါဆိုလပြည့်နေ့ကစ၍၊လပြည့်ကျော်(၄)ရက်နေ့တိုင် အောင်၊ ပဉ္စဝဂ္ဂီ,ရဟန်းပုဂ္ဂိုလ်တို့အား၊ နေ့ရက်အစဉ်၊ အရှင် ထေရ်မြတ် မူစဉ်အားဖြင့်၊ သောတာပန်ပုဂ္ဂိုလ်၏ အဖြစ်သို့ ရောက်စေခဲ့ပြီးနောဲ၊အခါတပါးဖြစ်သော ဝါဆိုလပြည့်ကျော် (၅)ရက်နေ့၌၊ပဉ္စဝဂ္ဂီ,အုပမည်ရှိကုန်သော၊သောတာပန်ရဟန်း ပုဂ္ဂိုလ်တို့ကို၊[အို.....ငါ၏ချစ်သား၊ ရဟန်းတို့]ဟူ၍၊ မိန့်ခေါ် တော်မူ၏။ ။ထိုအခါ၊ ပဉ္စဝဂ္ဂီ, သောတာပန်, ရဟန်းပုဂ္ဂိုလ် ဤသည်၊[ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်ဘုရားအား၊ ကောင်းမြတ်ခြင်းသည်ဖြစ်ပါစေသတည်း]ဟူ၍၊တုံ့ကာတဖန်၊

ပြန်ငယ္သျောက်ကြကုန်ဏ့်။ ။ထိုအခါ၊ မြတ်စွာဘုရားရှင်သည်၊ ဤကိုရွှေပံ ဘိက္ခဝေ အနုတ္တာ]အစရှိသော စကားကို၊ ပိန့်ကြားဟောတော်မူဏ့်။ ။ဟူထို။ ။

ဆိုဦးအုံ့။ ။ဘုန်းခြောက်ပါးရှင့်၊မြတ်စွာဘုရားသံခင်သည်၊ ၁၄၀-ချန်စ်၊ကဆုန်လပြည့်၊ အင်္ဂါနေ့၊ဥည့်ဦ ဖိုးလေဘုန်းကြီး၊ ဆင်းခါနီး,အရဏ်မထေက်မိကာလတွင် ပရိနိဗ္ဗာန်ပြုတော်မူပြီးသည်နောဲ၊ (သုံးသတ္တာဟ)ရက်ပေါင်း- ၂၇-ရက်လွန်သဖြင့်၊ နယုန်လဆန်ငါးရက်နေ့၌၊ ဓာတ်တော်ကို ဝေဘာန်ရာအစည်းအဝေးထွင်၊ အရှင်မဟာကဿပထေရ်သည်၊ (သင်္ကိယနာ) တင်အံ့သောဌါ၊ ချန်စ်သီနိုးနေသော ရဟန်းတို့အား၊ တိုက်တွန်းနှိုးဆော်တော်မူ၍၊ ငါးရာသောရဟန်းတို့ကို ရွေးကောက်ပြီးလျှင်၊ ရာဇဂြိုဟ်ပြည်သို့ကြွတော်မူ၍၊ အဇာတသတ်မင်းအား အကြောင်းကြားလျှင်၊အဇာတသတ်မင်းသည်၊ဆောက်လုပ်ဝေအပ်သော မင်္ဂလာမဟာမဏ္ဍာပ်၌ စည်းဝေး၍၊ ဝါခေါင်လပြည့်ကျော်ငါးရက်နေ့ကစ၍(သင်္ကိယနာ)တင်လျှင်၊အစည်သဖြင့်၊ ဤ(အနုတ္တလက္ခဏသုတ်)သို့ရောက်သည်ရှိသော်၊ ဤ(သုတ္တန်)ကို၊ ဟောတော်မူရာအရပ်,ဝတ္ထု၊,ပုဂ္ဂိုလ်တို့ကို ထင်ရှားဝေထို၍၊ အရှင်မဟာကဿပထေရ်သည်၊ {အနုတ္တလက္ခဏသုတ္တံ အာဝုသော ကတ္ထ ဒေသိတံ။ ။ငါ့ရှင်ဘာနန္ဒာထေရ်၊ ဤ(အနုတ္တလက္ခဏသုတ္တန်)ကို၊ အဘယ်အရပ်၌ ဟောတော်မူအပ်သနည်း} အစရှိသည်ဖြင့်၊မေးအပ်သည်ဖြစ်၍၊ထိုအမေးစကားကို ဖြေကြားခြင်းအကျိုးငှါ၊ အရှင်အာနန္ဒာထေရ်သည်၊ {ဧဝံ မေ သုတံ၊.....ဘဂဝါ ဇေတ.ဒဝေါစ} ဟူသောနိဒါန်းစကားအစဉ်ကို၊ဟောရွတ်တော်မူ၏။ ။ဤသည်လျှင်၊ဗာဟိရနိဒါန်းဖြစ်အကျဉ်းအမြွက်မျှဖြစ်သောအဓိပ္ပါယ်တည်း။ ။

ဆိုဦးအုံ့။ ။ပဌမဝဂ္ဂို,ငါးဦးတို့တွင်၊(၁)* အရှင်ကောဏ္ဍညထေရ်သည်၊ဓမ္မစကြာတရားဟဒသနာတော်အဆုံးဖြစ်၊သောတာပတ္တိဖိုလ်ကိုမျက်မှောက်ပြု၍၊ မြတ်စွာဘုရားရှင်၏အထံ၌၊ရဟန်း

ပြုရန်အခွင့်၊တောင်းစန်၏။မြတ်စွာဘုရားရှင်သည်လည်း၊(ဇဟိဘိက္ခု)ခေါ်တော်မူ၍၊ပဋ္ဌင်းဖြစ်စေတော်မူ၏။ ။

(၂) * ဤနည်းအတူ၊အထွက်တရက်နေ့၌၊အရှင်ဝပ္ပထေရ်အားရင်း,

(၃) * ထိုနောက်၊နှစ်ရက်မြောက်သောနေ့၌၊အရှင်ဘဒ္ဒိယထေရ်အားရင်း,

(၄) * ထိုနောက်၊သုံးရက်မြောက်သောနေ့၌၊ အရှင်မဟာနာမ်ထေရ်အားရင်း,

(၅) * ထိုနောက်၊လေးရက်မြောံသောနေ့၌၊အရှင်အဿဇိထေရ်အားရင်း,တရားစကားဖြင့်ဆုံးမ၍၊သောတာပတ္တိဖိုလ်ကိုမျက်မှောက်ပြုစေပြီးလျှင်၊ (ဇဟိဘိက္ခု)ခေါ်တော်မူသဖြင့်၊ ပဋ္ဌင်း ဖြစ်စေတော်မူ၏။ ။မြတ်စွာဘုရားရှင်သည်၊ ပျိုမျစ်နွနယ်သောသူငယ်တို့ကိုကဲ့သို့၊ထိုမထေရ်တို့ကို စောင်မ,ကြည့်ရှုတော်မူလျက်၊ အထွက် တရက်နေ့မှစ၍၊ ဆွမ်းခံအံ့သောဌါ၊ရွာတွင်းသို့ဝင်တော်မမူဘဲ"အရှင်ကောဏ္ဍညထေရ်၊ အရှင်ဝပ္ပထေရ်၊ အရှင်ဘဒ္ဒိယထေရ်"ဟု ဆိုအပ်သော သုံးပါးသောရဟန်းတို့သည်၊ဆောင်အပ်သောဆွမ်းကို၊ ခြောက်ပါး-မျှတ၍ သုံးဆောင်လျက်၊ကျောင်း၌ပင်နေတော်မူ၏။ ။

ဤသို့အားဖြင့်၊ ဝါဆိုလပြည့်နေ့၊ ဓမ္မစကြာတရားကို ဟောတော်မူသည်မှ စ၍၊ နေ့ ရက် အစဉ်၊အရှင်ထေရ်မြတ် အစဉ်အားဖြင့်၊ သောတာပတ္တိဖိုလ်၌ တည်ကုန်ပြီးသော၊ အညာတ,ကောဏ္ဍညထေရ်-အမှူးရှိကုန်သော ပဉ္စဝဂ္ဂိရဟန်းပုဂ္ဂိုလ်တို့ကို၊ဤယခုအခါ၌၊ထိုရဟန်းတို့အား၊ကာမာသဝ၊စသည်လေးတန်၊ကင်းဆိတ်ညံ့သည့်၊ရဟန္တာပုဂ္ဂိုလ်ဖြစ်စိမ့်သောဌါ၊တရားဟောတော်မူအံ့ဟု၊ နှလုံးထား၍၊ ငါးရက်မြောက်သော နေ့၌ ခေါ်တော်မူ၍၊ ဤ (အနတ္တလက္ခဏသုတ္တန်)ကို၊ ဟောတော်မူ၏။ ။ဤသည်လျှင်၊အဇျိတ္တိကနိဒါန်း၌၊ အကျဉ်းအမြွက်မျှဖြစ်သောအဓိပ္ပါယ်ဘည်း။ ။

ရူပက္ခန္ဓာပြခဏ်း။

ဤယခုအခါ၌၊မေ့စကြာတရား၊ကြားနာရပြီး၍၊
သောတာပတ္တိဖိုလ်၌တည်နေကြကုန်သော"အရှင်
ကောဏ္ဍည"ထေရ်အမှူးရှိသောပဉ္စဝဂ္ဂီဇော်ဘိက္ခုရဟန်း
ပုဂ္ဂိုလ်ငါးဦးတို့အား၊သကဒါဂါမိမင်,အံနာဂါမိမင်,
အရဟတ္တမင်-ဟူသော အထက်မင်သုံးပါး
တို့ကိုရစေခြင်းအကျိုးငှါ၊
ဤအနတ္တလက္ခဏသုတ္တန်တရားဒေသနာတော်
မြတ်ကို၊ဟောတော်မူ၏။ ။ထိုသို့ဟောတော်မူပုံ
နည်းကိုပြခြင်းအကျိုးငှါ၊ဤဆိုလတ္တံ့ဖြစ်သော
ဒေသနာအစဉ်ကို(သင်္ဂါယနာ)တင်တော်မူကြကုန်၏။

(အနတ္တလက္ခဏသုတ်ပါဠိတော်နှင့်နိဿယ)။

(၁-က) ရူပံ ဘိက္ခဝေ အနတ္တာ။ ။
(၁-က) ဘိက္ခဝေ၊အို...ငါ၏ချစ်သား၊ရဟန်းများတို့။ ။
ရူပံ၊ ရူပက္ခန္ဓာ ထိုက်သော ရုပ်တရားသည်။

(၁) (ပ) * အနတ္တာ၊အနှစ်ရှိသောတရားမျိုးမဟုတ်ခဲ့ချေ။
(၂) (ဒု) * အနတ္တာ၊အစိုးရသောတရားမျိုးမဟုတ်ခဲ့ချေ။
(၃) (တ) * အနတ္တာ၊အထိုသို့ထိုက်သောတရားမျိုးမဟုတ်
ခဲ့ချေ။ ။

ပါဠိဘာသာမှ၊မြန်မာဘာသာပြန်ဆိုပြခဏ်း။

(၁-က) အို...ငါ၏ချစ်သား၊ ရဟန်းများတို့။ ။ကောင်း
စွာနှစ်ခြိုက်၊ထောင်နားစိုက်၍၊မှတ်ပိုက်နာယူကြကုန်လော။ ။
ဤရူပက္ခန္ဓာထိုက်သောရုပ်တရားသည်။

(၁) (ပ) * အနှစ်ရှိသောတရားမျိုးမဟုတ်ခဲ့ချေ။
(၂) (ဒု) * အစိုးရသောတရားမျိုးမဟုတ်ခဲ့ချေ။
(၃) (တ) * အထိုသို့ထိုက်သောတရားမျိုးမဟုတ်ခဲ့ချေ။

ဤသို့အားဖြင့်၊ဖိုင်းခြားထုတ်ပြန်၊သုတ်မေ့ကွန်ကို၊သာရကွံ့သိကအားဖြင့်၊ဟောကြားမိန့်ဆိုတော်မူ၏။ ။

(၁-က) ဤ(ရူပံ တိက္ခဝေ အနတ္တာ)ဟူသော ပါဠိဝါကျဝယ်၊ (အနတ္တာ)ဟူသောပုဒ်၌၊ (အနတ္တာ)အနှစ်ရှိသော တရားမျိုးမဟုတ်ခဲ့ချေ။ ။ဟူသော ပဌမအနက်သည်၊ (အသာရကဌေန အနတ္တာ)ဟူသောပါဠိတော်နှင့်ညီ၏။ ။

ဆိုဦးအံ့။ ။ကံ,စိတ်,ဥတု,အာဟာရ-ဟူသောအကြောင်းတရား၊လေးပါးတို့သည်၊ပေါင်းရပြုပြင်၊စီရင်မှုကြောင့်၊ အသစ်အသစ်၊ဖြစ်ပေါ်လာသော၊(၁)ဤရူပကွန္ဓာထိုက်သောရုပ်တရားသည်၊ အစိတ်-အစိတ်အားဖြင့်သော်ငင်း၊ အပေါင်းအစုအားဖြင့်သော်ငင်း၊ မကွဲးမအက်၊ တခဲးနက်ဖြင့်၊ မပျက်မပြို၊ ထိုဤမတိမ်း၊ မယိမ်းမယိုင်၊ခိုင်မာသောအနှစ်သာရ-သဘောဟူ၍၊ မြို့မျှမရှိဖြစ်၏။ ။

ထိုစကား၌၊ထင်ရှားသော(ဥပမာ)ကား၊ဤသို့တည်း။ ။

ဤလောက၌၊သီတ,ဥဏ္ဍ၊အချမ်း,အပူဟူသောဥတုကိုအမှီပြု၍၊ သယံ-ဇာတ၊သစာဝအဆို၊အလိုအလျောက်၊ ပေါ်ပေါက်ဖြစ်လာသောကျောက်ဓာတ်,ကြေးဓာတ်,သံဓာတ်-စသည်တို့၌၊ မြဲးမြံခိုင်မာသော အနှစ်ခေါ်သော အရာသည် ရှိ၏။ ။ထိုအနှစ်ခေါ်သောပစ္စည်းဝတ္ထုတို့ကို၊ဓာတုဗေဒအရာ၊လိမ္မာတတ်သီး၊ လောကဓာတ်ဆရာကြီးတို့သည်၊ အနည်းနည်း အဖုံဖုံ၊ ဥာဏ်မျိုးစုံတို့ဖြင့်၊ကုန်စင်အောင်စမ်းသပ်ပြီးနော်၊သူ၏သဘောသက်သက်ဖြင့်သော်ငင်း၊တစုံတခုသောဝတ္ထုသဘောနှင့်၊ရောနှောပေါင်းစပ်ခြင်းကိုပြု၍သော်ငင်း၊ပြုပြင်စီမံခဲ့သော်၊(၁)ကျောံဓာတ်သည်၊ ကျောက်ဓာတ်၏အလျောက်၊ နောက်ထပ်အသစ်တမျိုးဖြစ်ပြန်ရာ၏။ ။(၂)ကြေးဓာတ်သည်၊ကြေးဓာတ်၏အ

လျှော်၊နောံထပ်အသစ်တမျိုးဖြစ်ပြန်ရာ၏။ ။(၃)သံဓာတ်သည်၊ သံဓာတ်၏အလျောက်၊နောံထပ်အသစ်တမျိုးဖြစ်ပြန်ရာ၏။ ။ (ဖြစ်သောအရာသည်လည်းရှိ၏)။ ။ထိုသို့ဖြစ်၍၊ကျောက်ကို သုံးစွဲးသောအရာ၊ ကြေးကိုသုံးစွဲးသောအရာ၊သံကိုသုံးစွဲးသော အရာသည်၊မျက်မြင်အားဖြင့်ထင်ရှားရှိ၏။ ။[ထိုကျောံ့ဓာတ်, ကြေးဓာတ်, သံဓာတ်-တို့၏အကြောင်းကို၊ အဘိဓမ္မာ, ဓာတု ဝိဘင်းအပ္ပကထာ,ဗာဟိရပထဝီဓာတုနိဒ္ဒေသအဖွင့်၌အကျယ် ဆို၏]။ ။

အို...ငါ၏ချစ်သား၊ ရဟန်းများတို့။ ။ဤနည်းအတူ၊ ကံ, စိတ်,ဥတု, အာဟာရ-ဟူသောအကြောင်းတရား၊ လေးပါးတို့ သည်၊ ပေါင်းစုပြုပြင်၊စီရင်မှုကြောင့်၊ အသစ်အသစ်-ဖြစ်ပေါ် လာသော၊ (၁)ဤရူပက္ခန္ဓာထိုက်သော ရုပ်တရားကို၊ အစိတ်- အစိတ်ပြု၍ဖြစ်စေ၊ တပေါင်းတခဲးတည်းပြု၍ဖြစ်စေ၊သူတို့၏ သဘောသက်သက်ဖြင့်သော်၎င်း၊တစုံတခုသောဝတ္ထုသဘော နှင့်၊ ရောနှောပေါင်းစပ်ခြင်းကိုပြု၍သော်၎င်း၊ တမျိုး-တမည်၊ အထည်ပစ္စည်းဝတ္ထုဖြစ်အောင်၊ပြုပြင်စီမံခြင်းဌါ မဖြစ်နှိုင်ချေ။ မဖြစ်ထိုက်ချေ။ ။ဤလောက၌ ဖြစ်သောအရာဟူ၍မရှိချေ။ ။ အဘယ့်ကြောင့်၊ မဖြစ်နှိုင်သနည်း, ဟူမူကား။ ။မြဲးမြဲခိုင်မာ သောအနှစ်သာရ-သဘောဟူ၍၊ မြူမျှမရှိသောကြောင့်ဟု၊ဖြေ ဆိုရာ၏။

ဆိုဦးအံ့။ ။(၁)ဤရူပက္ခန္ဓာထိုက်သော ရုပ်တရားတို့မည် သည်၊ ကံ,စိတ်,ဥတု, အာဟာရ-ဟူသော အကြောင်းတရား၊ လေးပါးတို့၏၊ ပေါင်းစုပြုပြင်၊ စီရင်မှုကြောင့်သာဖြစ်၏။ ။ ထိုသို့ဖြစ်ရာ၊ထိုအကြောင်းတရားလေးပါးတို့တွင်၊——

(၁) * ကဟူသောအကြောင်းကြောင့်ဖြစ်သောကမ္မဇ,ရုပ် တို့သည်၊ ကံ၏အဟုန်အရှိန်၊ ကုန်သည်နှင့်တပြိုင်နက်၊ မိမိတို့ သည်လည်း၊ပျက်စီးချုပ်ကွယ်ကြရလေကုန်၏။ ။

(၂) * စိတ်-ဟူသောအကြောင်းကြောင့်ဖြစ်သော စိတ္တဇ, ရုပ်တို့သည်၊ စိတ်ချုပ်ငြိမ်းသည်နှင့်တပြိုင်နက်၊ မိမိတို့သည်လည်း၊ ပျက်စီးချုပ်ကွယ်ကြရလေကုန်၏။ ။

(၃) * သိတဥတု, ဥဏ္ဍဥတု, ဟူသောအချမ်း-အပူကြောင့်ဖြစ်သောဥတုဇရုပ်တို့သည်လည်း၊ မိမိတို့အားထောပံ့ကျေးဇူးပြုသောဥတုအား, အရှိန်, ပျက်သည်နှင့်တပြိုင်နက်၊ မိမိတို့သည်လည်း၊ မူလအခြေမှ၊ အနေတမျိုး၊ ပြောင်းလွှဲးရပြန်ကုန်၏။ ။

(၄) * ကဗဋ္ဌိ ကာရာဟာရ-ဟူသော အကြောင်းကြောင့်ဖြစ်သော အာဟာရဇ, ရုပ်တို့သည်လည်း၊ မိမိတို့အား၊ ထောပံ့ကျေးဇူးပြုသော အာဟာရဓာတ်ဆီ, ဓာတ်စေး, ကုန်ခန်းရပ်စဲးသည်နှင့်တပြိုင်နက်၊ မိမိတို့သည်လည်း၊ မူလအခြေမှ၊ အနေတမျိုးပြောင်းလွှဲးရပြန်ကုန်၏။

ဤသို့လျှင်၊ ကံ, စိတ်, ဥတု, အာဟာရ-ဟူသော အကြောင်းတရား၊ လေးပါးတို့၏၊ ပေါင်းစုပြုပြင်၊ စီရင်နှိုင်သောအခိုက်အတန့်၌သာ၊ အသစ်အသစ်၊ ဖြစ်ပွါးပေါ်လာသော ရူပက္ခန္ဓာထိုက်သောရုပ်တရားတို့သည်၊ အကြောင်းကုန်သည်နှင့်တပြိုင်နက်၊ အကျိုးဖြစ်သောမိမိတို့သည်လည်း၊ ပျက်စီးချုပ်ငြိမ်း၊ ပျောက်ကွယ်ကြရကား။ (၁)ဤရူပက္ခန္ဓာထိုက်သော ရုပ်တရားသည်၊ အစိတ်-အစိတ်အားဖြင့်သော်ငင်း၊ တပေါင်းတခဲးတည်း အားဖြင့်သော်ငင်း၊ အရှည်စွဲးတို့၊ မြဲးမြံတည်တံ့၊ ခိုင်ခံ့သောအနှစ်မပါ၊ အကာအတိမျှသာဖြစ်၏။ ။

ဆိုဦးအံ့၊ ။ဤအရာ၌ (သာရ=အနှစ်) ဟူသောစကား။ (ဖေဂ္ဂု=အကာ)ဟူသောစကား၊ ၂ မျိုးတို့တွင်၊ မြဲးမြံခိုင်ခံ့သောအရာကို၊ (သာရ=အနှစ်)ဟူ၍ ခေါ်ဆို၏။ ။ဖရိ-ဖရဲး၊ ပြိုကွဲးပျက်စီးလွယ်သောအရာကို၊ (ဖေဂ္ဂု=အနှစ်မပါ-အကာ)ဟူ၍ ခေါ်ဆို၏။ ။အဇ်ကြိုရ်ပါဋိတော်၊ စတုက္ကနိပါဏ်၊ ဓလာဟကဝဂ်-အဌမသုတ်၌၊ (အနှစ်=အကာ)ဟူသောစကားအရနှင့်စပ်လျဉ်း၍၊ သစ်မင်လေးမျိုးကို(ဥပမာ)ပြ၍၊ လူပုဂ္ဂိုလ်တို့၌လည်း၊

(အနှစ်=အကာ)ရှိပုံကို၊ လွှေးမျိုးခွဲးခြားရှိ့ဟောတော်မူ၏။ ။

ဟောဟန်ကား။ ။

(၁) * ဖေဂ္ဂု ဖေဂ္ဂု ပရိဝါရော၊ — မိမိအကာရှိသည်ဖြစ်၍၊ အကာရှိသောသစ်ပင်လျှင်အခြံအရံရှိသောသစ်ပင်တမျိုး။ ။

(၂) * ဖေဂ္ဂု သာရ ပရိဝါရော၊ — မိမိ အကာရှိသည်ဖြစ်၍၊ အနှစ်ရှိသောသစ်ပင်လျှင်အခြံအရံရှိသောသစ်ပင်တမျိုး။ ။

(၃) * သာရော ဖေဂ္ဂု ပရိဝါရော၊ — မိမိ အနှစ်ရှိသည်ဖြစ်၍၊ အကာရှိသောသစ်ပင်လျှင်အခြံအရံရှိသောသစ်ပင်တမျိုး။ ။

(၄) * သာရောသာရ ပရိဝါရော၊ — မိမိ အနှစ်ရှိသည် ဖြစ်၍၊ အနှစ်ရှိသော သစ်ပင်လျှင် အခြံ အရံ ရှိသောသစ်ပင်တမျိုး။ ။

ဤသစ်ပင်လေးမျိုး(ဥပမာ)ကိုကြည့်ရှုရှိ့၊ (ဥပမေယျ)ဖြစ်သော လူပုဂ္ဂိုလ်တို့၌လည်း၊ ဒုသီလပုဂ္ဂိုလ်တို့၏ ပါပမွေသည်၊ (အကာ)မည်၏။ ။သုသီလပုဂ္ဂိုလ်တို့၏ ကလျာဏမွေသည်၊ (အနှစ်)မည်၏-ဟူ၍ ဟောတော်မူ၏။ ။

အချိုသောအရာ၌၊ သိဋ္ဌည်း,အာဇီဝက်,တက္ကတွန်း,ပရိဗိုဇ်တို့၏အယူဝါဒသည်၊(အနှစ်)မပါ၊အကာအတိမျှသာဖြစ်၏။ ။ မြတ်စွာဘုရားရှင်၏အယူဝါဒသည်သာလျှင်၊အကာ-ပယ်ပစ်၊ (အနှစ်)ရှိ၏ ဟူ၍၊ အရှင်သာရိပုတြာ၊ အရှင်မဟာမောဂ္ဂလာန်ထေရ်တို့အား၊(မွေပဒပါဠိတော်)၌၊ဟောတော်မူ၏။ ။

ဟောဟန်ကား။ ။

(၁) အသာရေ သာရမတိနော၊သာရေစာ.သာရဒဿိနော၊ တေ သာရံ နာ.ဓိဂစ္ဆတိ၊မိစ္ဆာသင်္ကပ္ပံဂေါစရာ။ ။

(၁) ယေ၊အကြင်ပုဂ္ဂိုလ်တို့သည်။ အသာရေ၊ သံသရာဝယ်၊ မှီရာစင်စစ်၊ အနှစ်မပါ၊ အကာ-အတိဖြစ်

သေတိတ္ထိတို့ဏ်တရားဒွါ၊သာဂရမတိနော၊သံသရာဝယ်၊ မှိရာစင်စစ်၊အနှစ်သာရ-ဂှိုဏ်ဟု၊အယူဂှိုကြကုန်ဏ်း။သဓာ ရေစ၊စ-လယ်-အဆုံး၊ ပေါင်းရုံးသုံးဖြာ၊ အကာ-ပယ် ပစ်၊ အနှစ် ဖြစ်သော သူတော်ကောင်းတို့ဏ် တရားဒွါ သည်း။ အသာဂရဒသိနော၊ သံသရာဝယ်၊မှိရာစင်စစ်၊ အနှစ်မပါ၊အကာ-ရစ်ဖုံး၊အသုံးမကျဟုသာ၊အယူဂှိုကြကုန်ဏ်း၊မိန္ဓာသက်ပွဂေါစရာ၊မိန္ဓာထူပြော၊လူသဘော ဖြင့်၊ လခဘ်ပေါဘို့ရန်၊ ပြုစိမ်၍၊ အကြိုဟုတ်မာ၊မိန္ဓာ ပိတက်ဏ်း၊ကျက်စားရာဖြစ်ကုန်သော၊တော၊ထိုလောက-ဓမ္မ၊နှစ်ဝ-ရေးရာ၊ အလိမ္မာနှင့်၊ ပညာနည်းပါး၊ အဇိုက် သားတို့သည်၊သာရံ၊ကဲ့ဟ်ယ,ဝစီ၊မနောမှိ၍၊သုံးလိဉ်ဖျ၊ သိလ,သမာ၊ အစဖြာ၍၊ မှိရာစင်စစ်၊ အနှစ်ဖြစ်သော သူတော်ကောင်း တို့ဏ် တရားကို၊ နာမိဂန္ဓာတို့၊ အယူ မှောက်မှား၊စိတ်ဂေါက်ပြား၍၊ခံစားသိဂှိနွင့်ကို၊မရကြ လေကုန်။ ။

(၂) သာရဒ္ဓ သာရတော ဥတ္တာ၊အသာရဒ္ဓ အသာရတော၊ တေ သာရ.မဓိဂန္ဓာတို့၊သမ္မာသက်ပွဂေါစရာ၊ ။

(၂) ဟေ၊အကြင်သူတို့သည်၊သာရဒ္ဓ၊ကာယ,ဝစီ၊ မနော-မှိ၍၊ သုံးလိ ဉိဖျ၊ သိလ,သမာ၊ အစဖြာသည့်၊ သာသနာဝယ်၊ မှိရာစင်စစ်၊ အနှစ်ဖြစ်သော သူတော် ကောင်းတို့ဏ် တရားကိုလည်း။ သာရတော၊ သံသရာ ဝန်၊ဘဝညွှတ်မှ၊လွတ်ထွက်ဘို့ရန်၊အမှန်စင်စစ်၊အနှစ် အားဖြင့်။ အသာရဒ္ဓ၊ သံသရာဝယ်၊ မှိရာစင်စစ်၊အနှစ် မပါ၊အကာ-အတိဖြစ်သောတိဏ်ဆိုတို့ဏ်တရားကိုလည်း။ အသာရတော၊ သံသရာဝယ်၊ မှိရာစင်စစ်၊အနှစ်မပါ၊ အကာ-ရစ်ဖုံး၊အသုံးမကျသောအားဖြင့်၊ဥတ္တာ၊သုံးလူ ထိပ်မှန်၊ ဘုရားထံ၌၊ နည်းခံသင်ကြား၊ ပညာအားဖြင့်၊

ပိုင်းခြားတိတိ၊ ကောင်းစွာ သိရှိကုန်၍။ သမ္မာသက်ပ္ပ ဂေါစရာ၊သုံးလှုတ္တတ်ထား၊မြတ်ဘုရား၏၊ထံပါးနည်းခံ၊ အကြီကောင်းစွာ၊သမ္မာဝိတက်၏၊ကျက်စားရာဖြစ်ကုန် သော။ထေ၊ထိုလောက-ဓမ္မ၊နှစ်ဝ-ရေးရာ၊ဟည-ပြွမ်း တီး၊အလိမ္မာကြီးကြကုန်သောသတ္ဂိသည်။သာရံ၊သံသ ရာဝန်၊ ဘဝညွတ်မှ၊ လွတ်ထွက်ဘို့ရန်၊ အမှန်စင်စစ်၊ အနှစ်ဖြစ်သောတရားကို၊ အဓိဂစ္ဆတီ၊ မဂ်ဥာဏ် ဖိုလ် ညှောက်၊ ကောင်းစွာပေါက်၍၊ မျက်မှောက်ထင်ထင်၊ သိမြင်ရရှိကြလေကုန်၏။ ။

၏အနတ္တလက္ခဏာသုတ္တန် ပါဠိတော်၌ မူကား။ ။(အသာ ရကဌေန အနတ္တာ)။ ။ဟူသော ပါဠိတော်နှင့် အညီ၊ ။ (၁)ရူပက္ခန္ဓာထိုက်သော ရုပ်တရားသည်၊ အနှစ်မပါ၊ အကာ-အတိမျှသာဖြစ်၏-ဟူ၍၊ ပဉ္စဝဂ္ဂိရဟန်း ငါးဦးတို့အား၊ ဟော တော်မူ၏။ ။ဟောဟန်ကား။

(၁-က) ရူပံ ဘိက္ခဝေ အနတ္တာ။ ။ဟူသည်တည်း။ ။ (အနက်-ဆိုခဲ့ပြီးပြီ)။ ။

၏မျှသောသဒ္ဒါအစဉ်ဖြင့်၊
အနတ္တ-သဒ္ဒါ၏၊ပဌမအနက်၊
အဓိပ္ပါယ်ပြခဏ်းပြီး၏။

ဒုတိယနည်း။

(၂) (ဒု) * (အနတ္တာ)အစိုးရသောတရားမျိုး မဟုတ်ခဲ့ ချေ။ ။ဟူသော (ဒုတိယ) အနက်သည်၊ (အနိဿရဌေန အ နတ္တာ)ဟူသောပါဠိတော်နှင့်ညီ၏။ ။

တတိယနည်း။

(၃) (တ) * (အနတ္တာ)အထိုသို့ ထိုက်သော တရားမျိုး မဟုတ်ခဲ့ချေ။ ။ဟူသော(တတိယ)အနက်သည်၊(အဝသဝတ္တ နဌေန အနတ္တာ)ဟူသောပါဠိတော်နှင့်ညီ၏။ ။

၁၄ အနတ္တလက္ခဏာပွင့်အကျယ်လက်စွဲးကျင်း။

ပါဠိဘာသာမှ၊မြန်မာဘာသာပြန်ဆိုပြခက်း။

(၂-၃-၃-တ၊) အိုဒိ...ငါဏ်ချစ်သား၊ရဟန်းများတို့။ ။ကံ, စိတ်,ဥတု,အာဟာရ-ဟူသော အကြောင်းတရား၊ လေးပါးတို့သည်၊ ပေါင်းစုပြုပြင်၊ စိရင်မှကြောင့်၊ အသစ်အသစ်၊ဖြစ်ပေါ်လာသော၊ (၁)ဤရူပဇဉ်နာထိုက်သော ရုပ်တရားကို၊ လူမင်း-နတ်မင်း၊ ဗြဟ္မာမင်းနှင့်၊ သနင်းများစွာ၊ မင်းတကာတို့သည်၊ ခြင်းရာဤထိုး၊ဤနည်းဆိုး၍.၊ဤထိုတစေ၊ဤအနေသာ၊ ဖြစ်စေပါဟု၊ အသုဏာလွှစ်းဖိုး၊ဘုန်းတန်းခိုးဖြင့်၊အစိုးတရိုင်သပြုပြင်၊ စိရင်ခြင်းငှါ၊ ဖြစ်စကောင်းသောတရားမျိုးမဟုတ်ခဲ့ချေတကား ဟု၊ဟောကြားတော်မူ၏။ ။

ထိုစကား၌၊ ထင်ရှားသော(ဥပမာ)ကား၊ ဤသို့တည်း။ ။ ဤလောက၌၊ စကြဝဠတေးမင်း၏ ဘုန်းကံကြောင့်၊ အသုံးခံဖြစ်ပေါ်လာသော၊လောကီစကြာရတနာသည်၊ လောကတွင်း၌၊မျက်မြင်အားဖြင့်ထင်ရှားရှိ၏။ ။စကြဝဠတေးမင်းကြီးသည်၊ ထိုစကြာရတနာကို၊ အစိုးတရ၊ ပိုင်သပြုပြင်၊စိရင်နိုင်၏။ ။ ဒိဗ္ဗစက္ခုဉာဏ်အထိုအားဖြင့်၊သွားထိုရာရာ၊အရပ်သို့သွားရောက်နိုင်၏။ ။ ရပ်တည်ထိုသော်အရပ်၌၊ရပ်တည်နိုင်၏။ ။ထိုစကြာရတနာဖြင့်၊ လေးကျွန်းပတ်ဒသည်၊ သမ္မုတိနတ်၊စက္ကဝတ်မင်းမြတ်ဟူသော-ဘွဲ့တံဆိပ်ကို၊ခတ်နှိပ်ခံယူ၏။ ။ထိုစကြဝဠတေးမင်းကြီး၏၊ ကုသိုလ်ကံအဟုန်၊မကုန်မခြင်း၊ဝင်းဝင်းစက်စက်၊တသက်လက်ဖြင့်၊ မပျက်မပြို၊မယိုမယိမ်း၊မတိမ်းမစောင်း၊ကောင်းစွာကြီခိုင်၊ တည်နေနိုင်၏။ ။ဤသို့အားဖြင့်၊ စက္ကဝတ်မင်းမြတ်သည်၊စကြာရတနာကိုအသိုးရ၏၊ပြုပြင်နိုင်၏၊စိရင်နိုင်၏။ ။ အဝိညာဏကဖြစ်သောစကြာရတနာသည်၊စကြဝဠတေးမင်း၏အလိုသို့၊မငြိုမ့ငြင်လိုက်ပါရ၏။ ။

အိုဒိ...ငါဏ်ချစ်သား၊ ရဟန်းများတို့။ ။ဤနည်းအတူ၊ ကံ, စိတ်,ဥတု,အာဟာရ-ဟူသော အကြောင်းတရား၊ လေးပါးတို့

သည်၊ ပေါင်းစုပြုပြင်၊ စိရင်မှုကြောင့်၊အသစ်အသစ်၊ဖြစ်ပေါ်လာသော(၁)ဤရူပကျဒုနာထိုက်သောရုပ်တရားကို၊လူမင်း,နတ်မင်း၊ဗြဟ္မာမင်းနှင့်၊သနင်းများစွာ၊မင်းတကာထိုတွင်၊မည်သည့်မင်းတပါးမှ၊ အစိုးတရ၊ ပိုင်သပြုပြင်၊ စိရင်နှိုင်သောသဘောမရှိချေ။ ။မည်သူတဦးတယောက်၏နောက်သို့မှုလည်း၊ထိုက်ပါသည်ဟူ၍မရှိချေ။ ။အကြောင်းတရား၊လေးပါးတို့မှတပါး၊ မည်သည့်အကြောင်းတရား၊ တပါးပါးကြောင့်မှု၊ဖြစ်ပေါ်လာသည်ဟူ၍ မရှိချေ။ ။ထိုအကြောင်းတရား၊ လေးပါးတို့၏၊ ကုန်ဆုံးပျောက်ပျက်သည်နှင့် တပြိုင်နက်၊ မိမိတို့သည်လည်း၊ မူလအခြေမှ၊အနေတမျိုး၊ပြောင်းလွှဲးပျက်စီးကြရကုန်၏။ ။

ဤအရာ၌၊ (အစိုးရသည်ဟူသော စကား၊ (အထိုသို့ထိုက်သည်)ဟူသောစကားနှစ်ရပ်ကို၊ပေါင်းစပ်၍ပြရန်၊(သဂါထာဝဂ္ဂ၊ဒေဝတာသံယုတ်ပါဠိတော်)၌၊နတ်သားတဦးမေးလျှောက်၍၊မြတ်စွာဘုရားရှင်၊ဖြေပုံနည်းကား၊ဤသို့တည်း။ ။

{နတ်သား၏မေးခွန်းပုစ္ဆာ}။

(၁) ကိံသု ဇူသရိယံ လောကေ။ ။

(၁) ဘန္တေ၊ မြတ်စွာဘုရား။ လောကေ၊ လောကကြီးထဲး၌။ ဇူသရိယံ၊အာဏာလွှမ်းမိုး၊အစိုးရသည်=ဟူသောအဖြစ်သည်။ ကိံသု၊ဘယ်နည်း၊ဘယ်ပုံ၊ဘယ်သို့တုံပါနည်းဘုရား။ ။

{မြတ်စွာဘုရားရှင်၏၊အဖြေဝိဿဇ္ဇနာ}။

(၂) ဝသော ဇူသရိယံ လောကေ။ ။

(၂) ဒေဝပုတ္တ၊အို...နတ်သား။လောကေ၊လောကကြီးထဲး၌။ ဝသော၊မိမိ၏အလိုသည်။ ဇူသရိယံ၊ အာဏာလွှမ်းမိုး၊အစိုးရသည်မည်၏။ ။

ဤသို့ဟောကြားဖြေဆိုအပ်သော ဒေသနာတော်အရဖြင့်၊ ဤလောက၌၊ တစုံတယောက်သောသူသည်၊ တစုံတခုသော

အရာဝတ္ထုကို၊အစိုးရသည်=ဟုဆိုလျှင်၊ထိုအစိုးရသောသူ၏အထိုသို့၊ မငြိုမငြင် ထိုက်ပါသော အရာဝတ္ထု သဘောသည်လည်း၊ဂ္ဂိရစမြဲးဖြစ်၏။ ။စက္ကဝတ်မင်းမြတ်သည်၊စကြာရတနာကိုအစိုးရ၏။ စကြာရတနာသည်၊စက္ကဝတ်မင်းမြတ်၏အထိုသို့ထိုက်ပါ၏။ ။ဤသို့အားဖြင့်(အစိုးရသည်)ဟူသောစကားသည်၊ (မိမိပိုင်ဆိုင်ခြင်း)ဟူသောသဘောရင်းပင်ဖြစ်၍၊ ပိုင်ဆိုင်အုပ်ချုပ်ခြင်းခံရသော သဘောသည်လည်း၊ ဂ္ဂိသင့်ရာ၏။ ထို့ကြောင့်(အစိုးရသည်)ဟူသောစကားကိုဆိုလျှင်၊ (အထိုသို့ထိုက်သော အရာဝတ္ထု ဂ္ဂိ၏)ဟု-တိုင်အောင်သော စကားကို၊ ထည့်သွင်းပြောဆိုနိုင်မှသာလျှင်၊ အဓိပ္ပါယ်-ဆုံးခန်းတိုင်ရော်၊ ပြီးဖြောက်ပြည့်စုံရာ၏။ ။ဤသို့ဖြစ်၍၊ (၁)ဤရူပက္ခန္ဓာထိုက်သောရုပ်တရားကို၊မည်သူအစိုရသနည်း၊ ။(၁)ဤရူပက္ခန္ဓာထိုက်သောရုပ်တရားသည်၊မည်သူ၏အထိုသို့ထိုက်ပါသနည်း-ဟုဆင်ခြင်လတ်သော်၊ (၁)ဤရူပက္ခန္ဓာထိုက်သော ရုပ်တရားကို၊မည်သူမှအစိုးမရ၊တန်းခိုးပြ၍လည်းမနိုင်၊ပိုင်ဆိုင်သူလည်း၊ မဂ္ဂိဖြစ်၏။ ။တစုံတယောက်သောသူ၏၊ပြုပြင်စီမံရာ၊ထိုရာ-ထိုရပ်သို့၊ ထိုက်ပါတတ်သောသဘောလည်း မဂ္ဂိဖြစ်၏-ဟူ၍၊ ပဋ္ဌဝဂ္ဂိရဟန်းငါးဦးတို့အား ဟောတော်မူ၏။ ။

ဟောဟန်ကား။ ။

(၁-က) ရူပံ ဘိက္ခဝေ အနတ္တာ။ ။ဟူသည်တည်း။ ။ (အနက်ဆိုခဲ့ပြီးပြီ)။ ။

ဤမျှသောစကားအစဉ်ဖြင့်၊
အနတ္တ-သဒ္ဒါ၏၊ဒုတိယ-တတိယ-အနက်၊
အဓိပ္ပါယ်အကျဉ်းပြခဏ်းပြီး၏။

ဤယခုအခါ၌၊ ရူပက္ခန္ဓာ
ထိုက်သောရူပဝိတရေားတို့၊ အနတ္တအဖြစ်ကို
ပြဆိုအပ်ခဲ့ပြီ။ ။ထိုသို့ပြဆိုရာ၊ဥပဂိုပဏ္ဍာသပါဠိတော်၊
သဋ္ဌာယတနဝဂ်၊ဆဆက္ကသုတ္တန်၌၊အနိစ္စတို့၏အစွမ်းဖြင့်၊အနတ္တ
အဖြစ်ကိုပြဆိုတော်မူ၏။ ။ခန္ဓသုံယုတ်၊ခန္ဓနိယဝဂ်
သုတ္တန်၌၊အနိစ္စာဒိကွဲ့ပြားစုံပါးစုံ၏အစွမ်းဖြင့်၊အနတ္တ
အဖြစ်ကိုပြဆိုတော်မူ၏၊ ။ဤအနတ္တ
လက္ခဏာသုတ္တန်ဒေသနာ၌ကား၊
ဒုက္ခ၏အဖြစ်ကို၊စိစစ်
ဖော်ပြလျက်၊အနတ္တမည်ပုံကို၊ပြည့်စုံ
ထင်ရှားစွာပြခြင်းအာဒေါ်၊ဤဆိုလတ္တံ့သော
ဒေသနာအစဉ်ကို၊(သင်္ဂါဟနာ)တင်တော်မူကြကုန်၏။

(အနတ္တလက္ခဏာသုတ်ပါဠိတော်)။

(၁-ခ) ရူပဉ္စဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿာ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေထယျ။လဉ္စေထစ ရူပေ၊ ဇံ ဓမ ရူပံ ဟောတု၊ ဇံ ဓမ ရူပံ မာ အဟောသိတိ။ ယသ္မာစ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာ ဗာဓာယ သံဝတ္တတိ။ နစ လဗ္ဘတိ ရူပေ၊ ဇံ ဓမ ရူပံ ဟောတု၊ဇံ ဓမ ရူပံ မာ အဟောသိတိ။ ။

(အနတ္တလက္ခဏာသုတ်နိဿယ)။

(၁-ခ) ဘိက္ခဝေ၊အို.း.ငါ၏ချစ်သား၊ရဟန်းများတို့။ ။ ဟိသစ္စံ၊ထိုစကားသည်မှန်၏။ဇာဒန္တရူပံ၊ဤရူပက္ခန္ဓာထိုက်သော ရုပ်တရားသည်။

(၁) (၁) အတ္တာ၊ အနှစ်ရှိသောတရားမျိုးသည်။
(၂) (၃) အတ္တာ၊ အစိုးရသော်တရားမျိုးသည်။
(၃) (တ) အတ္တာ၊ အလိုသို့ထိုက်သောတရားမျိုးသည်၊

အဘစိသာ၊အကုယ်စင်စစ်၊ဖြစ်ခဲ့ဘိမူကား။အာဗာဓာယ၊ စိတ်ကိုမွေ့နှောက်၊ ချောက်ချားနှိပ်စက်ခြင်းငှါ။ နသံဝတ္တေယျ၊ မဖြစ်တန်ရာချေ။ မေ၊ငါ၏(အကျွန်ုပ်၏)။ ရူပံ၊ ရူပက္ခန္ဓာထိုက် သောရုပ်တရားသည်။ ဇဝံ၊ဤသို့အနှစ်ရှိခြင်း,အစိုးရခြင်း,အထိ သို့ထိုက်ခြင်း-အစရှိသောသဘောသည်။ဟောတု၊ဖြစ်ပါစေသ တည်း။(ဖြစ်ပါစေသော်)။ မေ၊ငါ၏(အကျွန်ုပ်၏)။ရူပံ၊ရူပက္ခန္ဓာ ထိုက်သောရုပ်တရားသည်။ ဇဝံ၊ ဤသို့အနှစ်မရှိခြင်း, အစိုးမရ ခြင်း, အထိသို့မထိုက်ခြင်း-အစရှိသော သဘောသည်။ မာအ ဟောသိ၊မဖြစ်ပါစေလင့်။ ဇုတိ၊ ဤသို့ဝိုင်းခြား၊ စိတ်အထိုအား ဖြင့်။ ရူပေ၊ရူပက္ခန္ဓာထိုက်သောရုပ်တရား၌။ လဇ္ဘေထစ-လဇ္ဘေ ထဇဝ၊ တောင့်တလေတိုင်း၊မဆိုင် မတွ၊ရစကောင်း-ရာသည် သာလျှင်ကတည်း။

ဘိက္ခဝေ၊ အို...ငါ၏ချစ်သား၊ရဟန်းများတို့။ ၊ယသ္မာစ ခေါ၊ အကြင်အနှစ်မရှိခြင်း,အစိုးမရခြင်း,အထိသို့မထိုက်ခြင်း- အစရှိသောသဘောကြောင့်သာလျှင်။ရူပံ၊ရူပက္ခန္ဓာထိုက်သော ရုပ်တရားသည်။——————————————

(၁) (ပ) အနတ္တာ၊အနှစ်ရှိသောတရားမျိုးမဟုတ်ခဲ့ချေ။
(၂) (ဒု) အနတ္တာ၊အစိုးရသောတရားမျိုးမဟုတ်ခဲ့ချေ။
(၃) (တ) အနတ္တာ၊အထိသို့ထိုက်သောတရားမျိုးမဟုတ်ခဲ့ချေ။

တသ္မာ၊ ထိသို့အနှစ်မရှိခြင်း, အစိုးမရခြင်း, အထိသို့မထိုက် ခြင်း-အစရှိသောသဘောကြောင့်သာလျှင်။ရူပံ၊ရူပက္ခန္ဓာထိုက် သောရုပ်တရားသည်။အာဗာဓာယ၊စိတ်ကိုမွေ့နှောက်၊ချောက် ချားနှိပ်စက်ခြင်းငှါ။ သံဝတ္တတိ၊ကေန်စင်စစ်၊ဖြစ်ပေါ်လာချေ၏ တကား။ မေ၊ငါ၏ (အကျွန်ုပ်၏)။ ရူပံ၊ရူပက္ခန္ဓာထိုက်သောရုပ် တရားသည်။ ဇဝံ၊ ဤသို့အနှစ်ရှိခြင်း,အစိုးရခြင်း,အထိသို့ထိုက် ခြင်း-အစရှိသောသဘောသည်။ဟောတု၊ဖြစ်ပါစေသတည်း။ (ဖြစ်ပါစေသော်)။ မေ၊ငါ၏(အကျွန်ုပ်၏)။ ရူပံ၊ ရူပက္ခန္ဓာထိုက် သောရုပ်တရားသည်။ ဇဝံ၊ ဤသို့အနှစ်မရှိခြင်း, အစိုးမရခြင်း,

အထိုသို့မထိုက်ခြင်း-အစဉ်သောသဘောသည်။မာအဟောသိ၊ မဖြစ်ပါစေသင့်။ ဋ္ဌတိ၊ဤသို့ဗိုင်းခြား၊စိတ်အထိုအားဖြင့်၊ရူပေ၊ ရူပက္ခန္ဓာထိုက်သော ရုပ်တရားခ်။ နံစလဋ္ဌတိ၊ တောင့်တလေ တိုင်း၊မဆိုင်းမတွ၊မရအပ်သည်သာလျှင်ကတည်း။ ။

————)

ပါဠိဘာသာမှ၊မြန်မာဘာသာပြန်ဆိုပြခဏ်း။

(၁-ခ) အို.....ငါ၏ချစ်သား၊ရဟန်းများတို့။ ။ဆိုပြီး စကား၊မမှားဧကန်၊စင်စစ်မှန့်၏။ ။(၁)ဤရူပက္ခန္ဓာထိုက်သော ရုပ်တရားသည်၊သင်ချစ်သားတို့ထင်မြင်ချက်အတိုင်း၊(၁)အနှစ် ဂိုသည်၊ (၂)အစိုးရသည်၊ (၃)အထိုသို့ထိုက်သည်၊ အကယ် စင်စစ်၊ဖြစ်ခဲ့ဘိမူကား။(ဤသို့ဖြစ်သည်ဂိုသော်)(၁)ဤရူပက္ခန္ဓာ ထိုက်သောရုပ်တရားသည်၊သင်ချစ်သားတို့၏စိတ်ကိုမွေ့နှော်၊ ချောက်ချားနှိပ်စက်ခြင်းငှါ မဖြစ်တန်ရာချေ။ ။

အဘယ်သို့သာလျှင်၊ဖြစ်ရာသနည်း ဟူမူကား။ ။——

(က) သင်ချစ်သားတို့၏၊ စိတ်အထိုဆန္ဒဂိုသည့် အတိုင်း သာလျှင်ဖြစ်ရာ၏။ ။

(ခ) သင်ချစ်သားတို့၏၊ စိတ်အထိုဆန္ဒဂိုသည့် အတိုင်း မဖြစ်စေချင်သောအရာသည်၊မဖြစ်ပေါ်လာဘဲးသာဂိ၏။

ဤသို့အားဖြင့်၊သင်ချစ်သားတို့၏၊စိတ်ကိုပင့်မြှောင်း၊ကြီတိုင်း ပေါက်၍၊ပြီးမြောက်လွယ်ကူသည်သာလျှင်ဖြစ်ရာ၏။ ။

ဤယခုအခါ၌၊အဘယ်အနေမျိုးဖြစ်၍နေသနည်းဟူမူကား၊ ဤယခုအခါ၌မူကား။ ။(၁)ဤရူပက္ခန္ဓာထိုက်သောရုပ် တရားသည်၊ နေစက်၌ဆိုခဲ့ပြီးသောစကားအတိုင်း၊ (၁)အနှစ် မဂိုခြင်း၊ (၂)အစိုးမရခြင်း၊ (၃)အထိုသို့မထိုက်ခြင်း သဘော ကြောင့်သာလျှင်။————

(က) သင်ချစ်သားတို့၏၊ စိတ်အလိုဆန္ဒဂ္ဂိသည့် အတိုင်း၊ ဖြစ်စေလိုသောအရာသည်၊မဖြစ်ဘဲးရှိနေ၏။ ။

(ခ) သင်ချစ်သားတို့၏၊ စိတ်အလိုဆန္ဒဂ္ဂိသည့် အတိုင်း၊ မဖြစ်စေချင်သောအရာသည်၊ တားဆီး၍မရ၊ ဖြစ်ပေါ်လာရ၏။ ။ဤမျှဖြင့်ပင်၊စိတ်၏ထင်မြင်ချက်အတိုင်း၊မမှန်ဘဲးဖြစ်၍နေချေပြီတကား။ ။

ထိုစကား၌၊ထင်ရှားသော(ဥပမာ)ကား၊ဤသို့တည်း။ ။

ဤလောက၌၊ရွှေပန်းထိမ်သည် ဆရာတယောသည်၊တနေ့သ၌၊ ရွှေတုံး-ရွှေခဲးတခုကို ရ၍၊ ထိုရွှေကို မျက်မြင်အားဖြင့်၊ ရွှေကောင်း-ရွှေမှန်-အတိုးတန်သော လက်ဝတ်တန်ဆာပြုလုပ်ရန်-သင့်လျော်၏ဟု၊ စွဲလမ်း,မာန်တက်,၊ထင်မြင်ချက်ရောက်၍နေလေ၏။ ။ထိုအခါ၊ထိုရွှေကို၊ မိမိစိတ်အလိုအတိုင်း၊လက်ဝတ်တန်ဆာပြုလုပ်ရန်၊ (ပေအံ)အပေါ်သို့ တင်၍၊ (တူ)ဖြင့် ထု-ရိုက်-စမ်းသပ်ကြည့်ရှုရာ၊ ထိုရွှေ၌၊ အညစ် အကြေး၊ ချေးညှော်များစွာရှိ၍၊ ထုရိုက်တိုင်း၊ထုရိုက်တိုင်း၊(မာကျော)၍နေခြင်း၊ (ကွဲးအက်)၍နေခြင်းစသည်ဖြင့်ဖြစ်ခဲ့လျှင်၊ ထိုရွှေသည်၊ ရွှေပန်းထိမ်သည် ဆရာ၏၊ အလိုသို့မလိုက်သော ရွှေတုံး-ရွှေခဲးမည်၏။ ။ရွှေပန်းထိမ်သည်ဆရာ၊ အစိုးတရ၊ မပြုပြင်၊မစီမံနိုင်သောရွှေမည်၏။ ။ရွှေပန်းထိမ်သည်ဆရာ၏၊စိတ်ကို မွေ့နှောက်၊ချောက်ချားနှိပ်စက်သောရွှေတုံး-ရွှေခဲးမည်၏။ ။

အို.....ငါ၏ချစ်သား၊ရဟန်းများတို့။ ။ဤနည်းအတူ၊ ဤလောကုတ္တရာဘုက် ဆိုင်ရာ၌လည်း၊ သမ္မာဒိဋ္ဌိမဂ္ဂင်၊ ဥစ္စာအမြင်ကင်းမဲ့၍နေသောသူသည်၊(၁)ဤရူပက္ခန္ဓာထိုက်သောရုပ်တရားကို၊(၁)ခိုင်မာသောအနှစ်သဘောရှိ၍မပျက်စီးနိုင်ဟု အယူရှိ၏။ ။(၂)အစိုးတရ၊ပိုင်သပြုပြင်စီမံနိုင်စကောင်းသောသဘောရှိ၍၊ မပျက်စီးနိုင်ဟု အယူရှိ၏။ ။(၃)အလိုသို့လိုက်သောသဘောရှိ၍ မပျက်စီးနိုင်ဟု အယူရှိ၏။ ။

ထိုအခါ၊မိမိတို့၏ထင်မြင်ချက်အတိုင်း။ ——————

(၀) * အနှစ်ရှိသည်၊မရှိသည်ကိုသိနှိုင်ရန်ငင်း။
(၂) * အစိုးတရ၊ရှိသည်၊မရှိသည်ကိုသိနှိုင်ရန်ငင်း။
(၃) * အထိုသို့ထိုက်သည်၊မထိုက်သည်ကိုသိနှိုင်ရန်ငင်း။

(၁) ဤရှုပက္ခန္ဓာထိုက်သော ရုပ်တရားဏ်၊ လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်,တို့ကို၊အမှန်နေရာတကျစီစစ်၍၊လက္ခဏာ ရွေးသုံးတန်တို့ဖြင့်၊ အဖန်ဖန်သုံးသင်၍ ကြည့်ရှုလတ်သော်၊ (ကြည့်ရှုတိုင်း)(ကြည့်ရှုတိုင်း)၊မိမိဖြစ်ပေါ်လာသောပဋိသန္ဓေ စိတ်၏၊ ဥပါန်အချိန်ကစ၍၊ ဤဆင်ခြင်၍နေသော အခါတိုင် အောင်၊ တရဲသောရုပ်တရားဌမှသော်လည်း၊ (ဥပါန်-ဌ-ဘင်) ဟူသောသဘောမှတပါး၊ အခြားဖြစ်သော(၁)အနှစ်သဘော၊ (၂)အစိုးရသောသဘော၊ (၃)အထိုသို့ထိုက်သောသဘောကို၊ မတွေ့မမြင်ရဘဲး၊(ဥပါန်-ဌ-ဘင်)ဟူသောခဏတ္တယတို့တွင်၊ အစဉ်မပြတ်၊ ထပ်ခါထပ်ခါ၊ အသစ်အသစ်၊ ဖြစ်ပေါ်လာခြင်း ဟူသော(ဥပါန်)သဘော။ ။ပျက်ဘို့ရာ, ရှေ့ရှုတည်နေသော (ဌ)သဘော။ ။ပျက်၍ ပျက်၍ နေသော(ဘင်)သဘောတို့ သည်သာ၊ ထင်မြင်လာသဖြင့်၊ (၁)ဤရှုပက္ခန္ဓာထိုက်သော ရုပ်တရားသည်။

(၁) * ခိုင်မာသောအနှစ်မရှိသောတရားသဘောတည်း။
(၂) * အစိုးမရစကောင်းသောတရားသဘောတည်း။
(၃) * အထိုသို့မထိုက်သောတရားသဘောတည်း,ဟူ၍

ယထာဘူတဥာဏ်၊ ဖြစ်ပေါ်လာသည်မှစ၍၊ ဥာဏ်ဆယ် ပါးအဆုံးတိုင်အောင်၊ဖြစ်မြောက်ရာ၏။ ။

ဤပြဆိုအပ်ခဲ့ပြီးသော စံကားအစဉ်ဖြင့်ပင်၊(ရှုပံ ဘိက္ခဝေ အနတ္တာ)ဟူသောဒေသနာအရ၊ရှုပ္ပက္ခန္ဓာထိုက်သောရုပ်တရား သည်၊ (အနတ္တ)သဒ္ဒါ၏ အနက်၊ သုံးမျိုး ထွက်သည့်အတိုင်း၊ မှန်ကန်ကြောင်းဝန်ခံရာ၏။ ။

ဤယခုအခါ၌၊ နောက်၌ ပြဆိုအပ်သော စကားအရ၊ ရုပ် တရား၏၊အနတ္တ,အဖြစ်ကို၊ထင်ရှားစေခြင်းငှါ၊ဤပစ္စုပ္ပန်ဘဝ၌၊

ရှေးဦးစွာ-အစ-ပဇ္ဇမ၊ လူသတ္တဝါဟု ဆိုအပ်သော ပဋိသန္ဓေစိတ်၏၊ ဥပါဒ်အချိန်နှင့်တချိန်တည်း၊ ပြိုင်၍ ဖြစ်ပေါ်လာသော၊ ကမ္မဇ-ကလာပ်သုံးစည်းတို့တွင်၊ (ကာယဒသက)ကလာပ်ဟု ခေါ်သော ရုပ်ပေါင်းဆယ်ခုတို့၏၊ တပေါင်းတည်း အစပြု၍၊ ဖြစ်ပေါ်လာပုံ၊တပြိုင်နှက်တည်းပျက်ပုံ၊အစဉ်ကိုပြဆိုပေအံ့။

ကာယဒသက-ကလာပ်စည်းဒ္ဓပါသော ရုပ်ဆယ်ခုတို့ဟူသည်၊အဘယ်သည်တို့နည်းဟူမူကား။

(၁)ကာယပသာဒရုပ်။(၂)ဇီဝိတရုပ်။(၃)ပထဝီရုပ်။(၄)အာပေါရုပ်။(၅)တေဇောရုပ်။(၆)ဝါယောရုပ်။(၇)ဝဏ္ဏရုပ်။(၈)ဂန္ဓရုပ်။(၉)ရသရုပ်။(၁၀)ဩဇရုပ်၊ ။ဤဆယ်ခုတို့သည်ပင်ဖြစ်ကုန်၏။ ။ထိုရုပ်ဆယ်ခုတို့၏၊ဝဇ္ဇခုစီ-တခုစီဖြစ်သောလက္ခဏာတို့ကို၊ရှင်းလင်းပြပေအံ့။ ။

(၁) * ကာယပသာဒရုပ် ဟူသည်ကား။ ကံကြောင့်ဖြစ်သောဘူတရုပ်တို့ကို၊ ဖေါဌဗ္ဗာရုံ ဟူ သော အရိပ် ထင်အောင်၊ ကြည်လင်ခြင်း သဘောရှိသောရုပ်ဓာတ်တမျိုးတည်း။ ။

(၂) * ဇီဝိတရုပ် ဟူသည်ကား။ ကံကြောင့်ဖြစ်သော ရုပ်တို့ကို၊ အရှည်စွဲး၍၊ အမြဲး တည်တံ့အောင်၊ စောင့်ရှောက်ခြင်း သဘောရှိသော ရုပ်ဓာတ်တမျိုးတည်း။ ။

(၃) * ပထဝီရုပ် ဟူသည့်ကား။ ခက်မာခြင်း သဘော ရှိသော ရုပ်ဓာတ်တမျိုးတည်း။ ။[မြေဓာတ်မျိုးပင်ဖြစ်၍၊မြေဓာတ်ဒ္ဓထင်ရှားရှိ၏]။

(၄) * အာပေါရုပ် ဟူသည်ကား။ ဖွဲစည်းခြင်းသဘောရှိသောရုပ်ဓါတ်တမျိုးတည်း။ ။[ရေဓာတ်မျိုးပင်ဖြစ်၍၊ရေဓာတ်ဒ္ဓထင်ရှားရှိ၏]။

(၅) * တစောရုပ် ဟူသည်ကား။ ရင့်ကျက်စေခြင်း သဘောရှိသော ရုပ်ဓာတ်တမျိုးတည်း။ ။[ဒီးဓာတ်မျိုးပင်ဖြစ်၍၊ ဒီးဓါတ်၌ထင်ရှားရှိ၏]။

(၆) * ဝါယောရုပ် ဟူသည်ကား။ တွန်းခြင်း၊ လှုပ်လှက်ခြင်း သဘောရှိသောရုပ်ဓာတ်တမျိုးပင်တည်း။ ။ [လေဓာတ်မျိုး ပင်ဖြစ်၍၊ လေဓာတ်၌ထင်ရှားရှိ၏]။ ။

(၇) * ဝဏ္ဏရုပ် ဟူသည်ကား။ အဆင်း ရုပါရုံသဘောရှိသော ရုပ်ဓာတ်တမျိုးပင်တည်း။ ။

(၈) * ဂန္ဓရုပ် ဟူသည်ကား။ အနံ့သဘောရှိသောရုပ်ဓာတ်တမျိုးပင်တည်း။ ။

(၉) * ရသရုပ် ဟူသည်ကား။ အရသာသဘောရှိသော ရုပ်ဓာတ်တမျိုးပင်တည်း။ ။

(၁၀)* ဩဇာရုပ် ဟူသည်ကား။ အပွါး-အစိုး, ဖြစ်စေခြင်း သဘောရှိသောရုပ်ဓာတ်တမျိုးပင်တည်း။

၍သို့လျှင်၊ ဆယ်ပါးသောရုပ်တို့သည်၊ အသီး-အသီး၊ မိမိတို့၏ကိစ္စ,လက္ခဏာကိုဆောင်လျက်၊ တရတည်းသောအချိန်၌၊ ပဒိုသန္ဓေစိတ်နှင့်တပြိုင်နက်တည်းဖြစ်ပေါ်လာ၏။ ။ထိုရုပ်၏၊ ဖြစ်ပုံ-ဖြစ်စဉ်ကို၊ပဒိုစွသမုပ္ပါဒ်နည်းအရ၊ ဆိုရုံမှု။ ။(သင်္ဂါရပစ္စယာ ဝိညာဏံ၊ဝိညာဏပစ္စယာ နာမရူပံ)အစရှိသောဒေသနာအစဉ်အတိုင်းပင်ဖြစ်၏။ ။ပုဂ္ဂိုလ်-သတ္တဝါဖြစ်ပေါ်လာသည်မဟုတ်ချေ။ ။ကျယ်ဝန်းရှုကား၊အကျဉ်းချုံးအဓိ၏။ ။

ထိုစကားကို၊ထင်ရှားအောင်ခဲ့၍ဆိုဦးအံ့။ ။ထိုရုပ်ဆယ်ခုတို့တွင်။ ။(၁) * ကာယပသာဒရုပ်သည်၊ဘူတ်ရုပ်သုံးခုတို့၏ အပေါင်း ဖြစ် သော၊ အတွေ့ အထိ, ဟူသော ဖောဋ္ဌဗ္ဗာရုံ အရိပ်ထင်ဖောအောင်၊ ကြည်လင်စေမှု သဘောရှိ၊ဒိဋ္ဌိပြဓာန်း၏။ ။ကြည်လင်သန့်ရှင်း

သဘောမှန်၌၊ ရှေ၌၊အရိပ်ထင်သကဲ့သို့ ထင်စေမှုတည်း။ ။ထိုသို့ကြံဆည်လင်သောကာယဖဿဒိရုပ်မရှိသော ဆံပင်အဖျား၊ ခြေသည်းအဖျား၊ လက်သည်း အဖျား-စသော ထိုထိုအရပ်တို့၌၊ အတွေ့ အထိ, ပြုသော်လည်း၊ ကာယဝိညာဉ်စိတ် မဖြစ်နိုင်ချေ။ ။ကာယပသာဒရုပ်သည်၊ ကာယဝိညာဉ်စိတ်၏မှီရာ,တည်ရာတည်း။ ။

(၂) * ဇိဝှါရုပ်သည်။ကံကြောင့်ဖြစ်သောရသာဟာရ်တရုပ်တရားတို့ကို၊ မပျက်မစီးရအောင်၊စောင့်ရှောက်သဘော၌၊ မိမိပြုစာနိုး၏။ ။ရှေသည်၊ကြာပင်, ကြာပန်းတို့ကို့မည်သိုးမွှမ်းရအောင်၊စောင့်ရှောက်သကဲ့သို့ဖြစ်စေမှုတည်း။ ။ရှေမရှိလျှင်၊ကြာပင်, ကြာပန်း၊ ညှိုးနွမ်း ပျက်စီးသကဲ့သို့၊ ဇိဝှါတရုပ်မစောင့်ရှောက်နိုင်သောအခါ၊သေကြေပျက်စီးကြရ၏။ ။

(၃) * ပထဝီရုပ်သည်။ ခက်မာမှုသဘော၌၊ မိမိ ပြုစာနိုး၏။ ။မြေဓာတ်သည်၊ မိမိ၏ခက်မာမှုသဘောဖြင့်၊ အခြားသောဝဏ္ဏတို့၏မှီရာ,တည်ရာဖြစ်သကဲ့သို့၊ မိမိ၏အစွမ်းသတ္တိဖြင့်၊ သဟဇာတ်ဖြစ်သောကမ္မဇရုပ်တရားတို့ကို၊ ခက်မာစေမှု၊ တောင့်တင်းစေမှု ဟူသော အားအစွမ်းသတ္တိအကျအညီကိုပေးသကဲ့သို့ဖြစ်၏။ ။

(၄) * အာပေါရုပ်သည်။ ဖွဲ့စည်းမှုသဘော၌၊ မိမိပြုစာနိုး၏။ ။ရေဓာတ်သည်၊ တစုစိ-တဆစိဖြစ်သောသဲမှုန့် မြေမှုန့်တို့ကို၊ တပေါင်းတည်း၊ တလုံးတခဲးတည်းဖြစ်အောင်၊ ဖွဲ့စည်း,တွဲးစပ်၍ထားဘိသကဲ့သို့၊မိမိ၏အစွမ်းသတ္တိဖြင့်၊သဟဇာတ်

ဖြစ်သော ကမ္မဇရုပ်တရား အမှုန့်တို့သည်၊ ဖရိ ဖရဲး၊တစွဲးတခြား၊မဖြစ်မှု၍ ၊အချင်းချင်း့ဖွဲစည်း-တွဲးစပ်သကဲ့သို့ဖြစ်ကုန်၏။ ။

(၅) * တေဇောရုပ်သည်။ရင့်စေမှု-ကျက်စေမှုသဘောဒ္ဓ၊ မိမိပြဓာန်း၏။ ။မီးဓာတ်သည်၊ အခြားသော အရာဝတ္ထုတို့ကို၊ ကျက်စေမှု၊ နူးနပ်စေမှုပြုသကဲ့သို့၊ မိမိ၏ ဓာတ်ခိုး-ဓာတ်ငွေ အစွမ်းသတ္တိဖြင့်၊ သဟဇာတ်ဖြစ်သော ကမ္မဇရုပ် အမှုန့်တို့သည်၊ရင့်,ကျက်,မှည့်သကဲ့သို့ဖြစ်ကုန်၏။ ။

(၆) * ဝါယောရုပ်သည်။ ရွှေရှား စေမှု၊ လှုပ်လက်စေမှုသဘောဒ္ဓ၊ မိမိပြဓာန်း၏။ ။လေဓာတ်သည်၊ အခြားသော ဝတ္ထုတို့ကို၊ လှုပ်ရှားစေမှုပြုသကဲ့သို့၊မိမိ၏အစွမ်းသတ္တိဖြင့်၊သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တရားတို့သည်၊ရွှေရှားမှု-လှုပ်လက်မှုဖြစ်ကုန်၏။ ။

(၇) * ဝဏ္ဏရုပ်သည်။ အဆင်းရူပါရုံဖြစ်မှုသဘောဒ္ဓ၊ မိမိပြဓာန်း၏။ ။စက္ခုဝိညာဉ်စိတ်၏အာရုံဖြစ်မှုဒ္ဓထင်ရှား၏။ ။

(၈) * ဂန္ဓရုပ်သည်။အနုံ့ဖြစ်မှုသဘောဒ္ဓ၊မိမိပြဓာန်း၏။ ။ ဃာနဝိညာဉ်စိတ်၏အာရုံဖြစ်မှုဒ္ဓထင်ရှား၏။

(၉) * ရသရုပ်သည်။အရသာဖြစ်မှုသဘောဒ္ဓ၊ မိမိပြဓာန်း၏။ ။ဇိဝှါဝိညာဉ်စိတ်၏အာရုံဖြစ်မှုဒ္ဓ၊ထင်ရှား၏။ ။

(၁၀) * ဩဇရုပ်သည်။အပွါးအစီးဖြစ်စေမှု သဘောဒ္ဓ၊ မိမိပြဓာန်း၏။ ။စားအပ်မျိုအပ်သော(ကဗဠိကာရေဟာရ)ဒ္ဓ တည်နေ၏။ ။မိမိ၏ အားအစွမ်းသတ္တိဖြင့်၊အခြားတပါးသောရုပ်တရားတို့သည် ကြီးမားသန်စွမ်းထွားကြိုင်းခြင်းဖြစ်ကုန်၏။ ။

ဤသို့ ပြဆိုအပ်နှဲ့ပြီးသော ရုပ်ဆယ်ခုတို့တွင်၊ (၁)ကာယ ပသာဒရုပ်၊ (၂)ဇီဝိတရုပ်၊ ဤရုပ်- ၂-မျိုးသည်သာလျှင်၊ကံဟူ သော အကြောင်းကြောင့် ဖြစ်၍၊ ကမ္မဇရုပ် မည်၏။ ။ဤမှ တပါးသောကျန်ရုပ်ရှစ်ခုတို့သည်၊ ကံ,စိတ်,ဥတု, အာဟာရ- ဟူသော အကြောင်းတရား၊လေးပါးတို့ကြောင့်ဖြစ်ကုန်၏။ ။ ဤအရာ၌၊ ကံကြောင့်ဖြစ်သောအခိုက်အတန့်ကို ရည်၍၊ ကမ္မ ဇရုပ်ဟူ၍ပင်၊ ခေါ်ဆိုရ၏။ ။မည်သည့်အကြောင်းကြောင့် ဖြစ်သောရုပ်ဇာရားပင်ဖြစ်စေ၊ မိမိတို့၏၊ ခက်မာမှု,ဖွဲစည်းမှု- စသော မူလသဘောရင်းကို၊ မစွန့်လွှတ်ကြကုန်။ ။ထို မူလ သဘောရင်း၌၊မိမိသည်ပင်လျှင်၊ပြဓာန်း၏။ ။

ဤ(ကာယဒသက)ကလာပ်ခေါ်သော ရုပ်ပေါင်းဆယ်ခုကို ပင်၊ သင်္ဂြိုဟ်ကျမ်း၊ပကိဏ်းပိုင်း၊နွါရသင်္ဂဟ၌၊ကာယနွါရ,ဟု ခေါ်ဆို၍၊ ကာယဝိညာဉ်စိတ်နှစ်ခုလျှင် အမှူးရှိသော လေးဆဲ့ ခြောက်ခုသောစိတ်တို့၏၊ တည်ရာ,မှီရာ-နိဿယ ဖြစ်၏။ ။ ထိုလေးဆဲ့ခြောံခုသောစိတ်တို့သည်၊ ဤကာယနွါရ၌၊နိဿိတ တည်၍၊မှီ၍၊ ဖေါဌဗ္ဗာရုံ အတွေ့အထိကို၊သိမှုစသော အသီး အသီးသော မိမိတို့၏ကိစ္စလက္ခဏာကို၊ဆောင်ရွက်ပြီးစီးကြရ ကုန်၏။ ။(ကာယနွါရဝိထိ)အရာဖြစ်၍ ကျယ်ဝန်းရကား၊အ ကျဉ်းချုံးအပ်၏။ ။

ဤသည်ကား၊ပဋိသန္ဓေစိတ်၏၊ဥပါဒ်အချိန်နှင့်ပြိုင်၍၊တချိန် ဟည်း ဖြစ်ပေါ်လာသော ကာယပသာဒရုပ် အမှူးရှိသော ရုပ် ပေါင်းဆယ်ခုတို့၏၊ အသီးအသီးသောလက္ခဏာကို၊စီစစ်ချက် တည်း။ ။ထိုပဋိသန္ဓေစိတ်၏ဥပါဒ်အချိန်ကစ၍၊မရဏာသန္ဓ ဝိထိ-အချိန်တိုင်အောင်၊ တအောင့်တခဏမျှ၊ ရပ်တည်-နား နေသည်ဟူ၍မရှိ။ တဖွါးဖွါး-အသစ်အသစ်၊ ဖြစ်၍ဖြစ်၍ပေါ် လာ၏။ ။ရှေ့ကဖြစ်နှင့်ပြီးသောရုပ်တို့သည်လည်း၊ ပျက်၍- ပျက်၍၊ပျောက်ကွယ်ကြလေကုန်၏။ ။ထိုသို့ဖြစ်ပေါ်လာသော ရုပ်တရားထုခုဇ်၏၊ပျက်တို့ရန့်အချိန်သည်ကား-——အစပြု၍ဖြစ်

ပေါ်လာသော အချိန်နှင့်——ပျက်စီးသော အဲ့ချိန်အဆုံးအတွင်း သည်၊ မည်မျှ-ရှည်ကြာသနည်းဟု မေး စီစစ်ခဲ့သော်၊——ပဋိသန္ဓေစိတ်၏ဥပါဒ်အချိန်ကစ၍.ဖြစ်သောရုပ်တရားသည်——ပဋိသန္ဓေစိတ်နောက်၊ (၁၆)တဆဲ့ခြောက်ချက်မြောသောဘွင် စိတ်၏၊ဘင်္ဂကာန်၌၊ပြိုင်၍.ချုပ်၏" "ဤသို့လျှင်၊နာမ်တရားနှင့် နှိုင်းယှဉ်လျှင်၊ဗဟိဂ္ဂကာ(၁၇)တဆဲ့ခုနစ်ချက်မျှသာကာလရှည် သောအချိန်၏အဆုံး၌၊ပျက်စီးကြရကုန်၏" "ဤနည်းအတိုင်း၊ ခဏတိုင်း-ခဏတိုင်း၊ အသစ်အသစ်၊ ဖြစ်၍ ဖြာ်၍ ပေါ်လာသောကမ္မဇရုပ်တရားတို့သည်၊ ပိဝိတို့အချိန်တိုင်ရောသည်နှင့် တပြိုင်နက်၊ပျက်၍-ပျက်၍သာ-ကုန်ကြရလေ၏" "ဤနည်းအတိုင်းသာ၊ပျက်၍-ပျက်၍ ကုန်ဆုံးစေခဲ့လျှင်၊(၁)ဤရူပကလာပ ထိုက်သော ရုပ် တရားသည်၊ အဘယ်မျှလျှင်၊ ခိုင်မာသော (အတွာ)သဘောရှိနိုင်အံ့နည်း" "အဘယ်မျှဝါလျှင်၊အစိုးရသော (အတွာ)သဘောရှိနိုင်အံ့နည်း" "အဘယ်မျှလျှင်၊အထိသို့ထိုက် ပါသော(အတွာ)သဘောရှိနိုင်အံ့နည်း" "မရှိနိုင်ပေ" "ထို ကြောင့်" "ရူပန္တဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿာ၊**** မာအဟောသိတိ" "ဟူ၍ ဟောတော်မူ၏" ။

ဤအရာ၌၊ ရူပကလာပ ထိုက်သော ရုပ်တရားတို့၏၊ အနုတ္တ-အဖြစ်စီစစ်ရာ၌၊ပေါ်လွင်ထင်ရှားစေခြင်းအကျိုးငှါ၊ထိုအသိး-အသိးသောရုပ်တို့၏၊လက္ခဏာ,စသည်တို့ကို၊ ထည့်သွင်းပေါ်ပြပေအံ့၊ ။

ရူပကလာပထိုက်သောရုပ်(၂၈)ခုတို့၏၊
အစဉ်အတိုင်းသောလက္ခဏာရသ,ပစ္စုပဋ္ဌာန်
ပဒဋ္ဌာန်၊အမှန်လေးနက်၊ပေါ်ပြချက်။

ဤရုပ်ပေါင်း-၂၈-ခုတို့၏၊ အဆက်မပြတ်၊ ထပ်ခါထပ်ခါ ဖြစ်၍.ဖြစ်၍၊ ပျက်၍.ပျက်၍ နေခြင်း အစဉ်ဟူသော သန္တတိ

ပညတ်၊ ဖုံးလွှမ်းကာကွယ်၍ထားခြင်းကြောင့်၊ အနိစ္စသညာ၊ အမြဲးမရှိဖြစ်ပုံ၊ မထင်ရှားဖြစ်၏။ ။သွားခြင်း,ထိုင်ခြင်း,အိပ်ခြင်း, လျောင်းခြင်း, ဟူသောဇူရိယာပထ,ပညတ်၊ ဖုံးလွှမ်းကာကွယ်၍ထားခြင်းကြောင့်၊ ဒုက္ခသညာ၊ မချိလွန်ကဲး၊ ဆင်းရဲးဖြစ်ပုံ၊ မထင်ရှားဖြစ်၏။ ။ထိုရုပ်ပေါင်း-၂၈-ခုတို့၏၊ အကြောင်းအား လျော်စွာ၊ ဆိုင်ရာ-ဆိုင့်ရာ၊ အစုအပုံ၊ အတွဲးအဆက်နှင့်တကွ၊ တခဲးနက်၊ မပြိုမကွဲးဖြစ်ခြင်း,ဟူသောဃနပညတ်၊ ဖုံးလွှမ်းကာကွယ်၍ထားခြင်းကြောင့်၊ အနတ္တသညာ၊ အနှစ်သာရ-မရှိဖြစ်ပုံ၊ မထင်ရှားဖြစ်၏။ ။

ဤသို့ပြဆိုအပ်သော သန္တတိပညတ်, ဇူရိယာပထပညတ်, ဃနပညတ်တို့၊ ဖုံးလွှမ်းကာကွယ်၍ထားခြင်းကြောင့်၊ အနိစ္စ, ဒုက္ခ,အနတ္တ-ဟူသော လက္ခဏာရေး သုံးတန်တို့ဖြင့်၊ အမှန်နေရာတကျ၊ မသိမမြင်ကြဘဲး၊ ဤရုပ်တရားတို့၏အစုအပုံကိုပင်၊ ပုဂ္ဂိုလ်၊သတ္တဝါ၊သူ,ငါ,တပါး၊ ယောက်ျား,မိန်းမ-စသည်ဖြင့်၊ ထင်မှတ်စွဲးလမ်း၍၊ခွဲးခြမ်း,ဝေဘန်မရ၊ဖြစ်ကြကုန်၏။ ။

ထိုကြောင့်၊ ထိုရုပ်ပေါင်း-၂၈-ခုတို့၏ အရေအတွက်နှင့်တကွ၊ ထိုထိုရုပ်တို့ကို၊သိတို့ရာ မှတ်ကြောင်းလက္ခဏာ၊ထိုထိုရုပ်တို့ပြုသော အမှုအလုပ်ရသ။ ထိုထိုရုပ်တို့၏၊ရှုကြည့်သသူ, ယောဂီပုဂ္ဂိုလ်၏ဥာဏ်၌၊ ရှေ့ရှုထင်မြင်လာပုံပစ္စုပဋ္ဌာန်၊ထိုထိုရုပ်တို့၏ဖြစ်ပေါ်လာခြင်းနီးစွာသောအကြောင်းပဒဋ္ဌာန်တို့ကို ပြဆိုပေအံ့။ ။

ထိုသို့ပြဆိုရခြင်းဖြင့်၊ ထိုထိုရုပ်တို့ကို၊ အမှန်နေရာတကျ-သိမြင်၍၊ သုံးပါးသောဖုံးလွှမ်းခြင်းတို့မှလွတ်မြောက်၍၊ လက္ခဏာရေး သုံးတန်တို့ဖြင့်၊အမှန်နေရာတကျ၊သိမြင်နားလည်ကြရပေလိမ့်သတတ်။ ။

မဟာဘုတ်(၄)ပါးပြဆိုခဲ့ကား။
မဟာဘုတ်လေးခုတို့၏၊
အစဉ်အတိုင်းသော၊လက္ခဏာရသ၊ပစ္စုပဋ္ဌာန်၊
ပဒဋ္ဌာန်၊အမှန်လေးနက်၊ဖေါ်ပြချက်။

(၁) ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု ဘူတရူပံ နာမ။ ။

(၁) ပထဝီဓာတု။ ။ပထဝီဓာတ်။ (ခက်မာမှု သဘောတည်း)။

(က) * ပထဝီရုပ်ဓာတ်သည်၊ ဒေါင့်မာသည်၏ အဖြစ်, ခက်တဒေရှိသည်၏ အဖြာဂ်. တည်းဟူသော မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏ (လက္ခဏာ)။

(ခ) * ပထဝီရုပ်ဓာတ်သည်၊ သဟဇာတ်ဖြာဂ်သော ရုပ်တရားတို့၏၊ တည်ရာ၊ ဒိုရာ၏ အဖြာဂ်တည်းဟူသော အမှုအလုပ်ရှိ၏၊ ။(ရသ)၊

(ဂ) * ပထဝီရုပ်ဓာတ်သည်၊ သဟဇာတ်ဖြာဂ်သော ရုပ်တရားတို့ကို၊ ခံလင့်သော အခြင်းအရာအားဖြင့်၊ (ရှုကြည့်သည်ရှု)ယောဂိပုဂ္ဂိုလ်၏ ဉာဏ်အား၊ ဖွင့်ရှုထင်သော အခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။

(ဃ) * ပထဝီရုပ်ဓာတ်သည်၊ ငါမမှကြွင်းသော ဓာတ်သုံးပါးအပေါင်းလျှင်၊ နီးစပ်သော အကြောင်းရှိ၏၊ (ပဒဋ္ဌာန်)။

---

(၂) အာပေါဓာတု။ ။အာပေါဓာတ်။(ဖွဲ့စည်းမှုသဘောတည်း)။

(က) * အာပေါရုပ်ဓာတ်သည်၊ ယုတ်စီ ပျော့သည်၏အဖြာဂ် တည်းဟူသော မှတ်ကြောင်း (မှတ်အပ်သော) သဘောရှိ၏။ ။(လက္ခဏာ)။

(ခ) * အာဝေါရုပ်ဓာတ်သည်၊ သဟဇရုပ်တရားတို့ကို၊ ပွါးစေခြင်း၊ဖြိုးဖြိုးတက်စေခြင်းအမှုအလုပ်ဖိုဇ်။ (ရသ)။

(ဂ) * အာပေါရုပ်ဓာတ်သည်၊ သဟဇာတ်ရုပ်တရားတို့ကို၊ ဖွဲ့သောအားဖြင့်၊တကွပေါင်းရုံး၍ ယူသောအခြင်းအရာအားဖြင့်၊ (ရှုကြည့်သသူ) ယောဂီပုဂ္ဂိုလ်၏ဥာဏ်အား၊ ရှေ့ရှုထင်သောအခြင်းအရာဖိုဇ်။ ။(ပစ္စုပဋ္ဌာန်)။

(ဃ) * အာပေါ ရုပ်ဓာတ်သည်၊ မိမိမှ ကြွင်းသော ဓာတ်သုံးပါး အပေါင်းလျှင်၊ နီးစွာသော အကြောင်းဖိုဇ်။ ။(ပဒဋ္ဌာန်)။

---

(၃) တေဇောဓာတု။ ။တေဇောဓာတ်။(ရင့်ကျက်စေမှုသဘောတည်း)။

(က) * တေဇောရုပ်ဓာတ်သည်၊ ပူသည်၏ အဖြစ်တည်း ဟူသောမှတ်ကြောင်း(မှတ်အပ်သော)သဘောဖိုဇ်။ ။(လက္ခဏ)။

(ခ) * ဟေဇောရုပ်ဓာတ်သည်၊ရင့်ကျက်စေခြင်းအမှုအလုပ်ဖိုဇ်။ ။(ရသ)။

(ဂ) * တေဇောရုပ်ဓာတ်သည်၊သဟဇာတ်ရုပ်တရားတို့၏၊ နူးညံ့သော အဖြစ်ကို၊ လျော်စွာ ပေးသောအခြင်းအရာအားဖြင့်၊ (ရှုကြည့်သသူ) ယောဂီပုဂ္ဂိုလ်၏ဥာဏ်အား၊ ရှေ့ရှုထင်သောအခြင်းအရာဖိုဇ်။ ။(ပစ္စုပဋ္ဌာန်)။

(ဃ) * တေဇော ရုပ်ဓာတ်သည်၊ မိမိမှကြွင်းသော ဓာတ်သုံးပါးအပေါင်းလျှင်၊ နီးစွာသော အကြောင်းဖိုဇ်။ ။(ပဒဋ္ဌာန်)။

(၄) ဝါယောခံဘတူ။ ။ဝါယောခါတ်၊ (ဒေ့ရှုဂ္ဂါးစေမှုသဘောတည်း)။

(က) * ဝါယောရုပ်ခါတ်သည့်၊ သဟဇာတ်ရုပ်တရား‌တို့ကို၊ ထောက်ပံ့ခိုင်စေခြင်းဟူသော‌မှတ်ကြောင်း (မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏာ)။

(ခ) * ဝါယောရုပ်ခါတ်သည်၊ တွန့်ခြင်း၊လှုပ်ခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။

(ဂ) * ဝါယောရုပ်ခါတ်သည်၊ ဘုတ်အပေါင်းကို၊ ရှေ့ရှုဆောင်သော အရာ အားဖြင့်၊ (ရှုကြည့်သူ) ယောဂိပုဂ္ဂိုလ်၏ဉာဏ်အား၊ ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။

(ဃ) * ဝါယောရုပ်ခါတ်သည်၊ မိမိမှကြွင်းသောခါတ်သုံးပါးအပေါင်းလျှင်၊ နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။

ပသာဒရုပ်(၅)ပါးပြဆိုခဏ်း။

ပသာဒရုပ်ငါးခုတို့၏

အစဉ်အတိုင်းသော၊လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊အမှန်လေးနက်၊ပေါ်ပြဝှက်။

စက္ခု သောတံ ဃာနံ ဇိဝှါ ကာယော ပသာဒရုပ်-

နာမ။ ။

(၁) စက္ခု။ ။စက္ခုပသာဒရုပ်(စက္ခုခေါ်သောအကြည်ဓာတ်) (မျက်စိအကြည်)။ ။

(က) * စက္ခုပသာဒသည်၊ ရုပါရုံ၏၊ ရှေ့ရှုထိခိုက်ခြင်းကို ထိုက်သော မဟာဘုတ် တို့ကို၊ ကြည်စေခြင်းလျှင်မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏။ (လက္ခဏာ)။

၃၂ အနတ္တလက္ခဏာဖွင့်အကျယ်လက်စွဲးကျမ်း။

(ခ) * စက္ခုပသာဒသည်၊ ရူပါရုံတို့၌၊ အာဝဇ္ဇန်း အစရှိသောဝိညာဉ်ကို၊ ဆွဲးငင်-ဆောင်သွားခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။

(ဂ) * စက္ခုပသာဒသည်၊ စက္ခုဝိညာဉ်စိတ်၏၊ တည်ရာ၏ အဖြစ်ဖြင့်၊ (ရှုကြည့်သသူ)ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေရှုထင်သောအခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။

(ဃ) * စက္ခုပသာဒသည်၊ မြင်ခြင်းဌာ၊ အလိုရှိသောသူ၏ အဖြစ်တဉ်းဟူသော,ရူပတဏ္ဍာလျှင်၊ အကြောင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်လျှင်၊ နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။

သောတပသာဒရုပ်၏၊ အမှန်လေးနက်၊ ဖော်ပြချက်။

(၂) သောတံ။ ။သောတပသာဒရုပ်(သောတ-ခေါ်သော အကြည်ဓာတ်) (နားအကြည်)။ ။

(က) * ဇောတပသာဒသည်၊ သဒ္ဒါရုံ၏ ရှေရှုဆိခိုက်ခြင်းကိုထိုက်သောမဟာဘုတ်တို့ကို၊ ကြည်စေခြင်းလျှင်၊ မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏။ (လက္ခဏာ)။

(ခ) * သောတ ပသာဒသည်၊ သဒ္ဒါရုံတို့၌၊ အာဝဇ္ဇန်း အစရှိသောဝိညာဉ်ကို၊ ဆွဲးငင်-ဆောင်သွားခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။

(ဂ) * သောတ ပသာဒသည်၊ သောတ ဝိညာဉ်စိတ်၏၊ တည်ရာ၏ အဖြစ်ဖြင့်၊ (ရှုကြည့်သသူ)ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေရှုထင်သော အခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။

(ဃ) * သောတပသာဒသည်၊ကြားနာခြင်းဌါ၊အထိုရှိသော သူ၏ အဖြစ်တည်းဟူသော,သဒ္ဒတဏ္ဍာလျှင် အကြောင်းရှိသောကံကြောင့်ဖြစ်သောမဟာဘုတ်လျှင်၊နီးစွာသောအကြောင်းရှိ၏။ ။(ပဒဌာန်)။

ဃာနပသာဒရုပ်၏၊အမှန်လေးနက်၊ဖော်ပြချက်။

(၃) ဃာနံ။ ။ဃာနပသာဒရုပ်(ဃာနခေါ်သောအကြည်ဓာတ်) (နှာခေါင်းအကြည်)။

(က) * ဃာနပသာဒသည်၊ဂန္ဓာရုံ၏၊ရှေရှုထိခိုက်ခြင်းကိုထိုက်သော မဟာဘုတ်တို့ကို၊ ကြည်စေခြင်းလျှင်၊ မှတ်ကြောင်း(မှတ်အပ်သော)သဏ္ဌာရှိ၏။ ။(လက္ခဏ)။

(ခ) * ဃာနပသာဒသည်၊ ဂန္ဓာရုံတို့၌၊ အာဝဇ္ဇန်း အစရှိသောဝိညာဉ်ကို၊ဆွဲးငင်၊ဆောင်သွားခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။

(ဂ) * ဃာနပသာဒသည်၊ဃာနဝိညာဉ်စိတ်၏၊ တည်ရာ၏ အဖြစ်ဖြင့် (ရှုကြည့်သသူ)ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ရှေရှုထင်သောအခြင်းအရာရှိ၏။ ။(ပစ္စုပဌာန်)။

(ဃ) * ဃာနပသာဒသည်၊ နမ်းရှုခြင်းဌါ၊ အထိုရှိသောသူ၏ အဖြစ် တည်းဟူသော, ဂန္ဓတဏ္ဍာလျှင် အကြောင်းရှိသောကံကြောင့်ဖြစ်သောမဟာဘုတ်လျှင်၊နီးစွာသောအကြောင်းရှိ၏။ ။(ပဒဌာန်)။

ဇိဝှါပသာဒရုပ်၏၊အမှန်လေးနက်၊ဖော်ပြချက်။

(၄) ဇိဝှါ။ ။ဇိဝှါပသာဒရုပ် (ဇိဝှါခေါ်သော အကြည်ဓာတ်) (လျှာအကြည်)။

(က) * ဇိဝှါပသာဒသည်၊ရသာရုံ၏၊ရှေ့ရှုထိခိုက်ခြင်းကို ထိုက်သော မဟာဘုတ်တို့ကို၊ ကြည်စေခြင်း လျှင်၊ မှတ်ကြောင်း (မှတ်အပ်သော) သဘောရှိ၏။ ။(လက္ခဏ)။

(ခ) * ဇိဝှါပသာဒသည်၊ ရသာရုံတို့၌၊ အာဝဇ္ဇန်း အစ ရှိသော ဝိညာဉ်ကို၊ ဆွဲးငင်၊ ဆောင်သွားခြင်း အမှုအလုပ်ရှိ၏။ ။(ရသ)။

(ဂ) * ဇိဝှါပသာဒသည်၊ဇိဝှါဝိညာဉ်စိတ်၏ထည်ရာ၊မှီရာ၏ အဖြစ်ဖြင့်၊ (ရှုကြည့်သသူ)ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေ့ရှုထင်သော အခြင်းအရာရှိ၏၊ (ပစ္စုပဋ္ဌာန်)။

(ဃ) * ဇိဝှါပသာဒသည်၊ လျက်ခြင်းဌါအလိုရှိသောသူ၏ အဖြစ်တဉ်းဟူသောရသတဏ္ဍာလျှင်အကြောင်း ရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်လျှင်၊ နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။

ကာယပသာဒရုပ်၏၊အမှန်လေးနက်၊ဖေါ်ပြချက်။

(၅) ကာယော။ ။ကာယပသာဒရုပ်(ကာယခေါ်သော အကြည်ဓာတ်)(ကိုယ်အကြည်)။

(က) * ကာယပသာဒသည်၊ဖေါ်ဋ္ဌဗ္ဗာရုံ၏ရှေ့ရှုထိခိုက်ခြင်း ကိုထိုက်သောမဟာဘုတ်တို့ကို၊ကြည်စေခြင်း လျှင်မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏။ (လက္ခဏ)။

(ခ) * ကာယ ပသာဒသည်၊ ဖေါ်ဋ္ဌဗ္ဗာရုံတို့၌၊ အာဝဇ္ဇန်း အစရှိသောဝိညာဉ်ကို၊ဆွဲးငင်၊ဆောင်သွားခြင်း အမှုအလုပ်ရှိ၏။ ။(ရသ)။

(ဂဂ) * ကာယပသာဒသည်၊ စက္ခုဝိညာဉ် ဇိတ်၏၊ တည်ရာ၊ မှီရာ၏ အဖြစ်ဖြင့်၊ (ရှုကြည့်သသူ)ယောဂိပုဂ္ဂိုလ်၏ ဉာဏ်အား၊ ရှေ့ရှုထင်သော အခြင်းအရာရှိ၏။ ။(ပစ္ဆုပဋ္ဌာန်)။

(စသ) * ကာယပသာဒသည်၊ တွေ့ထိခြင်းဌာ အထိုက်ရှိသော သူ၏ အဖြစ်တည်းဟူသော ပေါင်းဖွဲ့တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်လျှင်၊ နီးစွာသော အကြောင်းရှိ၏။(ပဒဋ္ဌာန်)

ဂေါစရရူပ်(၅)ပါးပြဆိုခဏ်း။

ဂေါစရရူပ်ငါးခုတို့၏
အစဉ်အတိုင်းသော လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊
ပဒဋ္ဌာန်၊ အမှန်လေးနက်၊ ဖေါ်ပြချက်။

ရူပံ သဒ္ဒါ ဂန္ဓော ရသော အာပေါဓာတုဝိဝဇ္ဇိတံ
ဘူတတ္တယသဒ်ါတံ ဖေါဋ္ဌဗ္ဗံ ဂေါစရရူပံနာမ။ ။

(၁) ရူပံ။ ။ရူပရူပ်၊(ရူပါရုံ+အဆင်း)။
(က) * ရူပရူပ်(ရူပါရုံ)သည်၊ စက္ခုပသာဒရူပ်၌၊ ထိခိုက်ခြင်းလျှင်၊ မှတ်ကြောင်း (မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏ)။
(ခ) * ရူပရူပ်(ရူပါရုံ)သည်၊ စက္ခုဝိညာဉ်အား၊ အာရမ္မဏပစ္စယသတ္တိဖြင့်၊ (အာရုံ၏အဖြစ်ဖြင့်) ကျေးဇူးပြုခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။
(ဂ) * ရူပရူပ်(ရူပါရုံ)သည်၊ စက္ခုဝိညာဉ်၏ ကျက်စားရာအာရုံ၏အဖြစ်ဖြင့်၊(ရှုကြည့်သသူ)ယောဂိပုဂ္ဂိုလ်၏ဉာဏ်အား၊ ရှေ့ရှုထင်သော အခြင်းအရာရှိ၏၊ (ပစ္ဆုပဋ္ဌာန်)။

(ဃ) * ရူပရုပ်(ရူပါရုံ)သည်၊ လေးပါးသော မဟာဘုတ်လျှင်၊ နီးစွာသောအကြောင်းရှိ၏။ ။(ပဒဌာန်)။

သဒ္ဒရုပ်၏၊ အမှန်လေးနက်၊ ဖေါ်ပြချက်။

(၂) သဒ္ဒေါ။ ။သဒ္ဒရုပ်၊(သဒ္ဒါရုံ+အသံ)။

(က) * သဒ္ဒရုပ် (သဒ္ဒါရုံ)သည်၊ သောတ ပသာဒရုပ်၌၊ ထိခိုက်ခြင်းလျှင်၊ မှတ်ကြောင်း(မှတ်အပ်သော) သဘောရှိ၏။ ။(လက္ခဏ)။

(ခ) * သဒ္ဒရုပ်(သဒ္ဒါရုံ)သည်၊ သောတဝိညာဉ်အား၊ အာရမ္မဏပစ္စယသတ္တိဖြင့် (အာရုံ၏ အဖြစ်ဖြင့်) ကျေးဇူးပြုခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။

(ဂ) * သဒ္ဒရုပ်(သဒ္ဒါရုံ)သည်၊ သောတဝိညာဉ်၏ ကျက်စားရာအာရုံ၏အဖြစ်ဖြင့်(ရှုကြည့်သသူ)ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေရှုထင်သော အခြင်းအရာရှိ၏။ ။(ပစ္စုပဌာန်)။

(ဃ) * သဒ္ဒရုပ်(သဒ္ဒါရုံ)သည်၊ လေးပါးသောမဟာဘုတ်လျှင်၊ နီးစွာသောအကြောင်းရှိ၏။ ။(ပဒဌာန်)။

ဂန္ဓရုပ်၏၊ အမှန်လေးနက်၊ ဖေါ်ပြချက်။

(၃) ဂန္ဓော။ ။ဂန္ဓရုပ်၊(ဂန္ဓာရုံ+အနုံ)။

(က) * ဂန္ဓရုပ်(ဂန္ဓာရုံ)သည်၊ ဃာနပသာဒရုပ်၌၊ ထိခိုက်ခြင်းလျှင်၊ မှတ်ကြောင်း (မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏ)။

(ခ) * ဂန္ဓရုပ်(ဂန္ဓာရုံ)သည်၊ ဃာနဝိညာဉ်အား၊ အာရမ္မဏပစ္စယ သတ္တိဖြင့်၊ (အာရုံ၏ အဖြစ်ဖြင့်) ကျေးဇူးပြုခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။

(ဂ) * ဂန္ဓရုပ်(ဂန္ဓာရုံ)သည်၊ဃာနဝိညာဉ်၏ကျက်စားရာ၊ အာရုံ၏အဖြစ်ဖြင့်(ရှုကြည့်သသူ)ယောဂီပုဂ္ဂိုလ်၏ဥာဏ်အား၊ ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ (ပစ္စုပဋ္ဌာန်)။

(ဃ) * ဂန္ဓရုပ်(ဂန္ဓာရုံ)သည်၊ လေးပါးသော မဟာဘုတ်လျှင်၊နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။

ရသရုပ်၏၊အမှန်လေးနက်၊ဖော်ပြချက်။

(၄) ရသော။ ။ရသရုပ်၊(ရသာရုံ+အရသာ)။

(က) * ရသရုပ်(ရသာရုံ)သည်၊ဖိဝှါပသာဒရုပ်၌၊ ထိခိုက်ခြင်းလျှင်၊ မှတ်ကြောင်း (မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏ)။

(ခ) * ရသရုပ်(ရသာရုံ)သည်၊ ဖိဝှါဝိညာဉ်အား၊ အာရမ္မဏပစ္စယသတ္တိဖြင့်၊ (အာရုံ၏ အဖြစ်ဖြင့်) ကျေးဇူးပြုခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။

(ဂ) * ရသရုပ်(ရသာရုံ)သည်၊ ဖိဝှါဝိညာဉ်၏ကျက်စားရာအာရုံ၏အဖြစ်ဖြင့်၊ (ရှုကြည့်သသူ)ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေ့ရှုထင်သော အခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။

(ဃ) * ရသရုပ်(ရသာရုံ)သည်၊လေးပါးသောမဟာဘုတ်လျှင်၊နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။

ဖေါဋ္ဌဗ္ဗရုပ်၏၊အမှန်လေးနက်၊ဖော်ပြချက်။

(၅) ဖေါဋ္ဌဗ္ဗံ။ ။ဖေါဋ္ဌဗ္ဗရုပ်၊(ဖေါဋ္ဌဗ္ဗာရုံ+အတွေ့အထိ)။

[ဤဖေါဋ္ဌဗ္ဗရုပ်-ဟူသည်၊ တရားကိုယ်-အသီး အခြားမရှိ။ ပထဝီဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် သုံးပါးပင်ဖြစ်၍၊ လက္ခဏာ၊ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်၊ ရေးရန်မရှိ-ဟူ၍မှတ်]။ ။

ဘာဝရုပ်နှစ်ခုပြဆိခဏ်း။

ဇာတိဘာဝရုပ်၏၊ အမှန်လေးနက်၊ ဖေါ်ပြချက်။

ဇာတ္တဲ ပုရိသတ္တံ ဘာဝရူပံနာမ။ ။

(၁) ဇာတ္တဲ။ ။ဇာတိဘာဝရုပ်။

(က) * ဇာတိဘာဝ ရုပ်သည်၊ ဤသူသည်ကား၊ မိန်းမဟု သိသော်ဥာဏ်၊ ဇာတိသဒ္ဒါ၊ ဖြစ်ခြင်း၏၊ အကြောင်း၏ အဖြစ်တည်းဟူသောမှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏ)။ ။

(ခ) * ဇာတိဘာဝရုပ်သည်၊ ဤသူသည်ကား၊ မိန်းမ-ဟု ပြခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * ဇာတိဘာဝရုပ်သည်၊ ဇာတိလိင်၊ ဇာတိနိမိတ္တ၊ ဇာတိကုတ္တ၊ ဇာတိအာကပ္ပတို့၏ အကြောင်း၏ အဖြစ်ဖြင့်၊ (ရှုကြည့်သသူ) ယောဂိပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေရှုထင်သော အခြင်းအရာ ရှိ၏။ ။ (ပစ္စုပဋ္ဌာန်)။ ။

(ဃ) * ဇာတိဘာဝ ရုပ်သည်။ ထိုဇာတိလိင်၊ ဇာတိနိမိတ္တ၊ ဇာတိကုတ္တ၊ ဇာတိအာကပ္ပ-တို့သည် သာလျှင်၊ နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

ပုရိသဘာဝရုပ်၏၊ အမှန်လေးနက်၊ ဖေါ်ပြချက်။

(၂) ပုရိသတ္တံ။ ။ပုရိသဘာဝရုပ်။

(က) * ပုရိသဘာဝရုပ်သည်၊ ဤသူသည်ကား၊ ယောက်ျားဟု သိသော်ဥာဏ်၊ ပုရိသသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်တည်းဟူသော မှတ်ကြောင်း (မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏ)။

(ခ) * ပုရိသဘာဝရုပ်သည်၊ ဤသူသည်ကား၊ ယောက်ျားဟု၊ ပြခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * ပုရိသဘာဝရုပ်သည်၊ ပုရိသလိင်၊ ပုရိသနိမိတ္တ၊ ပုရိသကုတ္တ၊ပုရိသအာကပ္ပ-တို့၏၊ အကြောင်း၏အဖြစ်ဖြင့်၊ (ရှုကြည့်သသူ) ယောဂိပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေ့ရှုထင်သော .အခြင်းအရာရှိ၏။ (ပစ္စုပဋ္ဌာန်)။

(ဃ) * ပုရိသဘာဝရုပ်သည်၊ထိပုရိသလိင်၊ပုရိသနိမိတ္တ၊ ပုရိသကုတ္တ၊ပုရိသအာကပ္ပ-တို့သည်သာလျှင်၊ နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။

[ဤဘာဝရုပ် ၂ ခုဒ္ဓ၊အထူးမှတ်ချက်။ ။ဇုထိဘာဝရုပ်,ပုရိသဘာဝရုပ်ကို၊စက္ခုပြညာဉ်စိတ်ဖြင့်၊မမြင်မသိအပ်၊မနောပြညာဉ်ဖြင့်သာလျှင်၊သိအပ်၏။ ။ဇုထိလိင်၊ မိန်းမ၏ လိင်။ ဇုထိနိမိတ္တ၊ မိန်းမ မျှုဉ်၏ သိခြင်း၏ အကြောင်း။ ဇုထိကုတ္တ၊မိန်းမ၏ ပြုလုပ်ကစားသောအမှု။ ဇုထိအာကပ္ပ၊မိန်းမ၏အသွင်အပြင်၊(ပုရိသတ္တံဒ္ဓဤနည်းအတူ)။ဤလေးပါးတို့ကိုမူ၊စက္ခုပြညာဉ်,မနောပြညာဉ်-နှစ်ပါးဖြင့်မှတ်နှိုင်၊သိနှိုင်၏]။ ။

ဟဒယဝတ္ထုရုပ်ပြဆိုခဏ်း။

ဟဒယဝတ္ထုရုပ်၏၊အမှန်လေးနက်၊ဖေါ်ပြချက်။

ဟဒယဝတ္ထု ဟဒယရူပံနာမ။
ဟဒယဝတ္ထုသည်၊ဟဒယဝတ္ထုရုပ်မည်၏။

(က) * ဟဒယဝတ္ထုရုပ်သည်၊မနောဓါတ်,မနောပြညာဏဓာတ်တို့၏၊မှီရာဖြစ်ကြောင်းလျှင်၊မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏာ)။

(ခ) * ဟဒယဝတ္ထုရုပ်သည်၊ မနောဓာတ်,မနောပြညာဏဓာတ်-နှစ်ပါးကို၊ အားကြီးစွာ ဆောင်ခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။

(ဂ) * ဟဒယဝတ္ထုရုပ်သည်၊ မနောဓာတ်,မနောဝိညာဏဓါတ်-နှစ်ပါးကို၊ ပင်မြှော်,ထမ်းရွက်ခြင်းဟူ၍၊(ရှုကြည့်သသူ)ယောဂီပုဂ္ဂိုလ်၏ဥာဏ်အား၊ ရှေ့ရှုထင်သောအခြင်းအရာရှိ၏။(ပစ္စုပဋ္ဌာန်)။

(ဃ) * ဟဒယဝတ္ထုရုပ်သည်၊ မနောဓာတ်, မနောဝိညာဏဓာတ်-နှစ်ပါးတို့၏၊တည်ရာဖြစ်သောမဟာဘုတ်လျှင်၊နီးစွာသောအကြောင်းရှိ၏။(ပဒဋ္ဌာန်)။

ဇီဝိတရုပ်ပြဆိုခဏ်း။

ဇီဝိတိန္ဒြိယရုပ်၏၊အမှန်လေးနက်၊ဖေါ်ပြချက်၊

ဇီဝိတိန္ဒြိယံ ဇီဝိတရူပံနာမ။ ။
ဇီဝိတိန္ဒြေသည်၊ဇီဝိတရုပ်မည်၏။ ။

(က) * ဇီဝိတိန္ဒြိယရုပ်သည်၊မိမိနှင့်တကွဖြစ်သော ကမ္မဇရုပ်တို့ကိုစောင့်ရှောံခြင်းဟူသော မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏ)။

(ခ) * ဇီဝိတိန္ဒြိယရုပ်သည်၊မိမိနှင့်တကွဖြစ်သော ကမ္မဇရုပ်တို့ကို၊မျှတစေခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။

(ဂ) * ဇီဝိတိန္ဒြိယရုပ်သည်၊မိမိနှင့်တကွဖြစ်သော ကမ္မဇရုပ်တို့ကိုသာလျှင်၊ထားခြင်း,တည်စေခြင်းလျှင်(ရှုကြည့်သသူ) ယောဂီ ပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေ့ရှုထင်သောအခြင်းအရာရှိ၏။(ပစ္စုပဋ္ဌာန်)။

(ဃ) * ဇီဝိတိန္ဒြိယရုပ်သည်၊မိမိသည် အစဉ်စောင့်ရှောက်သည်၏အစွမ်းဖြင့်၊မျှစေအပ်,ယှဉ်စေအပ်သော သဘာဝတ် ဖြစ်သော မဟာဘုတ်လျှင်၊ နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

အာဟာရရုပ်ပြဆိုခဏ်း။

အာဟာရရုပ်၏၊အမှန်လေးနက်၊ဖေါ်ပြချက်၊

ကဗဋ္ဌိကာရော အာဟာရော အာဟာရရူပနာမ။ ။

အလုပ်အလွေ ကိုမပြုအပ်သော်လည်းပြုအပ်သကဲ့သို့သော အာဟာရသည်၊အာဟာရရုပ်မည်၏။ ။

(က) * အာဟာရရုပ်သည်၊ အင်္ဂါကြီးငယ်သို့ လျှောက်သောရသ၏၊အနှစ်သာရဟုဆိုအပ်သောဇုန္ဒေ ရှိသောကာယ၏၊ အထောံအပုံအားကိုပြုတတ်သော မျိုအပ်သော အာဟာရ၏၊ အစေးအဆီ ဖြစ်သောဘုတ်၌ မှီသော တရသော ဝိသေသ, သဘော ဩဇာ,ဟူ၍ မှတ်ကြောင်း (မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏ)။ ။

(ခ) * အာဟာရရုပ်သည်၊ဩဇာလျှင် ရှစ်ခုမြောံရှိသော ရုပ်ကိုစောင့်ခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * အာဟာရရုပ်သည်၊ ဩဇာဌမကရုပ်ကို ဖြစ်စေသောအားဖြင့်၊ရူပကာယကိုထောက်ပံ့ခိုင်ခံ့စေသော သဘောဟူ၍ (ရှုကြည့်သသူ) ယောဂိပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေ့ရှု ထင်သော အခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။ ။

(ဃ) * အာဟာရရုပ်သည်၊မျိုအပ်သောဝတ္ထုလျှင်၊နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

အာကာသရုပ်ပြဆိုခဏ်း။

အာကာသဓာတ်၏၊အမှန်လေးနက်၊ဖေါ်ပြချက်၊

အာကာသဓာတု ပရိစ္ဆေဒရူပနာမ။ ။

(၃) အာကာသဓာတ်သည်၊ပရိစ္ဆေဒရုပ်မည်၏။ ။

အနတ္တလက္ခဏာဖွင့်အကျယ်လင်္ကာ

(က) * အာကာသရုပ်သည်၊ ခုက္ခဒုဿက, စသော တရ
တရသော ကလာပ်၌ တည်သော ရုပ်တို့ကဲ့၊
ကလာပ်တပါး၌ ဖြစ်သော ရုပ်တို့နှင့်၊ ရောနှော
သည်၏ အဖြစ်သို့ မရောက်စေသောအားဖြင့်၊
ပိုင်းခြား တတ်သည်လျှင်၊ မှတ်ကြောင်း (မှတ်
အပ်သော)သဘောရှိ၏။ ။(လက္ခဏာ)၊ ။

(ခ) * အာကာသ ရုပ်သည်၊ ဤသည်ကား၊ ရုပ်တို့၏
အောက်အာဠိ၊ ဤသည်ကား၊ရုပ်တို့၏အထက်
အာဠိ၊ ဤသည်ကား၊ ရှေ့နောက်ဝဲယာ၊ ဖီလာ
အာဠိ-ဟု၊ရုပ်ထိုု့၏ အစွန်,အဆုံး,အဝိုင်းအခြား
ကိုပြခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * အာဂ်ကာသ ရုပ်သည်၊ ရုပ်တို့၏ အဝိုင်းအခြားမျှ
သာဖြစ်၏ဟူ၍, (ရှုကြည့်သူ) ယောဂီပုဂ္ဂိုလ်
၏ ဉာဏ်အား၊ ရှေ့ရှုထင်သော အခြင်းအရာ ရှိ
၏၊ ။(ပစ္စုပဋ္ဌာန်)။ ။

(ဃ) * အာကာသ ရုပ်သည်၊ မိမိ ပိုင်းခြားအပ်သော ရုပ်
လျှင်၊ နီးစွာသော အကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။

ကာယဝိညတ္တိရုပ်,ဝစီဝိညတ္တိရုပ်(၂)ပါးပြဆိုခဏ်း။

ကာယဝိညတ်ရုပ်၏၊အမှန်သေးနက်၊ဖေါ်ပြချက်။

ကာယဝိညတ္တိ ဝစီဝိညတ္တိ ဝိညတ္တိရုပ်နာမ။ ။

(၁) ကာယဝိညတ္တိ၊ လှုပ်သောကိုယ်အင်္ဂါဖြင့်၊ သူတပါး
ကိုလည်း-သိုစေတတ်၊မိမိလည်း-သိအပ်သောသဘောသည်၊
ကာယဝိညတ္တိရုပ်မည်၏။ ။

(က) * ကာယ်ဝိညတ္တိရုပ်သည်၊လှုပ်သောကိုယ်အင်္ဂါဖြင့်၊
သိစေတတ်-သိစေအပ်သောမှတ်ကြောင်း(မှတ်
အပ်သော)သဘောရှိ၏။ ။(လက္ခဏာ)။ ။

(ခ) * ကာယဝိညတ္တိရုပ်သည်၊လှုပ်သောကိုယ်အင်္ဂါဖြင့်၊ အထိဆန္ဒကဲ့သို့ပေါ်ပြခြင်းအမှုအလုပ်ရှိ၏။ ။(ဂသ)။

(ဂ) * ကာယဝိညတ္တိ ရုပ်သည်၊ ကိုယ်အင်္ဂါလှုပ်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့် (ရှုကြည့်သည်သာ)ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား၊ ရှေးရှု ထင်သော အခြင်းအရာရှိ၏၊ ။(ပစ္ဆုပဋ္ဌာန်)။ ။

(ဃ) * ကာယ ဝိညတ္တိ ရုပ်သည်၊ စိတ္တဇ ဝါယောဓာတ်ဆာည်း ဟူသော မဟာဘုတ်လျှင်၊ နီးစွာသော အကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

ဝစီဝိညတ်ရုပ်၏၊ အမှုနှင့်လေးနက်၊ပေါ်ပြချက်။

(၂) ဝစီဝိညတ္တိ၊ ရွတ်ဆိုအပ်သော စကားအမှုအရာဖြင့်၊ သူတပါးကိုလည်းသိစေတတ်၊ပြီပြီလည်းသိအပ်သောသဘော သည်၊ဝစီဝိညတ္တိရုပ်မည်၏၊ ။

(က) * ဝစီဝိညတ္တိရုပ်သည်၊ရွတ်ဆိုအပ်သော စကားအမှုအရာ ဖြင့်၊ သိစေတတ်-သိစေ အပ်သော မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏၊ ။(လက္ခဏ)။ ။ .

(ခ) * ဝစီဝိညတ္တိရုပ်သည်၊ ရွတ်ဆိုအပ်သောစကားအမှုအရာဖြင့်၊ အထိဆန္ဒကို ပေါ်ပြခြင်းအမှုအလုပ်ရှိ၏၊ ။(ရသ)။ ။

(ဂ) * ဝစီဝိညတ္တိရုပ်သည်၊ နှုတ်မြွက်ခြင်း၏၊အကြောင်း၏အဖြစ်ဖြင့် (ရှုကြည့်သည်သာ) ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား၊ ရှေးရှု ထင်သော အခြင်းအရာ ရှိ၏၊ ။(ပစ္ဆုပဋ္ဌာန်)။ ။

(ဃ) * ဝစီဝိညတ္တိရုပ်သည်၊ စိတ္တဇပထဝီဓာတ်တည်းဟူသော မဟာဘုတ်လျှင်၊ နီးစွာသောအကြောင်းရှိ၏၊ ။(ပဒဋ္ဌာန်)။ ။

ဗိုကာရရုပ် (၃) ခုပြုဆိုခဏ်း။

ရူပသဒ္ဒလဟုတာ,ရုပ်ဇ်၊အမှန််းလေးနက်၊ဝေါ်ပြုချက်။

ရူပသဒ္ဒလဟုတာ, မဒုတာ,ကမ္မညတာ, ဝိညတ္တိဒွယံ, ဗိကာရရူပံနဝမ။ ။

(၁) ရူပသဒ္ဒလဟုတာ၊ရူပသဒ္ဒလဟုဟာရုပ်။ ။(ရုပ်ပေါ့)။

(က) * ရူပသဒ္ဒလဟုတာရုပ်သည်၊[စိတ္တဇ,ဥတုဇ,အာဟာရဇ]ဟူသော၊[တိသမုဋ္ဌာနိကမဟာဘုတ်,နိပ္ဖန္နရုပ်]တို့ဇ်၊ မလေး-မန်္ဆံသည်ဇ်အဖြစ်တည်းဟူသော မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိဇ်၊ ။(လက္ခဏ)။ ။

(ခ) * ရူပသဒ္ဒလဟုတာရုပ်သည်၊[တိသမုဋ္ဌာနိကမဟာဘုတ်,နိပ္ဖန္နရုပ်]တို့ဇ်၊ လေးလံ သည်ဇ် အဖြစ်, မ်ဆံသည်ဇ်အဖြစ်ကဲ့၊ပယ်ဖျောက်ခြင်းအမှုအလုပ်ရှိဇ်။ ။(ရသ)။ ။

(ဂ) * ရူပသဒ္ဒ လဟုတာရုပ်သည်၊ [အနာရောဂါ ကင်းသောယောကျ်ားဇ်၊ ထိမှ၊ဤမှ၊ပေါ့ပေါ့-ပါးပါး၊ ပြောင်းရွေ့ ပြန်လှန်ခြင်း ဖြစ်ဇ်ကဲ့သို့]၊ ထိုနည်းအတူ၊ [တိသမုဋ္ဌာနိကမဟာဘုတ်,နိပ္ဖန္နရုပ်]တို့ဇ်၊ ၎ပေါ့ပေါ့-ပါးပါး၊ ပြောင်းရွေ့ပြန်လှန်ခြင်းရှိသည်ဇ်၊ အဖြစ်ဖြင့်၊ (ရှုကြည့်သူ) ယောဂိပုဂ္ဂိုလ်ဇ်၊ ဉာဏ်အား၊ ရှေ့ရှုထင်သော အခြင်းအရာရှိဇ်။ ။(ပဋ္ဌာန်)။ ။

(ဃ) * ရူပသဒ္ဒလဟုတာရုပ်သည်၊ပေါ့ပေါ့-ပါးပါးသောရုပ်လျှင်နှိုးစ်ဖွာသောအကြောင်းရှိဇ်။(ပဒဋ္ဌာန်)။

ရူပသဒ္ဒမဒုတာရုပ်ဇ်၊အမှန်လေးနက်၊ဝေါ်ပြုချက်။

(၂) ရူပသဒ္ဒမဒုတာ၊ရူပသဒ္ဒမဒုတာရုပ်။ ။(ရုပ်နူ)။ ။

(က) * ရူပဿမုဒုတာရုပ်သည်၊ [စိတ္တဇ,ဥတုဇ, အာဟာရဇ]ဟူသော [တိသမုဌာနိကမဟာဘုတ်,နိပ္ပန္နရုပ်]တို့၏၊ ကြမ်းထမ်း,ခက်တရော်မရှိသည်၏ အဖြစ်တည်းဟူသော၊ မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏ)။ ။

(ခ) * ဝိတက်သည်၊အာရုံကိုအစမှတီးခေါက်ခြင်း၊ ရှေ့ရှုတီးခေါက်ခြင်း၊ ထက်ဝန်းကျင်တီးခေါက်ခြင်း၊

ထည့်လည်၍ တီးခေါက်ခြင်း၊ ပြန်ထန်၍ တီး
ခေါက်ခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ၊

(ဂ) * ဝိတက်သည်၊အာရုံ၌စိတ်ကိုရှေ့ရှုဆောင်ခြင်း၊ဆွဲး
ငင်ခြင်းလျှင်၊ (ရှုကြည့်သသူ) ယောဂီပုဂ္ဂိုလ်၏
ဥာဏ်အား၊ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ ။
(ပစ္စုပဋ္ဌာန်)။

(ဃ) * ဝိတက်သည်၊ ဝိညာဉ်လျှင် နီးစွာသောအကြောင်း
ရှိ၏။ ။(ပဒဋ္ဌာန်)။ ။

ဝိစာရစေတသိက်၏၊အမှန်လေးနက်၊ဖေါ်ပြချက်။

(၂) ဝိစာရ။ ။သမ္ပယုတ် တရားတို့ကို၊ သုံးသပ်စေခြင်း
လက္ခဏာရှိသောဝိစာရစေတသိက်။ ။

(က) * ဝိစာရသည်၊အာရုံကိုအဖန်တလဲးလဲး၊သုံးသပ်ခြင်း
ဟူသော မှတ်ကြောင်း(မှတ်အပ်သော)သဘော
ရှိ၏၊ ။(လက္ခဏာ)။ ။

(ခ) * ဝိစာရသည်၊ သဟဇာတ် (အတူတကွဖြစ်သော)
တရားတို့ကို၊ အာရုံ၌၊ အဖန်တလဲးလဲး ယှဉ်စေ
ခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * ဝိစာရသည်၊အာရုံ၌အစဉ်မပြတ်သကဲ့သို့ဖြစ်ခြင်း
လျှင်(ရှုကြည့်သသူ)ယောဂီပုဂ္ဂိုလ်၏ဥာဏ်အား
ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။

(ဃ) * ဝိစာရသည်၊ ဝိညာဉ်လျှင်၊နီးစွာသောအကြောင်း
ရှိ၏။ ။(ပဒဋ္ဌာန်)။ ။

အဓိမောက္ခစေတသိက်၏၊အမှန်လေးနက်၊
ဖေါ်ပြချက်။

(၃) အဓိမောက္ခ။ ၊ အာရုံကို ဆုံးဖြတ်ခြင်း လက္ခဏာ
ရှိသော အဓိမောက္ခစေတသိက်။ ။

(က) * အဓိမောက္ခသည်၊ အာရုံကိုဆုံးဖြတ်ခြင်းဟူသော မှတ်ကြောင်း (မှတ်အပ်သော)သဘောရှိ၏။ ။ (လက္ခဏာ)။ ။

(ခ) * အဓိမောက္ခသည်၊ ထိုမှ၊ဤမှ၊မရွှေ့ရှားသော ဆုံးဖြတ်ခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * အဓိမောက္ခသည်၊ ဆုံးဖြတ်တတ်သော ဝေရားဟူ၍(ရှုကြည့်သသူ) ယောဂိပုဂ္ဂိုလ်၏ဥာဏ်အား၊ ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။

(ဃ) * အဓိမောက္ခသည်၊ အာရုံဖြစ်သော ဆုံးဖြတ်အပ်သောတရားလျှင်၊နီးစွာသောအကြောင်းရှိ၏။ ။ (ပဒဋ္ဌာန်)။ ။

ဝိရိယစေတသိက်၏၊အမှန်လေးနက်၊ဖော်ပြချက်။

(၄) ဝိရိယ။ ။သမ္မယုတ်တရားတို့ကို၊ ထောက်ပံ့ခိုင်စေစေခြင်း,လက္ခဏာရှိသောဝိရိယစေတသိက်။ ။

(က) * ဝိရိယသည်၊ ထိုထိုကိစ္စကို ကောင်းစွာအားထုတ်ခြင်း, ဟူသော မှတ်ကြောင်း (မှတ်အပ်သော) သဘောရှိ၏။ ။(လက္ခဏာ)။ ။

(ခ) * ဝိရိယသည်၊ သဟဇာတ်တရားတို့ကို၊ ထောက်ပံ့ခြင်း,အားပေးခြင်း, ချီပင့်ခြင်း, ချီးမြှင့်ခြင်း, အမှုအလုပ်ရှိ၏။ ။(ရသ)။

(ဂ) * ဝိရိယသည်၊ မဆုတ်မနစ်စေသည်၏အဖြစ်လျှင်၊ (ရှုကြည့်သသူ) ယောဂိပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေ့ရှု ထင်သော အခြင်းအရာ ရှိ၏။ ။(ပစ္စုပဋ္ဌာန်)၊ ။

(ဃ) * ဝိရိယသည်၊ ထိတ်လန့်ခြင်း, သံဝေဂ ဥာဏ်လျှင်၊ နီးစွာသောအကြောင်းရှိ၏။ (ပဒဋ္ဌာန်)။ ။

ဒိကိၤစေတသိက်ဴ၊အမ့နဲ့လေးနက်၊ဖေါ်ပြခ့က်။

(၅) ဒိတိ။ ။အာရုံကို နှစ်သက်ခြင်း လက္ခဏာ ရှိသော ဒိတိစေတသိက်။ ။

(က) * ဒိတိသည်၊အာရုံကို ကောင်းစွာနှစ်သက်ခြင်း၊ ချစ်ခြင်း,မြတ်နိုးခြင်း-ဟူသော မှတ်ကြောင်း (မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏာ)။ ။

(ခ) * ဒိတိသည်၊ ကိုယ် စိတ် နှစ်ပါးတို့ကို၊ ပြည့်ဖြိုးစေခြင်း, ပွါးစေခြင်း အမှုအလုပ်ရှိ၏။ ။(ပွနဲ့မြတ်သော စိတ္တဇရုပ်တို့ဖြင့်၊ ကိုယ်ကို ပျံ့နှံ့စေခြင်း အမှုအလုပ်ရှိ၏။ ။ဟူ၍လည်းဆို)။ ။(ရသ)။

(ဂ) * ဒိတိသည်၊ဝမ်းမြောက်တက်ကြွသော ကိုယ်စိတ်၏အဖြစ်ဟူ၍ (ရှုကြည့်သသူ)ယောဂိပုဂ္ဂိုလ်၏ ဉာဏ်အား၊ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ ။ (ပစ္စုပဋ္ဌာန်)။ ။

(ဃ) * ဒိတိသည်၊ ဝိညာဉ်လျင်၊ နိုးစွာသော အကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

ဆန္ဒစေတသိက်၏၊အမှန်လေးနက်၊ဖေါ်ပြခ့က်။

(၆) ဆန္ဒ။ ။အာရုံ၌ပြုလိုကာမတ္တ-သာ,လက္ခဏာရှိသော ဆန္ဒစေတသိက်။ ။

(က) * ဆန္ဒသည်၊ အမှုကိစ္စကို ပြုလိုကာမျှသာ၊ ဟူသော မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏။ ။ (လက္ခဏာ)။ ။

(ခ) * ဆန္ဒသည်၊အာရုံကိုရှာမှီးခြင်း၊အမှုအလုပ်ရှိ၏။ ။ (ရသ)။ ။

(ဂ) * ဆန္ဒသည်၊ အာရုံဖြင့်၊ အလိုရှိသည်၏အဖြစ်လျင်၊ (ရှုကြည့်သသူ) ယောဂိ ပုဂ္ဂိုလ်၏ ဉာဏ်အား၊

ရှေ့ရှု ထင်သော အခြင်းအရာ ရှိ၏။ ။(ပစ္စုပဋ္ဌာန်)။ ။

(ဃ) * ဆန္ဒသည်၊ ထိုအလုံးစုံသောအာရုံ၌သာလျှင်၊ နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

ဤသို့ပြဆိုအပ်ပြီးသော၊ ဝိတက်,ဝိစာရ,အဓိမောက္ခ,ဝီရိယ,ပီတိ,ဆန္ဒ-ဟူသော စေတသိက်တရား၊ ခြောက်ပါး တို့သည်၊ အများအပြားသောစိတ်တို့နှင့်၊ ပြိုးပြွမ်းသောအားဖြင့်၊ ယှဉ်နှိုင်သောကြောင့် (ပကိဏ္ဏက) စေတသိက်ဟူသော အမည်ရှိကုန်၏။ ။(ပကိဏ်စေတသိက်-ဟူ၍၊ ခေါ်တွင်စေ၏)။ ။

ထိုမှတပါး၊ နောက်၌ပြဆိုခဲ့ပြီးသော(သဗ္ဗစိတ္တသာဓာရဏ) စေတသိက် ၇ ပါး။ ဤ(ပကိဏ္ဏက)စေတသိက်(၆)ပါး။ ပေါင်း၍၊ ၁၃ ပါးသော စေတသိက်တို့သည်၊ (အညသမာန်) စေတသိက်အမည်ရှိကုန်၏။ ။(အညသမာန်စေတသိက်ဟူ၍ ခေါ်တွင်စေ၏)။ ။

အကုသိုလ်စေတသိက်(၁၄)ပါးပြဆိုခဏ်း။

မောဟစေတသိက်၏၊ အမှန်လေးနက်၊ ဖေါ်ပြချက်။

(၁) မောဟ။ ။အာရုံ၏သဘောကို၊ ဖုံးလွှမ်းခြင်းလက္ခဏာရှိသောမောဟစေတသိက်။ ။

(က) * မောဟသည်၊ ဓိုက်မဲး တွေဝေသော အဖြစ်လျှင်၊ မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏ)။ ။

(ခ) * မောဟသည်၊ အာရုံ၏သဘောကို၊ ဖုံးလွှမ်းခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * မောဟသည်၊ ဓိုက်မဲးစွာ ဖြစ်ခြင်းလျှင်၊ (ရှုကြည့်သသူ)၊ ယောဂီပုဂ္ဂိုလ်၏ဥာဏ်အား၊ ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။

(ဃ) * မောဟသည်၊ မသင့်သောအားဖြင့်၊နှလုံးသွင်းခြင်းလျှင်၊နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။

အဟိရိကစေတသိက်၏၊အမှန်လေးနက်၊ဖေါ်ပြချက်။

(၂) အဟိရိက။ ။ကာယဒုစရိုက် စသည်တို့ကို၊ ပြုရအံ့သည်မှမရှက်ခြင်းလက္ခဏာရှိသောအဟိရိကစေတသိက်။ ။

(က) * အဟိရိကသည်၊ကာယဒုစရိုက်စသည်တို့ကို၊ပြုရအံ့သည်မှ၊ မရှက်ခြင်း၊မစက်ဆုပ်ခြင်း,ဟူသောမှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏ)။ ။

(ခ) * အဟိရိကသည်၊ မရှက်သော အခြင်း အရာဖြင့်၊ မကောင်းမှုတို့ကို ပြုခြင်း အမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * အဟိရိကသည်၊ မတွန့်တိုခြင်း၊ မ့ရွံ့ခြင်းလျှင်၊ (ရှုကြည့်သသူ)၊ယောဂိပုဂ္ဂိုလ်၏ဥာဏ်အား၊ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။ ။

(ဃ) * အဟိရိကသည်၊ မိမိကိုယ်ကို၊ မရိုမသေ ပြုခြင်းလျှင်၊နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။

အနောတ္တပ္ပစေတသိက်၏၊အမှန်လေးနက်၊
ဖေါ်ပြချက်။

(၃) အနောတ္တပ္ပ၊ ။ကာယဒုစရိုက်စသည်တို့ကို၊ ပြုရအံ့သည်မှ၊မလန့်ခြင်းလက္ခဏာရှိသောအနောတ္တပ္ပစေတသိက်။ ။

(က) * အနောတ္တပ္ပသည်၊ကာယဒုစရိုက်စသည်ကိုပြုရအံ့သည်မှ၊ မထိတ်လန့်ခြင်းဟူသော မှတ်ကြောင်း(မှတ်အပ်သော) သဘောရှိ၏။ ။(လက္ခဏ)။

(ခ) * အနောတ္တပ္ပသည်၊ မထိတ်လန့်သော အခြင်းအရာဖြင့်၊မကောင်းမှုတို့ကိုပြုခြင်းအမှုအလုပ်ရှိ၏။ ။ (ရသ)။ ။

(ဂ) * အနောတ္တပ္ပသည်၊ ကာယဒုစရိုက်စသည်ကို ပြုရအံ့သည်မှ၊ မတွန့်တိုခြင်းလျှင်၊ (ရှုကြည့်သသူ)၊ ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေ့ရှု ထင်သော အခြင်းအရာရှိ၏။ ။(မစ္စုပဌာန်)။ ။

(ဃ) * အနောတ္တပ္ပသည်၊ သူတပါးတို့ကို၊မရိုမသေမြုခြင်းလျှင်၊နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။

ဥဒ္ဓစ္စစေတသိက်၏၊အမှန်လေးနက်၊ဖော်ပြချက်။

(၄) ဥဒ္ဓစ္စ။ ။စိတ်၏မငြိမ်သက်ခြင်း၊ပျံလွင့်ခြင်းလက္ခဏာရှိသောဥဒ္ဓစ္စစေတသိက်။ ။

(က) * ဥဒ္ဓစ္စသည်၊ စိတ်၏မငြိမ်သက်ခြင်းဟူသော မှတ်ကြောင်း (မှတ်အပ်သော) သဘော ရှိ၏။ ။ (လက္ခဏာ)။ ။

(ခ) * ဥဒ္ဓစ္စသည်၊မတည်ကြည်ခြင်းအမှုအလုပ်ရှိ၏။ ။ (ရသ)။ ။

(ဂ) * ဥဒ္ဓစ္စသည်၊ တုန်လှုပ်သော အဖြစ်လျှင်၊ (ရှုကြည့်သသူ)၊ ယောဂီပုဂ္ဂိုလ်၏ဥာဏ်အား၊ ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ ။(ပစ္စုပဌာန်)။ ။

(ဃ) * ဥဒ္ဓစ္စသည်၊ အသင့်အတင့်၊ နှလုံးသွင်းခြင်းလျှင်၊ နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

လောဘစေတသိက်၏၊အမှန်လေးနက်၊ဖော်ပြချက်။

(၅) လောဘ။ ။အာရုံ၌ငြိသောအားဖြင့်၊ တပ်ခြင်းလက္ခဏာရှိသောလောဘစေတသိက်။ ။

(က) * လောဘသည်၊ အာရုံ၌စွဲးလမ်းခြင်း ဟူသော မှတ်ကြောင်း(မှတ်အပ်သော)သဘော ရှိ၏။ ။(လက္ခဏ)။ ။

(ခ) * လောဘသည်၊ အာရုံ၌ ငြိကပ်ခြင်း အမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * လောဘသည်၊ စွန့်အပ်သောဝတ္ထုတို့ကိုမစွန့်ကြဲးခြင်းလျှင်၊(ရှုကြည့်သသူ)ယောဂီပုဂ္ဂိုလ်၏ဥာဏ်အား၊ရှေရှုထင်သောအခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။ ။

(ဃ) * လောဘသည်၊ တပ်နှစ်သက်သောအားဖြင့် ရှုခြင်းလျှင်၊နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။

ဒိဋ္ဌိစေတသိက်၏၊အမှန်လေးနက်၊ဖော်ပြချက်။

(၄) ဒိဋ္ဌိ။ ။မှားသောအားဖြင့် နှလုံးသွင်းခြင်း လက္ခဏာရှိသောဒိဋ္ဌိစေတသိက်။ ။

(က) * ဒိဋ္ဌိသည်၊ မသင့် မတင့်သောအားဖြင့်၊ နှလုံးသွင်းခြင်း ဟူသော မှတ်ကြောင်း (မှတ်အပ်သော) သဘောရှိ၏။ ။(လက္ခဏ)။ ။

(ခ) * ဒိဋ္ဌိသည်၊အနိစ္စ-စသဉ်မှတပါးသော၊နိစ္စ-စသည်ဖြင့်၊စွဲးလမ်းခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * ဒိဋ္ဌိသည်၊ ဖေါက်ပြန်သောအားဖြင့်၊ အဖန်တလဲးလဲးနှလုံးသွင်းခြင်းလျှင်၊ (ရှုကြည့်သသူ)၊ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ရှေရှုထင်သောအခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။ ။

(ဃ) * ဒိဋ္ဌိသည်၊အရိယာပုဂ္ဂိုလ်တို့ကိုဖူးမြင်ခြင်းငှါ၊အတိုမရှိသည်၏အဖြစ်စသည်လျှင်၊ နီးစွာသော အကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

မာနစေတသိက်၏၊ အမှန်လေးနက်၊ ဖေါ်ပြချက်။

(၇) မာန။ ။မိမိကိုယ်ကို၊ ငါသာလျှင်မြတ်၏ဟူ၍ မှန်ကင်းကဲ့သို့ထောင်လွှားခြင်းလက္ခဏာရှိသောမာ စေတသိက်။

(က) * မာနသည်၊ ငါသာလျှင် မြတ်၏ဟု၊ မိမိ ကိုယ်ကို ထောင်လွှားခြင်း ဟူသော မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏ)။ ။

(ခ) * မာနသည်၊ မိမိကိုယ်ကို၊ ချီးမြှောက်ခြင်း အမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * မာနသည်၊ မှန်ကင်းကဲ့သို့အလိုရှိခြင်းလျှင်၊(ရှုကြည့်သသူ)၊ ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။ ။

(ဃ) * မာနသည်၊ ဒိဋ္ဌိနှင့်ယှဉ်သော, လောဘလျှင်၊ နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

ဒေါသစေတသိက်၏၊ အမှန်လေးနက်၊ ဖေါ်ပြချက်။

(ဂ) ဒေါသ။ ။ကြမ်းထမ်းသောအားဖြင့်၊ ပြစ်မှားခြင်းလက္ခဏာရှိသောဒေါသစေတသိက်။ ။

(က) * ဒေါသသည်၊ကြမ်းထမ်းခြင်းဟူသောမှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏ)။ ။

(ခ) * ဒေါသသည်၊အာရုံ၌ ပြင်းစွာကြံစည်ခြင်း အမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * ဒေါသသည်၊ ပြစ်မှားခြင်းလျှင်၊ (ရှုကြည့် သသူ)၊ ယောဂီပုဂ္ဂိုလ်၏ဥာဏ်အား၊ရှေ့ရှုထင်သော အခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။ ။

(ဃ) * ဒေါသသည်၊ ရန်ငြိုးဖွဲခြင်းလျှင်၊ နီးစွာသော အကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

အနတ္တလက္ခဏာဖွင့်အကျယ်လောက်စွဲးကျန်း။

ဇာသေးစေတသိက်ဇ်၊အမှန်ဖေးနှက်၊ဖေါ်ပြချက်။

(၉) ဇာသေး။ ။သူတပါးစည်းစိမ်ကိုငြူ။စူခြင်းလက္ခဏာရှိသောဇာသေးစေတသိက်။ ။

(က) * ဇာသေးသည်၊သူတပါးစည်းစိမ်ကိုငြူ။စူခြင်း၊သည်းမံခံနိုင်ခြင်း ဟူသော မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိဇ်။ ။(လက္ခဏာ)။ ။

(ခ) * ဇာသေးသည်၊သူတပါးစည်းစိမ်၌၊မနွေလျော်ခြင်း၊ မနှစ်သက်ခြင်း,အမှုအလုပ်ရှိဇ်။ ။(ရသ)။ ။

(ဂ) * ဇာသေးသည်၊သူတပါးစည်းစိမ်မှ၊မရှုစိမ့်ဘဲ၊မျက်နှာလွှဲးသည်ဇ်အဖြစ်လျင်၊(ရှုကြည့်သသူ)ယောဂိပုဂ္ဂိုလ်ဇ်ဉာဏ်အား၊ ဖွေ့ရှုထင်သော အခြင်းအရာရှိဇ်။ ။(ပစ္စုပဋ္ဌာန်)။ ။

(ဃ) * ဇာသေးသည်၊ သူတပါးတို့ဇ်စည်းစိမ်လျင်၊ နိုးစွာသောအကြောင်းရှိဇ်။ ။(ပဒဋ္ဌာန်)။ ။

မစ္ဆရိယဖေစတသိက်ဇ်၊အမှန်လေးနှက်၊ဖေါ်ပြချက်။

(၁၀) မစ္ဆရိယ။ ။မိမိစည်းစိမ်ကို၊လျှို့ဝှက်ခြင်းလက္ခဏာရှိသောမစ္ဆရိယဖေစတသိက်၊ ။

(က) * မစ္ဆရိယသည်၊မိမိစည်းစိမ်တို့ကို၊လျှို့ဝှက်ခြင်း ဟူသောမှတ်ကြောင်း (မှတ်အပ်သော) သဘောရှိဇ်။ ။(လက္ခဏာ)။ ။

(ခ) * မစ္ဆရိယသည်၊ မိမိတို့ဇ်စည်းစိမ်ကိုသာလျင်၊ သူတပါးတို့နှင့်ဆက်ဆံသည်ဇ်အဖြစ်၌၊ သည်းမခံနိုင်ခြင်းအမှုအလုပ်ရှိဇ်။ ။(ရသ)။ ။

(ဂ) * မစ္ဆရိယသည်၊ မနှစ်သက်သောအခြင်းအရာဖြင့်၊ စိတ်ဇ်တွန့်ကိုခြင်းလျင်၊ (ရှုကြည့်သသူ)ယောဂိ

ပုဂ္ဂိုလ်၏ဥာဏ်အား၊ ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ ။(ပစ္ဆုပဋ္ဌာန်)။ ။

(ဃ) * မစ္စရိယသည်၊ အိပ်ရာ,နေရာ-စသောပိယိစည်းစိမ်လျှင်၊ နှီးစွာသောအကြောင်းရှိ၏။ • ။(ပဒဋ္ဌာန်)။

ကုက္ကုစ္စစေတသိက်၏၊ အမှန်လေးနက်၊ ပေါ်ပြုချက်။

(၁၁) ကုက္ကုစ္စ။ ။ပြုအပ်ပြီးသောဒုစရိုက်၊ မပြုထိုက်မိသောသုစရိုက်တို့ရှိ၌၊ အဖန်တလဲလဲ စိုးရိမ်ခြင်း လက္ခဏာ ရှိသောကုက္ကုစ္စစေတသိက်။ ။

(က) * ကုက္ကုစ္စသည်၊ နောက်အခါ၌၊ အဖန် တလဲလဲ၊ ပူပန်စေခြင်း နှိပ်စက်ညှဉ်းဆဲးခြင်းဟူသောမှတ်ကြောင်း (မှတ်အပ်သော) သဘော ရှိ၏။ ။ (လက္ခဏာ)။ ။

(ခ) * ကုက္ကုစ္စသည်၊ ပြုကျင့်လွန်ကျူးမိသောဒုစရိုက်အမှု၊ မပြုခဲ့မကျင့်ခဲ့မိသောသုစရိုက်အမှုတို့ကို၊ အဖန်တလဲလဲလျှောက်၍ အောက်မေ့စိုးရိမ်ခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * ကုက္ကုစ္စသည်၊ နှလုံးမသာယာခြင်းကို ဖြစ်စေခြင်းလျှင်၊ (ရှက်ကြည့်သသူ)၊ ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေ့ရှုထင်သော အခြင်းအရာ ရှိ၏။ ။ (ပစ္ဆုပဋ္ဌာန်)။ ။

(ဃ) * ကုက္ကုစ္စသည်၊ ပြုကျင့်လွန်ကျူးမိသောဒုစရိုက်အမှု၊ မပြုခဲ့၊ မကျင့်ခဲ့မိသောသုစရိုက်အမှုလျှင်၊ နှီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

ထိနစေတသိက်၏၊ အမှန်လေးနက်၊ ဖေါ်ပြချက်။

(၁၂) ထိန။ ။စိတ်၏မခံ့ခြင်း လက္ခဏာရှိသော ထိနစေတသိက်။ ။

(က) * ထိနသည်၊ အားထုတ်ခြင်းမှ-ကင်းခြင်း ဟူလော မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏။ ။ (လက္ခဏာ)။ ။

(ခ) * ထိနသည်၊ ဝီရိယကို၊ ဖျက်ဆီးခြင်း အမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * ထိနသည်၊ သမ္ပယုတ်တရားတို့ကို၊ဆုတ်ယုတ်စေသောအားဖြင့်၊ (ရှုကြည့်သသူ) ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေ့ရှုထင်သော အခြင်းအရာရှိ၏။ ။(ပစ္စုပ်ဌာန်)။ ။

(ဃ) * ထိနသည်၊ မသင့်မတင့်သောအားဖြင့်၊ နှုလုံးသွင်းခြင်းလျှင်၊ နီးစွာသော အကြောင်း ရှိ၏။ ။ (ပဒဋ္ဌာန်)။ ။

မိဒ္ဓစေတသိက်၏၊ အမှန်လေးနက်၊ ဖေါ်ပြချက်။

(၁၃) မိဒ္ဓ။ ။စေတသိက်တို့၏၊မခံ့ခြင်း၊လက္ခဏာရှိသော မိဒ္ဓစေတသိက်။ ။

(က) * မိဒ္ဓသည်၊ သမ္ပယုတ်တရားတို့၏အမှု၌၊မခံ့ခြင်း,ဟူလော မှတ်ကြောင်း (မှတ်အပ်သော) သဘောရှိ၏။ ။(လက္ခဏာ)။ ။

(ခ) * မိဒ္ဓသည်၊ သမ္ပယုတ်တရားတို့ကို၊ ဖွဲ့ခြင်း အမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * မိဒ္ဓသည်၊အာရုံကိုယူခြင်း၌၊တွန့်တိုသောအားဖြင့်၊ (ရှုကြည့်သသူ)ယောဂီပုဂ္ဂိုလ်၏ဥာဏ်အား၊ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။

(ဃ) * မိဒ္ဓသည်၊မသင့်သောအားဖြင့်၊နှလုံးသွင်းခြင်းလျှင်၊ နီးစွာသောအကြောင်းရှိ၏။ ။(ပဒဌာန်)။ ။

ဝိစိကိစ္ဆာစေတသိက်၏၊အမှန်လေးနက်၊ ဖော်ပြချက်။

(၁၄) ဝိစိကိစ္ဆာ။ ။အာရုံကိုမဆုံးဖြတ်နှိုင်ခြင်း,လက္ခဏာ ရှိသောဝိစိကိစ္ဆာစေတသိက်။ ။

(က) * ဝိစိကိစ္ဆာသည်၊ (ဂ)ပါးသောအရာ(၁၆)ပါးသော အရာတို့၌၊ ယုံမှားခြင်း ဟူသော မှတ်ကြောင်း (မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏ)။ ။

(ခ) * ဝိစိကိစ္ဆာသည်၊အထူးထူးသောအာရုံတို့၌၊စိတ်၏ တုန်လှုပ်ခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * ဝိစိကိစ္ဆာသည်၊ မဆုံးဖြတ်နှိုင်ခြင်း၊နှလုံး-နှစ်ခွကို ဖြစ်စေခြင်းလျှင်၊ (ရှုကြည့်သသူ)ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေ့ရှုထင်သော အခြင်းအရာရှိ၏။ ။(ပစ္စုပဌာန်)။ ။

(ဃ) * ဝိစိကိစ္ဆာသည်၊ မသင့်မတင့်သောအားဖြင့်၊နှလုံး သွင်းခြင်းလျှင်၊ နီးစွာသောအကြောင်းရှိ၏။ ။ (ပဒဌာန်)။ ။

၏သို့ပြဆိုအပ်ခဲ့ပြီးသော,မောဟ,အဟိရိက,အနောတ္တပ္ပ * * ဝိစိကိစ္ဆာ-ဟူသောစေတသိက်တရား၊ တဆဲ့လေးပါးတို့သည်၊ တဆဲ့နှစ်ပါးသော အကုသိုလ်စိတ်တို့နှင့် ယှဉ်နှိုင်သောကြောင့်၊ (အကုသိုလ်)စေတသိက်ဟူသော အမည်ရှိကုနီ၏။ ။(အကုသိုလ်စေတသိက်ဟူ၍-ခေါ်ထွင်စေ၏)။ ။

သောဘဏသာဓာရဏစေတသိက်(၁၉)ပါး၊ ပြဆိုခဏ်း။

သဒ္ဓါစေတသိက်၏၊အမှန်လေးနက်၊ဖေါ်ပြချက်။

(၁) သဒ္ဓါ။ ။ဘုရားအစရှိသော ကောင်းသော အာရုံ၌၊ သမ္ပယုတ်တရားတို့ကို၊ ကြည်စေခြင်း လက္ခဏာရှိသော သဒ္ဓါ စေတသိက်။ ။

(က) * သဒ္ဓါသည်၊ရတနာသုံးပါး၊ကံ,ကံ၏အကျိုး-ဟုဆိုအပ်သော ယုံကြည်အပ်သော ဝတ္ထုတို့ကို၊ ယုံကြည်ခြင်း, ဟူသော မှတ်ကြောင်း (မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏ)၊ ။

(ခ) * သဒ္ဓါသည်၊ နောံကျုခြင်းဟူသောအညစ်အကြေးတို့ကိုပယ်၍၊သမ္ပယုတ်တရားတို့ကို၊ကြည်စေခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * သဒ္ဓါသည်၊ သမ္ပယုတ်တရားတို့၏၊ မနောက်ကျုခြင်းလျှင်၊ (ရှုကြည့် သသူ)၊ ယောဂီ ပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေရှု ထင်သော၊ အခြင်းအရာ ရှိ၏။ ။(ပစ္စုပဋ္ဌာန်)။ ။

(ဃ) * သဒ္ဓါသည်၊ ရတနာသုံးပါး၊ ကံ,ကံ၏ အကျိုး-ဟူသောယုံကြည်အပ်သောဝတ္ထုလျှင်၊နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

သတိစေတသိက်၏၊အမှန်လေးနက်၊ဖေါ်ပြချက်။

(၂) သတိ။ ။ဘုရားအစရှိသော ကောင်းသော အာရုံ၌၊ သမ္ပယုတ်တရားတို့ကို၊ အောက်မေ့စေခြင်း,လက္ခဏာရှိသော သတိစေတသိက်။ ။

(က) * သတိသည်၊ အာရုံကို မျောရှ်၊ သွားစိမ့်သောဌါ၊ မပေးမူ၍၊ကျောက်ဖျာကဲ့သို့၊မလှုပ်မရှား၊အာရုံ

ကို ထားခြင့်ဟူသော မှတ်ကြောင်း (မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏ)။

(ခ) * သတိသည်၊ မေ့လျော့ခြင်းကို၊ ဖျက်ဆီးခြင်း အမှုအလုပ်ရှိ၏။ ။(ရသ)၊ ။

(ဂ) * သတိသည်၊ စိတ်ကိုစောင့်ရှောံတတ်သောဝာရားဟူ၍၊ (ရှုကြည့်သသူ)ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေ့ရှုထင်သော့ အခြင်းအရာ ရှိ၏။ ။ (ပစ္စုပဋ္ဌာန်)။ ။

(ဃ) * သတိသည်၊ မြဲးမြံသောသညာလျှင်၊ နီးစွာသော အကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)၊ ။

ဟိရီစေတသိက်၏၊အမှန်လေးနက်၊ဖေါ်ပြချက်။

(၃) ဟိရီ။ ။ကာယဒုစရိုက် စသည်ကို၊ ပြုရအံ့သည်မှ၊ ရှက်ခြင်းလက္ခဏာရှိသောဟိရီစေတသိက်။ ။

(က) * ဟိရီသည်၊ မကောင်းမှုမှ၊ စက်ဆုပ်ခြင်းဟူသော မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏။ ။ (လက္ခဏ)။ ။

(ခ) * ဟိရီသည်၊ ရှက်သောအခြင်းအရာဖြင့်၊မကောင်းမှုတို့ကို၊မပြုခြင်း,အမှုအလုပ်ရှိ၏။ ။(ရသ)။

(ဂ) * ဟိရီသည်၊ မကောင်းမှုမှ၊ တွန့်တို ဆုတ်နစ်သော အဖြစ်လျှင်၊ (ရှုကြည့်သသူ) ယောဂီ ပုဂ္ဂိုလ်၏ ဥာဏ်အား၊ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ ။ (ပစ္စုပဋ္ဌာန်)။ ။

(ဃ) * ဟိရီသည်၊ မိမိကိုယ်ကို၊ ရိုသေခြင်းလျှင်၊ နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

ဩဇာပစ္စယတဒ္ဓိတ်ဏ္ဍ၊ အမှန်လေးနက်၊ ဖေါ်ပြချက်။

(၄) ဩဇာပ္ပ။ ။ကာယဒုစရိုက် စသည်ကို၊ ပြုရအံ့သည်မှ၊ ထိတ်လန့်ခြင်းလက္ခဏာရှိသော ဩဇာပ္ပစေတသိက်။ ။

(က) * ဩဇာပ္ပသည်၊ မကောင်းမှုကိုပြုရအံ့သည်မှ၊ ထိတ်လန့်ခြင်းဟူသော မှတ်ကြောင်း(မှတ်အပ်သော) သဘောရှိ၏။ ။(လက္ခဏ)။ ။

(ခ) * ဩဇာပ္ပသည်၊ ထိတ်လန့်သော အခြင်းအရာဖြင့်၊ မကောင်းမှုတို့ကို၊ မပြုခြင်းအမှုအလုပ်ရှိ၏။ ။ (ရသ)။ ။

(ဂ) * ဩဇာပ္ပသည်၊ မကောင်းမှုမှ၊ တွန့်တိုဆုတ်နစ်သော အဖြစ်လျှင်၊ (ရှုကြည့်သူ) ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်အား၊ ရှေ့ရှုထင်သော အခြင်းအရာရှိ၏။ ။ (ပစ္စုပဋ္ဌာန်)။ ။

(ဃ) * ဩဇာပ္ပသည်၊ သူတပါးကို၊ ရိုသေခြင်းလျှင်၊ နိုးစွာသော အကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

အလောဘစေတသိက်၏၊ အမှန်လေးနက်၊ ဖေါ်ပြချက်။

(၅) အလောဘ။ ။အာရုံ၌ ငြိသောအားဖြင့်၊ မတပ်ခြင်းလက္ခဏာရှိသော အလောဘစေတသိက်။ ။

(က) * အလောဘသည်၊ အာရုံ၌ မကပ်ငြိခြင်း ဟူသော မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏။ ။ (လက္ခဏ)။ ။

(ခ) * အလောဘသည်၊ ငါ-ငါ၏ဥစ္စာဟု၊ မသိမ်းဆည်းခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * အလောဘသည်၊ မငြိမကပ်သော(အထိမရှိသော) (မမက်မောသော)အဖြစ်လျှင်၊ (ရှုကြည့်သူ)

ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေရှုထင်သော
အခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။ ။
(ဃ) * အလောဘသည်၊ ဝိညာဉ်လျှင်၊ နီးစွာသော အ
ကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

အဒေါသစေတသိက်၏၊အမှန်လေးနက်၊ဖော်ပြချက်။

(၄) အဒေါသ။ ။ကြမ်းထမ်းသော အားဖြင့်၊ မပြစ်မှား
ခြင်းလက္ခဏာရှိသောအဒေါသစေတသိက်။ ။
(က) * အဒေါသသည်၊မကြမ်းထမ်းသည်၏အဖြစ်လျှင်၊
မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိ၏။ ။
(လက္ခဏ)။ ။
(ခ) * အဒေါသသည်၊ မျက်ကြုတ်ကိုးတန်၊ပြိုးထားရန်
ကို၊ တွန်းလှန် ပယ်ဖျောက်ခြင်း အမှုအလုပ် ရှိ
၏။ ။(ရသ)။ ။
(ဂ) * အဒေါသသည်၊ချေမ်းသည်၏အဖြစ်လျှင်၊(ရှုကြည့်
သသူ)ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေရှုထင်
သောအခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။ ။
(ဃ) * အဒေါသသည်၊ဝိညာဉ်လျှင်၊နီးစွာသောအကြောင်း
ရှိ၏။ ။(ပဒဋ္ဌာန်)။ ။

တတြမဇ္ဈတ္တတာစေတသိက်၏၊အမှန်လေးနက်၊
ဖော်ပြချက်။

(၇) တတြမဇ္ဈတ္တတာ။ ။ထိုထိုသော အာရုံတို့၌၊ သမ္ပ
ယုတ်တရားတို့ကို၊လျစ်လျူရှုစေခြင်း လက္ခဏာရှိသော တတြ
မဇ္ဈတ္တတာစေတသိက်။ ။
(က) * တတြမဇ္ဈတ္တတာသည်၊အညီအမျှအကြင်အကြင်
မိမိတို့၏ ကိစ္စတို့၌၊ ဖြစ်စေခြင်းဟူသော မှတ်

ကြောင်း (မှတ်အပ်သော) သဘော ရှိ၏။ ။
(လက္ခဏ)။ ။

(ခ) * တတြမဇ္ဈတ္တတာသည်၊ ယုတ်လျော့သည်၏ အဖြစ်ဟုဆိုအပ်သော(လီန)၊လွန်ကဲးသည်၏ အဖြစ်ဟုဆိုအပ်သော(ဥဒ္ဓစ္စ)တို့ကို၊ တားမြစ်ခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * တတြမဇ္ဈတ္တတာသည်၊ အလယ်အကြားဒ္ဓ တည်သောသဘောရှိသောသူ၏အဖြစ်ဟူ၍၊(ရှုကြည့်သသူ)ယောဂီပုဂ္ဂိုယ်၏ ဥာဏ်အား၊ ရှေရှုထင်သောအခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။ ။

(ဃ) * တတြမဇ္ဈတ္တတာသည်၊ ဗီတိကိုလွန်မြောက်ခြင်းလျှင်၊နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။

ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ-စေတသိက်နှစ်ပါးတို့၏၊ အမှန်လေးနက်၊ဖေါ်ပြချက်။

(ဂ) ကာယပဿဒ္ဓိ။ ။စေတသိက်တို့၏ ငြိမ်းခြင်းလက္ခဏာရှိသောကာယပဿဒ္ဓိစေတသိက်။ ။

(၉) စိတ္တပဿဒ္ဓိ။ ။စိတ်၏ ငြိမ်းခြင်း လက္ခဏာရှိသော စိတ္တပဿဒ္ဓိစေတသိက်။ ။

(က) * ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ — စေတသိက်နှစ်ပါးတို့သည်၊ကိုယ်စိတ်နှစ်ပါးကို၊ ပူပန်စေတတ်သော ဥဒ္ဓစ္စပြဓာန်းသော ကိလေသာတို့ကို ငြိမ်းစေခြင်း ဟူသော မှတ်ကြောင်း (မှတ်အပ်သော) သဘော ရှိကုန်၏။ ။ (လက္ခဏ)။ ။

(ခ) * ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ — စေတသိက်နှစ်ပါးတို့သည်၊ကိုယ်စိတ်နှစ်ပါးကို၊ ပူပန်စေတတ်သော ဥဒ္ဓိစ္စပြဓာန်းသော ကိလေသာတို့ကို၊ နှိပ်နှင်းခြင်း အမှု အလုပ် ရှိကုန်၏။ ။(ရသ)။ ။

(ဂ) ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ — စေတသိက် နှစ်ပါးတို့သည်၊ ကိုယ်စိတ်နှစ်ပါးတို့၏ ပူပန်ခြင်း, တုန်လှုပ်ခြင်းကင်းသည်ဖြစ်၍၊ ငြိမ်းချမ်းသည်၏အဖြစ်ဖြင့်၊ (ရှုကြည့်သူ)ယောဂီပုဂ္ဂိုလ်၏ဉာဏ်အား၊ ဖွဲ့ရှုထင်သော အခြင်းအရာရှိကုန်၏။ ။(ပစ္စုပဋ္ဌာန်)။

(ဃ) * ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ — စေတသိက် နှစ်ပါးတို့သည်၊ ကိုယ်စိတ်နှစ်ပါးလျှင်၊ နီးစွာသော အကြောင်းရှိကုန်၏။ ။(ပဒဋ္ဌာန်)။ ။

ကာယလဟုတာ,စိတ္တလဟုတာစေတသိက်တို့၏၊ အမှုန်းလေးနှက်၊ဖေါ်ပြချက်။

(၁၀) ကာယလဟုတာ။ ။စေတသိက်တို့၏၊ ပေါ့ခြင်းလက္ခဏာရှိသော ကာယလဟုတာစေတသိက်။ ။

(၁၁) စိတ္တလဟုတာ။ ။စိတ်၏ပေါ့ခြင်းလက္ခဏာရှိသော စိတ္တလဟုတာစေတသိက်။ ။

(က) * ကာယလဟုတာ, စိတ္တလဟုတာ — စေတသိက်နှစ်ပါးတို့သည်၊ ကိုယ်စိတ်နှစ်ပါးတို့၏လေးလံသည်၏အဖြစ်မှ၊ ငြိမ်းချမ်းခြင်းဟူသော မှတ်ကြောင်း (မှတ်အပ်သော်)သဘောရှိကုန်၏။ ။(လက္ခဏ)။ ။

(၁) * ကာယလဟုတာ, စိတ္တလဟုတာ — စေတသိက်နှစ်ပါးတို့သည်၊ကိုယ်စိတ်နှစ်ပါးတို့၏လေးလံသည့်အဖြစ်ကို၊ပြုံတတ်သောထိန,မိဒ္ဓ-ဟုဆိုအပ်သော ကိလေသာတို့ကို၊နှိပ်နင်းခြင်းအမှုအလုပ်ရှိကုန်၏။ ။(ရသ)။ ။

(၂) * ကာယလဟုတာ, စိတ္တလဟုတာ — စေတသိက်နှစ်ပါးတို့သည်၊ကိုယ်စိတ်နှစ်ပါးတို့၏မလေးသည့်၏အဖြစ်ဖြင့်၊ဖြစ်ခြင်းလျှင်၊(ရှုကြည့်သူ)ယောဂိပုဂ္ဂိုလ်၏ ဉာဏ်အား၊ရှေ့ရှုထင်သောအခြင်းအရာရှိကုန်၏။ ။(ပစ္စုပဋ္ဌာန်)။ ။

(၃) * ကာယလဟုတာ, စိတ္တလဟုတာ — စေတသိက်နှစ်ပါးတို့သည်၊ကိုယ်စိတ် နှစ်ပါးလျှင်၊ နီးစွာသော အကြောင်းရှိကုန်၏။ ။(ပဒဋ္ဌာန်)။

ကာယမုဒုတာ,စိတ္တမုဒုတာ-စေတသိက်တို့၏၊
အမှုန်လေးနက်၊ပေါ်ပြူချက်။

(၁၂) ကာယမုဒုတာ။ ။စေတသိက်တို့၏၊နူးညံ့ခြင်းလက္ခဏာရှိသောကာယမုဒုတာစေတသိက်။ ။

(၁၃) စိတ္တမုဒုတာ။ ။စိတ်၏နူးညံ့ခြင်း လက္ခဏာရှိသော စိတ္တမုဒုတာစေတသိက်။ ။

(က) * ကာယမုဒုတာ, စိတ္တမုဒုတာ — စေတသိက်နှစ်ပါးတို့သည်၊ကိုယ်စိတ်နှစ်ပါးတို့၏၊ ခက်ထန် ခိုင်မာသည့်၏အဖြစ်ဟူသောဒိဋ္ဌိ,မာနပြဓါန်းသောကိလေသာတို့ကို၊ ငြိမ်းစေခြင်း ဟူသော မှတ်ကြောင်း(မှတ်အပ်သော)သဘောရှိကုန်၏။ ။(လက္ခဏ)။

(ခ) * ကာယမုဒုတာ, စိတ္တမုဒုတာ — စေတသိက် နှစ်ပါးတို့သည်၊ ကိုယ်စတ် နှစ်ပါးတို့၏၊ ခက်ထန် ခိုင်မာသည်၏ အဖြစ် ဟူသော ဒိဋ္ဌိ,မာန-ပြဓာန်းသော ကိလေသာတို့ကိုနှိပ်နင်းခြင်း အမှုအလုပ် ရှိကုန်၏။ ။ (ရသ)။ ။

(ဂ) * ကာယမုဒုတာ, စိတ္တမုဒုတာ — စေတသိက် နှစ်ပါးတို့သည်၊ ကြမ်းထမ်းခက်တရော်ရှိသည်ကို နှိပ်နင်းခြင်းကြောင့်၊ အာရုံ၌မထိခိုက်သော မပင်ပန်းသောအဖြစ်လျှင်၊(ရှုကြည့်သသူ)ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေ့ရှုထင်သော အခြင်းအရာရှိကုန်၏။ ။(ပစ္စုပဋ္ဌာန်)။ ။

(ဃ) * ကာယမုဒုတာ, စိတ္တမုဒုတာ — စေတသိက်နှစ်ပါးတို့သည်၊ကိုယ်စိတ်နှစ်ပါးလျှင်၊နီးစွာသောအကြောင်းရှိကုန်၏။ ။(ပဒဋ္ဌာန်)။ ။

ကာယကမ္မညတာ,စိတ္တကမ္မညတာ၊စေတသိက်တို့၏၊ အမှန်လေးနက်၊ဖေါ် ပြချက်။

(၁၄) ကာယ ကမ္မညတာ။ ။စေတသိက်တို့၏ အမှု၌၊ ကောင်းသောအဖြစ်လျှင်၊လက္ခဏာရှိသော ကာယကမ္မညတာ စေတသိက်။ ။

(၁၅) စိတ္တ ကမ္မညတာ။ ။စိတ်၏ အမှု၌၊ ကောင်းသော အဖြစ်လျှင်၊လက္ခဏာရှိသောစိတ္တကမ္မညတာစေတသိက်။ ။

(က) * ကာယကမ္မညတာ, စိတ္တကမ္မညတာ — စေတသိက်နှစ်ပါးတို့သည်ဒါန, သိလ-အစရှိသော ပုညကြိယာဝတ္ထုတို့၌မကောင်းသည်၏ အဖြစ်,မလျော်ပတ်သည်၏ အဖြစ်-ဟူသော ကာမဆွန္ဒပြဓာန်းသော, ညစ်ညူးသောတရားတို့ကို၊ ငြိမ်းစေခြင်း ဟူသော မှတ်ကြောင်း (မှတ်ဒေါပ်သော) သဘောရှိကုန်၏။ ။(လက္ခဏာ)။

(ခ) * ကာယကမ္မညတာ, စိတ္တကမ္မညတာ — စေတသိက်နှစ်ပါးတို့သည်၊ဒါန, သိလ-အစရှိသော ပုညကြိယာဝတ္ထုတို့၌,မကောင်းသည်၏အဖြစ်, မလျော်ပတ်သည်၏ အဖြစ်ဟူသော ကာမဆွန္ဒပြဓာန်းသော ညစ်ညူးသော တရားတို့ကို၊ နှိပ်နင်းခြင်း အမှု အလုပ်ရှိကုန်၏။ ။(ရသ)။ ။

(ဂ) * ကာယကမ္မညတာ, စိတ္တကမ္မညတာ — စေတသိက်နှစ်ပါးတို့သည်၊ကိုယ်စိတ်နှစ်ပါးတို့၏ အာရုံပြုခြင်း၏ ပြည့်စုံခြင်းလျှင်၊(ရှုကြည့်သသူ)ယောဂီ ပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေးရှုဆင်သော အခြင်းအရာရှိကုန်၏။ ။(ပစ္စုပဋ္ဌာန်)။ ။

(ဃ) * ကာယကမ္မညတာ, စိတ္တကမ္မညတာ — စေတသိက်နှစ်ပါးတို့သည်၊ကိုယ်စိတ်နှစ်ပါးလျှင်၊ နီးစွာသော အာကြောင်းရှိကုန်၏။ ။(ပဒဋ္ဌာန်)။

ကာယပါဂုညတာ,စိတ္တပါဂုညတာ၊စေတသိက်တို့၏၊ အမှန်ငွေလေးနက်၊ဖော်ပြချက်။

(၁၆) ကာယပါဂုညတာ။ ။စေတသိက်တို့၏အမှုဒ်၊လေ့လာခြင်းလက္ခဏာရှိသောကာယပါဂုညတာစေတသိက်။ ။

(၁၇) စိတ္တပါဂုညတာ။ ။စိတ်၏ အမှုဒ်၊ လေ့လာခြင်းလက္ခဏာရှိသောစိတ္တပါဂုညတာစေတသိက်။ ။

(က) * ကာယပါဂုညတာ, စိတ္တပါဂုညတာ	စေတသိက်နှစ်ပါးတို့သည်၊ကိုယ်စိတ်နှစ်ပါးတို့၏၊ ကျင်နာခြင်းမရှိသည်၏ အဖြစ်, မယုံကြည်ခြင်း-စသော အကုသိုလ်တရားတို့၏၊ ဆန့်ကျင်ဘက်၏အဖြစ်-ဟူသော မှတ်ကြောင်း (မှတ်အပ်သော) သဘောရှိကုန်၏၊ ။(လက္ခဏ)။
(ခ) * ကာယပါဂုညတာ, စိတ္တပါဂုညတာ	စေ တသိက် နှစ်ပါး တို့သည်၊ ကိုယ်စိတ် နှစ်ပါးတို့၏၊ ကျင်နာခြင်းမရှိသည်၏အဖြစ်, မယုံကြည်ခြင်း စသော အကုသိုလ် တရားတို့ကို၊ နှိပ်နင်းခြင်း အမှု အလုပ်ရှိကုန်၏၊ ။(ရသ)။ ။
(ဂ) * ကာယပါဂုညတာ, စိတ္တပါဂုညတာ	စေတသိက် နှစ်ပါးတို့သည်၊ ဆို့အပ်ခဲ့ပြီးသော ကျင်နာခြင်း အစရှိသည်တို့ကို၊ နှိပ်နင်းသောအားဖြင့်၊ အပြစ်ကင်းခြင်းလျှင်၊ (ရှုကြည့်သသူ) ယောဂီ ပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေ့ရှုထင်သော အခြင်းအရာရှိကုန်၏။ ။ (ပစ္စုပဋ္ဌာန်)။ ။

(ဃ) * ကာယပါဂုညတာ, စိတ္တပါဂုညတာ } စေတသိက်နှစ်ပါးတို့သည်၊ကိုယ်စိတ် နှစ်ပါးလျှင်၊ နီးစွာသော အကြောင်းရှိကုန်၏။ ။(ပဒဋ္ဌာန်)။

ကာယုဇုကတာ,စိတ္တုဇုကတာ၊စေတသိက်တို့၏၊ အမှန်လေးနက်၊ဖေါ်ပြချက်။

(၁၈) ကာယုဇုကတာ။ ။စေတသိက်တို့၏၊ ဖြောင့်စွာဖြစ်ခြင်းလက္ခဏာရှိသောကာယုဇုကတာစေတသိက်။ ။

(၁၉) စိတ္တုဇုကတာ။ ။စိတ်၏ဖြောင့်စွာဖြစ်ခြင်းလက္ခဏာရှိသောစိတ္တုဇုကတာစေတသိက်။ ။

(က) * ကာယုဇုကတာ, စိတ္တုဇုကတာ၊ } စေတသိက် နှစ်ပါးတို့သည်၊ ကိုယ်စိတ်နှစ်ပါးတို့၏ဖြောင့်စွါဖြစ်ခြင်းဟူသော မှတ်ကြောင်း(မှတ်အပ်သော) သဘောရှိကုန်၏။ ။(လက္ခဏ)။

(ခ) * ကာယုဇုကတာ, စိတ္တုဇုကတာ } စေတသိက် နှစ်ပါးတို့သည်၊ ကိုယ်စိတ် နှစ်ပါးတို့၏၊ ကောက်သည်၏ အဖြစ်ကို၊ နှိပ်နင်းဖျက်ဆီးခြင်းအမှုအလုပ်ရှိကုန်၏။ ။(ရသ)။ ။

(ဂ) * ကာယုဇုကတာ, စိတ္တုဇုကတာ } စေတသိက်နှစ်ပါးတို့သည်၊မကော်သော အဖြစ်လျှင်၊ (ရှုကြည့်သသူ)၊ ယောဂီဂုဂ္ဂိုလ်၏ ဥာဏ်အား၊ရှေ့ရှုထင်သောအခြင်းအရာရှိကုန်၏။ ။(ပစ္စုပဋ္ဌာန်)။ ။

(ဃ) * ကာယုဇုကတာ, စိတ္တုဇုကတာ } စေတသိက်နှစ်ပါးတို့သည်၊ ကိုယ်စိတ် နှစ်ပါးလျှင်၊ နီးစွာသော အကြောင်းရှိကုန်၏။ ။(ပဒဋ္ဌာန်)။

ဤသို့ပြဆိုအပ်ခဲ့ပြီးသော သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ * * * စိတ္တုဇုကတာ-ဟူသော(၁၉)ပါးသော စေတသိက်တို့သည်၊ တခုယုတ်(၆၀)သော(သောဘဏ)စိတ်တို့နှင့်၊ ဆက်ဆံနှိုင်သည်၏အဖြစ်ကြောင့်၊(သောဘဏ-သာဓာရဏ)စေတသိက် အမည်ရှိကုန်၏။ ။(သောဘဏ-သာဓာရဏ စေတသိက် ဟူ၍၊ခေါ်တွင်စေ၏)။ ။

ဝိရတီစေတသိက်(၃)ပါးပြဆိုခဏ်း။

သမ္မာဝါစာစေတသိက်၏၊အမှန်လေးနက်၊ဖေါ်ပြချက်။

(၁) သမ္မာဝါစာ။ ။အသက်မွေးခြင်းလျှင်၊အကြောင်းမရှိသော ဝစီဒုစရိုက်တရားလေးပါးမှ၊ ကြဉ်ခြင်းလက္ခဏာရှိသော သမ္မာဝါစာစေတသိက်။ ။

(က) * သမ္မာဝါစာသည်၊ သမ္ပယုတ်တရားတို့ကို၊ သိမ်းဆည်းခြင်း ဟူသော မှတ်ကြောင်း (မှတ်အပ်သော)သဘောရှိ၏။ ။(လက္ခဏ)။ ။

(ခ) * သမ္မာဝါစာသည်၊ မိစ္ဆာဝါစာမှ ကြဉ်ခြင်း အမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * သမ္မာဝါစာသည်၊မိစ္ဆာဝါစာကို၊ပယ်တတ်သော တရားဟူ၍၊ (ရှုကြည့်သသူ)၊ ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ (ပစ္စုပဋ္ဌာန်)။ ။

(ဃ) * သမ္မာဝါစာသည်၊သဒ္ဓါတရား,ဟိရီတရား,ဩတ္တပ္ပတရားလျှင်၊ အမွန်ရှိသော အလိုနည်းခြင်း, အစရှိသော ကျေးဖူးလျှင်၊ နီးစွာသော အကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။

သမ္မာကမ္မန္တစေတသိက်၏၊အမှန်လေးနက်၊ ဖေါ်ပြချက်။

(၂) သမ္မာကမ္မန္တ။ ။အသက်မွေးခြင်းလျှင်၊ အကြောင်းမရှိသော ကာယဒုစရိုက်တရား၊ သုံးပါးမှ ကြဉ်ခြင်းလက္ခဏာရှိသောသမ္မာကမ္မန္တစေတသိက်။ ။

(က) * သမ္မာကမ္မန္တသည်၊ ကောင်းသောအမှုကို ဖြစ်စေခြင်း ဟူသော မှတ်ကြောင်း (မှတ်အပ်သော) သဘောရှိ၏။ ။(လက္ခဏာ)။ ။

(ခ) * သမ္မာကမ္မန္တသည်၊ မိစ္ဆာကမ္မန္တမှ၊ ကြဉ်ခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * သမ္မာကမ္မန္တသည်၊ မိစ္ဆာကမ္မန္တကို၊ ပယ်ခွါတတ်သော တရားဟူ၍၊ (ရှုကြည့်သသူ)၊ ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေရှု ထင်သော အခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။ ။

(ဃ) * သမ္မာကမ္မန္တသည်၊သဒ္ဓါတရား,ဟိရီတရား,ဩတ္တပ္ပတရားလျှင်၊ အမွန်ရှိသော အလိုနည်းခြင်း,အစရှိသော ကျေးဇူးလျှင်၊ နီးစွာသော အကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

သမ္မာအာဇီဝစေတသိက်၏၊အမှန်လေးနက်၊ ဖေါ်ပြချက်။

(၃) သမ္မာအာဇီဝ။ ။အသက်မွေးခြင်းလျှင်အကြောင်းရှိသော ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက်သုံးပါးမှ၊ကြဉ်ခြင်းလက္ခဏာရှိသောသမ္မာအာဇီဝစေတသိက်။ ။

(က) * သမ္မာအာဇီဝသည်၊သမ္မယုတ်တရားတို့ကို၊ ဖြူစင်စေခြင်းဟူသော မှတ်ကြောင်း(မှတ်အပ်သော) သဘောရှိ၏။ ။(လက္ခဏာ)။ ။

(၆) * သမ္မာအာဇီဝသည္၊ အသင့္အတင့္အားျဖင့္၊ အသက္ေမြးျခင္းကိုျဖစ္ေစျခင္းအမွအလုပ္ရွိ၏။ ။ (ရသ)။ ။

(၇) * သမ္မာအာဇီဝသည္၊မိစ္ဆာဇီဝကို၊ ပယ္တတ္ေသာတရားဟူ၍၊ (ရွကြည့္သသူ)၊ ေယာဂီပုဂၢိဳလ္၏ဥာဏ္အား၊ေရွ့ရွုထင္ေသာအျခင္းအရာရွိ၏။ ။ (ပစ္ဆုပဋ္ဌာန္)။ ။

(၈) * သမ္မာအာဇီဝသည္၊သဒၶါတရား,ဟိရိတရား,ဩတၱပၸတရားလ်င္၊ အမွန္ရွိေသာ,အလိုနည္းျခင္း,အစရွိေသာ, ေကၽးဇူးလ်င္၊ နိုးၾသေသာ အေၾကာင္းရွိ၏။ ။(ပဒဋ္ဌာန္)။ ။

ဤသို့ ပြါဆိုအပ္ခဲ့ပြါးေသာ သံမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ,ဟူေသာသုံးပါးေသာစေတသိက္တို့သည္၊ေရွာင္ၾကဉ္အပ္, ေရွာင္ၾကဉ္ထိုက္ေသာ ဝိရမိတဗ္ဝတၳဳတို့မွ၊ ေရွာင္ၾကဉ္တတ္ေသာေၾကာင့္၊ (ဝိရတိ)စေတသိက္အမည္ရွိကုန္၏။ ။ (ဝိရတိစေတသိက္ဟူ၍ ေခၚတြင္စေ၏)၊ ။

အပ္ပမညာစေတသိက္(၂)ပါးပြါဆိုခဏ္း။

ကရုဏာစေတသိက္၏၊အမွန္ေလးနက္၊ေဖါျပခ်က္။

(၁) ကရုဏာ။ ။အတိုင္းမသိေသာ ဒုကၡိတ သတ္ဝါပညတ္ကို အာရုံျပဳ၍ သနားျခင္း လကၡဏာရွိေသာ ကရုဏာစေတသိက္။ ။

(က) * ကရုဏာသည္၊သူတပါးတို့၏ဆင္းရဲးကိုပယ္ေသာအျခင္းအရာျဖင့္ ျဖစ္ျခင္းဟူေသာ မွတ္ေၾကာင္း (မွတ္အပ္ေသာ)သေဘာရွိ၏၊ ။(လကၡဏာ)။

(ခ) * ကရုဏာသည္၊ သူတပါးတို့၏ဆင္းရဲးကို၊ သည္းမခံနိုင္ျခင္းအမွအလုပ္ရွိ၏။ ။(ဒုကၡသံ)။ ။

(ဂ) * ကရုဏာသည်၊သတ္တဝါတို့ကိုမညှဉ်းဆဲးခြင်းလျှင်၊ (ရှုကြည့်သသူ)၊ ယောဂီပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။

(ဃ) * ကရုဏာသည်၊ ကိုးကွယ်ရာမရှိသည်၏အဖြစ်ကို၊ မြှင်ခြင်းလျှင်၊ နီးစွာသော အကြောင်းရှိ၏။ ။ (ပဒဋ္ဌာန်)။ ။

မုဒိတာစေတသိက်၏၊အမှန်လေးနက်၊ဖော်ပြချက်။

(၂) မုဒိတာ။ ။အတိုင်းမသိသောသုခိတသတ္တဝါပညတ်ကို၊အာရုံပြု၍ ဝမ်းမြောက်ခြင်း လက္ခဏာရှိသော မုဒိတာစေတသိက်။ ။

(က) * မုဒိတာသည်၊ သူတပါးစည်းစိမ်ကို ဝမ်းမြောက်ခြင်း ဟူသော မှတ်ကြောင်း (မှတ်အပ်သော) သဘောရှိ၏။ ။(လက္ခဏ)။ ။

(ခ) * မုဒိတာသည်၊သူတပါးစည်းစိမ်ကိုမငြူစူခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * မုဒိတာသည်၊သူတပါးတို့၏စည်းစိမ်၌၊မမ္ဆေလျော်ခြင်း, မနှစ်သက်ခြင်းကို ဖျောက်သော အခြင်းအရာလျှင်၊ (ရှုကြည့်သသူ) ယောဂီ ပုဂ္ဂိုလ်၏ ဥာဏ်အား၊ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ ။ (ပစ္စုပဋ္ဌာန်)။ ။

(ဃ) * မုဒိတာသည်၊သူတပါးတို့၏၊စည်းစိမ်ကုံလုံ၊ပြည့်စုံသည်ကို၊အသင့်ရှုနိုင်သော ယောနိသောမနသိကာရလျှင်၊ နီးစွာသော အကြောင်း ရှိ၏။ ။ (ပဒဋ္ဌာန်)။ ။

ဤသို့ပြဆိုအပ်ခဲ့ပြီးသော ကရုဏာ,မုဒိတာ-ဟူသောနှစ်ပါးသောစေတသိက်တို့သည်၊ အတိုင်းမသိ၊ များပြားလှစွာသော ဒုက္ခိတ သတ္တဝါ, သုခိတ သတ္တဝါ ပညတ်လျှင်၊ အာရုံရှိသော

ကြောင့်၊အပ္ပမညာ,စေတ့သိက်အမည်ရှိကုန်၏။ ။(အပ္ပမညာ, ဖေတသိက်ဟူ၍ ခေါ်တွင်စေ၏)။ ။

ပညိန္ဒြေ-စေတသိက်(၁)ပါးပြဆိုခဏ္ဍ်း။

ပညိန္ဒြေစေတသိက်၏၊အမှန်လေးနက်၊ဖေါ်ပြချက်။

(၁) ပညာ။ ။အနိစ္စအစရှိသော အစွမ်းဖြင့်၊ ထိုးထွင်း၍သိသည်ဖြစ်၍၊ထိုသို့သိခြင်း၌၊အစိုးရခြင်းလက္ခဏာရှိသော ပညိန္ဒြေစေတသိက်။ ။

(က) * ပညိန္ဒြေသည်၊ သဘာဝမမ္မကို၊ မဘောက် မပြန်သိခြင်းဟူသော မှတ်ကြောင်း (မှတ်အပ်သော) သဘောရှိ၏။ ။(လက္ခဏ)၊ ။

(ခ) * ပညိန္ဒြေသည်၊ဟုတ်မှန်သောသဘောကို၊ ဖုံးလွှမ်းတတ်သော မောဟ,တည်းဟူသော အဓိက်၏-အခြင်းအရာကိုဖျက်ဆီးခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * ပညိန္ဒြေသည်၊အာရုံ၌မတွေဝေစေသောအားဖြင့်၊ (ရှုကြည့်သသူ)၊ ယောဂိပုဂ္ဂိုလ်၏ ဥာဏ်အား၊ ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ ။(ပစ္စုပဋ္ဌာန်)။

(ဃ) * ပညိန္ဒြေသည်၊သမာဓိလျှင်၊နီးစွာသောအကြောင်းရှိ၏။ ။(ပဒဋ္ဌာန်)။ ။

[အထူးမှတ်ချက်ကား။ ။ဤသခ်ါရက္ခန္ဓာ ငါးဆယ်ကို ပြရာ၌။ ဝေဒနာက္ခန္ဓာပြခဏ္ဍ်း၊(ဝေဒနာ)ပုဒ်၌ကဲ့သို့၊ ဝိဂြိုဟ်သုံးနည်းပြု၍ စိစစ်ကြလေကုန်၊ ။ကျယ်လွန်းအံ့စိုးသောကြောင့် လျစ်လျူရှုအပ်၏]။ ။

ဤသည်လျှင်၊သခ်ါရက္ခန္ဓာထိုက်သော
စေတသိက်ငါးဆယ်(၅၀)တို့၏၊အစဉ်အတိုင်းသော
လက္ခဏ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်၊အမှန်
လေးနက်၊ဖေါ်ပြချက်ပြခဏ်းပြီး၏။

သခ်ါရနှင့်၊သခ်ါရက္ခန္ဓာအထူးပြဆိုခဏ်း။

ဆိုဦးအံ့။ ။(၁)သခ်ါရဟူသောအမည်၊(၂)သခ်ါရက္ခန္ဓာ ဟူသောအမည်တို့သည်၊တရားကိုယ်သဘောအားဖြင့်၊အလုံးစုံ မတူကြကုန်။ အချိတရားကိုယ်၌သာဘူ၍၊အချိတရားကိုယ်၌ မတူကြကုန်။ ။ထိုသို့ဖြစ်ရာ၊အရာအားလျော်စွာ၊(၁)သခ်ါရ ဟူ၍ရင်း၊(၂)သခ်ါရက္ခန္ဓာဟူ၍ရင်းဟောတော်မူ၏။ ။

ထိုစကား မှန်၏။ ။ခန္ဓယမိုက်ပါဋိတော်၌။ ။

(၁)သခ်ါရာ၊ (၂)သခ်ါရက္ခန္ဓောတိ၊ သခ်ါရက္ခန္ဓံ ထပေတွာ အဝသေသာ သခ်ါရာ, နသခ်ါရက္ခန္ဓော၊ သခ်ါရက္ခန္ဓော သခ်ါရာစေဝ သခ်ါရက္ခန္ဓောစ၊ဟူ၍ ရင်း။ ။

(၁)သခ်ါရက္ခန္ဓော၊ (၂)သခ်ါရာတိ၊အာမန္တာ, ဟူ၍ရင်း၊အနုလုံ,ပဋိလုံပြု၍၊မေးမြန်းဖြေဆိုဟောကြား တော်မူ၏။ ။

အကျဉ်းချုပ်အဓိပ္ပါယ်ကား။

(၁) သခ်ါရ, မည်သော တရားသည်၊ (၂)သခ်ါရက္ခန္ဓာ မည်သလောဟု၊ အနုလုံနည်းဖြင့်၊ မေးမြန်းရာ၌၊ စိတ်တဆယုတ် ကိုးဆယ်(၉၀)။ ဝေဒနာ,စေတသိက်၊ သညာ,စေတသိက်,ရုပ် အဌဝိသသည်၊(၁)သခ်ါရ-သာမည်၏၊ (၂)သခ်ါရက္ခန္ဓာ မမည်။ ။သခ်ါရက္ခန္ဓာ,မည်သောစေတသိက်ငါးဆယ်(၅၀) သည်၊(၁)သခ်ါရလည်းမည်၏၊ (၂)သခ်ါရက္ခန္ဓာလည်းမည် ၏ဟူ၍၊အနုလုံနည်းအားဖြင့်၊ဟောကြားဖြေဆိုတော်မူ၏။

(၁) သခ်ါရက္ခန္ဓာမည်သော စေတသိက် ငါးဆယ်(၅၀) သည်၊(၂)သခ်ါရမည်သလောဟု၊ပဋိလုံနည်းအားဖြင့်၊မေးမြန်း ရာ၌။ (မည်၏)ဟူ၍၊ ပဋိလုံနည်းအားဖြင့်၊ ဟောကြားဖြေဆို တော်မူ၏။ ။

ဤစကားအရဖြင့်၊ စိတ္တ,ဝေဒနာ,သညာ,ရုပ်အဌဝီသသည်၊ (၁)သခ်ါရသာမည်၍၊(၂)သခ်ါရက္ခန္ဓာ မမည်။ ။ဝေဒနာ, သညာမှကြွင်းသောစေတသိက်(၅၀)ဟူသော သခ်ါရက္ခန္ဓာ သည်၊(၁)သခ်ါရလည်းမည်၏၊(၂)သခ်ါရက္ခန္ဓာလည်း မည်၏။ ။

ထိုကြောင့်၊ (၁)သခ်ါရ,အမည်နှင့်၊(၂)သခ်ါရက္ခန္ဓာ,ဟူသောအမည်သည်၊ဝေဒနာ,သညာ-မှကြွင်းသော စေတသိက်ငါးဆယ်(၅၀)ဌ်တူကုန်၏ဟူ၍၊ဝန်ခံတော်မူ၏။ ။

ဤအနတ္တလက္ခဏသုတ္တန်ဌ်ကား၊ ။ဤဝေဒနာ, သညာမှကြွင်းသော စေတသိက်ငါးဆယ်(၅၀)ဟူသော သခ်ါရက္ခန္ဓာကိုရည်၍။[သခ်ါရာ ဘိက္ခဝေ အနတ္တာ]။ ။ဟူ၍-သခ်ါရ, သဒ္ဒါဖြင့်၊ထုတ်ဖော်ဟောကြားတော်မူ၏။ ။

ဤတွင်ရွှေကား၊
အကျဉ်းမကျယ်၊သိလွယ်တန်ရုံ၊ဖွင့်ဆိုအပ်သော
(၄)သခ်ါရက္ခန္ဓာဌ်၊ဒုက္ခ၏အစွမ်းဖြင့်၊
အနတ္တအဖြစ်၊ပြဆိုခဏ်းပြီး၏။

ဝိညာဏက္ခန္ဓာပြဆိုခဏ်း။

ဤယခုအခါ၌။ (၄)သခ်ါရက္ခန္ဓာ ထိုက်သော စေတသိက်တရားတို့၏အနတ္တအဖြစ်ကို၊စိစစ်ပြဆိုပြီး၍၊(၅)ဝိညာဏက္ခန္ဓာထိုက်သောစိတ်၏ အနတ္တအဖြစ်ကို၊ စိစစ်ပြဆိုခြင်း အကျိုးငှါ။ ဤဆိုဝေတ္တံ့သော ဒေသနာအစဉ်ကို၊ (သင်္ဂါယနာ)တင်တော်မူကြကုန်၏။ ။

(အနတ္တလက္ခဏာသုတ်ပါဠိတော်နှင့်-နိဿယ)။

(၅-က) ဝိညာဏံ ဘိက္ခဝေ အနတ္တာ။ ။
(၅-က) ဘိက္ခဝေ၊အို...ငါ၏ချစ်သား၊ရဟန်းများတို့။ ။
ဝိညာဏံ၊ဝိညာဏက္ခန္ဓာထိုက်သောစိတ်သည်။

(၁) (ပ) * အနတ္တာ၊အနှစ်ရှိသောတရားမျိုးမဟုတ်ချေ။
(၂) (ဒု) * အနတ္တာ၊အစိုးရသောတရားမျိုးမဟုတ်ချေ။
(၃) (တ) * အနတ္တာ၊အလိုသို့လိုက်သောတရားမျိုးမဟုတ်ချေ။

ပါဠိဘုသာမှ၊မြန်မာဘာသာပြန်ဆိုပြခဏ်း။

(၅-က) အို...ငါ၏ချစ်သား၊ ရဟန်းများတို့။ ။ကောင်းစွာနှစ်ခြိုက်၊ထောင်နားစိုက်၍၊မှတ်ပိုက်နာယူကြကုန်လော။ ။ ဤဝိညာဏက္ခန္ဓာထိုက်သောစိတ်သည်။

(၁) (ပ) * အနှစ်ရှိသောတရားမျိုးမဟုတ်ခဲ့ချေ။
(၂) (ဒု) * အစိုးရသောတရားမျိုးမဟုတ်ခဲ့ချေ။
(၃) (တ) * အလိုသို့လိုက်သောတရားမျိုးမဟုတ်ခဲ့ချေ။

ဤသို့အားဖြင့်၊ ဆိုင်းခြားထုတ်ပြန်၊သုတ်မေ့ကွန်ကို၊သာမုဏ္ဍံသိက,အားဖြင့်၊ဟောကြား,မိန့်ဆိုတော်မူ၏။ ။

ဤယသအခါ၌၊ (၅) ဝိညာဏကွန္ဓာထိုက်သောစိတ်တရား၏ အနတ္တအဖြစ်ကို၊ ပြဆိုအပ်ခဲ့ပြီ။ "ထိုသို့ပြဆိုရာ၊ ဥပရိပဏ္ဏာသပါဠိတော်၊ သင်္ခါယတနဝဂ်၊ ဆဆက္ကသုတ္တန်၌၊ အာနိစ္စ၏ အစွမ်းဖြင့်၊ အနတ္တအဖြစ်ကို၊ ပြဆိုတော်မူ၏။" "ခန္ဓသံယုတ်၊ ခန္ဓနိယဝဂ်သုတ္တန်၌၊ အာနိစ္စ, ဒုက္ခ-နှစ်ပါးစုံ၏အစွမ်းဖြင့်၊ အနတ္တအဖြင့်ကဲ့ပြဆိုတော်မူ၏။" "ဤအနတ္တလက္ခဏသုတ္တန်ဒေသနာသဉ်းကား၊ ဒုက္ခ၏အဖြစ်ကို၊ စိစစ် ဖေါ်ပြလျက်၊ အနတ္တမည်ပုံကို၊ ပြည့်စုံထင်ရှားစွာ၊ ပြခြင်းအကျိုးငှါ၊ ဤဆိုလတ္တံ့, သောဒေသနာအစဉ်ကို၊ (သင်္ဂါယနာ)တင်တော်မူကြကုန်၏။ ။

(အနတ္တလက္ခဏသုတ်ပါဠိတော်)၊

(၅-ခ) ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အာဘဝိဿာ၊နယိဒံ ဝိညာဏံ အာဗါဓိယ သံဝတ္တေယျ၊လဒ္ဓေ့ထစေ ဝိညာဏေ၊ ဧဝံ ဖေ မေ ဝိညာဏံ ဟောတု၊ ဧဝံ ဖေ မေ ဝိညာဏံ မာ အဟောသီတိ။ ။

ယသ္မာ စဒေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ။ နစ လဗ္ဘတိ ဝိညာဏေ၊ဧဝံ ဖေ မေ ဝိညာဏံ ဟောတု၊ ဧဝံ ဖေ မေ ဝိညာဏံ မာ အဟောသီတိ။ ။

(အနတ္တလက္ခဏသုတ်နိဿယ)။

(၅-ခ) ဘိက္ခဝေ အို...ငါ၏ချွတ်သား၊ရဟန်းများတို့။ "ဟိသစ္စံ၊ထိုစကားသည်၊မှန်၏။" "ဣဒန္တစ္ဆဝိညာဏံ၊ဤဝိညာဏကွန္ဓာသည်။ဝ၊။(ဤစိတ်သည်)။

(၁) (ပ) * အတ္တာ၊အနှစ်ရှိသောတရားမျိုးသည်။
(၂) (ဒု) * အတ္တာ၊အစိုးရသောတရားမျိုးသည်၊
(၃) (တ) * အတ္တာ၊အလိုသို့,လိုက်လေသောတရားမျိုးသည်။

အဘဝိဿာ၊အကယ်စင်စစ်၊ဖြစ်ခဲ့ဘိမူကား။ ဇုဒဝ်ညာဏံ၊ဤဝိညာဏကွန္ဓာသည်။ ဝါ၊(ဤစိတ်သည်)။ အာဗာဓာယ၊ စိတ်ကိုမွေ့နှောက်၊ ချောက်ချားနှိပ်စက်ခြင်းဌါ၊ နသံဝတ္တေယျ၊ မဖြစ်တန်ရာချေတကား။ မေ၊ငါ၏(အကျွန်ုပ်၏)။ ဝိညာဏံ၊ ဝိညာဏကွန္ဓာသည်။ ဝါ၊(ဤစိတ်သည်)။ ဧဝံ၊ဤသို့အနှစ်ရှိခြင်း,အစိုးရခြင်း,အထိုသို့ထိုက်ခြင်း-အစရှိသောသဘောသည်။ ဟောတု၊ ဖြစ်ပါစေသတည်း (ဖြစ်ပါစေသောဝ်)။ မေ၊ ငါ၏(အကျွန်ုပ်၏)။ ဝိညာဏံ၊ဝိညာဏကွန္ဓာသည်။ ဝါ၊(ဤစိတ်သည်)။ ဧဝံ၊ ဤသို့အနှစ်မရှိခြင်း,အစိုးမရခြင်း,အထိုသို့မထိုက်ခြင်း-အစရှိသောသဘောသည်။ မာအဟောသိ၊မဖြစ်ပါစေလင့်။ဇုတိ၊ဤသို့ဝိုင်းခြား၊စိတ်အထိုအားဖြင့်၊ဝိညာဏေ၊ ဝိညာဏကွန္ဓာ၌။ ဝါ၊(စိတ်၌)။လဇ္ဘေထစ-လဇ္ဘေထဇေ၊ တောင့်တလေတိုင်း၊ မဆိုင်းမတွ၊ ရစကောင်းရာသည် သာလျှင်ကတည်း။ ။

ဘိက္ခဝေ၊အို...ငါ၏ချစ်သား၊ရဟန်းများတို့။ယသ္မာစခေါ၊ အကြင်အနှစ်မရှိခြင်း, အစိုးမရခြင်း, အထိုသို့မထိုက်ခြင်း-အစ ရှိသော သဘောကြောင့် သာလျှင်။ ဝိညာဏံ၊ဝိညာဏကွန္ဓာသည်။ဝါ၊(စိတ်သည်)။

(၁)(ပ) * အနတ္တာ၊အနှစ်ရှိသောတရားမျိုးမဟုတ်ချေ၊
(၂)(ဒ) * အနတ္တာ၊အစိုးရသောတရားမျိုးမဟုတ်ချေ။
(၃)(တ) * အနတ္တာ၊အထိုသို့ထိုက်သောတရားမျိုးမဟုတ်ချေ၊

တသ္မာ၊ ထိုသို့ အနှစ်မရှိခြင်း, အစိုးမရခြင်း, အထိုသို့မထိုက်ခြင်း-အစ ရှိသော သဘောကြောင့် သာလျှင်။ ဝိညာဏံ၊ဝိညာဏကွန္ဓာသည်။ဝါ၊(စိတ်သည်)။အာဗာဓာယ၊ စိတ်ကိုမွေ့နှောက်၊ ချောက်ချားနှိပ်စက်ခြင်းဌါ။ သံဝတ္တတိ၊ဧကန်စင်စစ်၊ဖြစ်ပေါ်လာချေ၏တကား။မေ၊

ငါ၏(အကျွန်ုပ်၏)။ ဝိညာဏ်၊ဝိညာဏက္ခန္ဓာသည်။ ဝါ၊ (စိတ်သည်)။ဧဝံ၊ဤသို့အနှစ်ရှိခြင်း,အစိုးရခြင်း,အထိုသို့ထိုက်ခြင်း-အစရှိသောသဘောသည်။ ဟောတု၊ဖြစ်ပါစေသတည်း(ဖြစ်ပါစေသောဝ်)။မေ၊ငါ၏(အကျွန်ုပ်၏)။ ဝိညာဏ်၊ ဝိညာဏက္ခန္ဓာသည်။ ဝါ၊(စိတ်သည်)။ ဧဝံ၊ ဤသို့အနှစ်မရှိခြင်း, အစိုးမရခြင်း, အထိုသို့မထိုက်ခြင်း-အစရှိသောသဘောသည်။ မာအဟောသိ၊မဖြစ်ပါစေလင့်။ဧုံတိ၊ဤသို့ဝိုင်းခြား၊စိတ်အလိုအားဖြင့်၊ဝိညာဏော၊ ဝိညာဏက္ခန္ဓာ၌။ဝါ၊(စိတ်၌)။နစလဗ္ဘတိ၊ တောင့်တလေတိုင်း၊မဆိုင်းမတွံ၊မရအပ်သည်သာလျှင်ကတည်း။ ။

ပါဠိဘာသာမှ၊မြန်မာဘာသာပြန်ဆိုပြခဏ်း။

(၅-ခ) အို...ငါ၏ချစ်သား၊ရဟန်းများတို့။ ဆိုပြီးစကား၊ မမှားဧကန်၊စင်စစ်မှန်၏။ ။(၅)ဤဝိညာဏက္ခန္ဓာထိုက်သောစိတ်တရားသည်၊သင်ချစ်သားတို့၊ထင်မြင်ချက်အတိုင်း၊(၁)အနှစ်ရှိသည်၊(၂)အစိုးရသည်၊(၃)အလိုသို့ထိုက်သည်၊ အကယ်စင်စစ်၊ဖြစ်ခဲ့ဘိမူကား။ (ဤသို့ဖြစ်သည်ရှိသော်)။ (၅)ဤဝိညာဏက္ခန္ဓာထိုက်သောစိတ်တရားသည်၊သင်ချစ်သားတို့၏ စိတ်ကိုမွေနှောက်၊ချောက်ချားနှိပ်စက်ခြင်းငှါ၊မဖြစ်တန်ရာချေ။

အဘယ်သို့သာလျှင်၊ဖြစ်ရာသနည်းဟူမူကား။ ။

(က) သင်ချစ်သားတို့၏စိတ်အလိုဆန္ဒရှိသည့်အတိုင်းသာလျှင်ဖြစ်ရာ၏။

(ခ) သင်ချစ်သားတို့၏ စိတ်အလိုဆန္ဒ ရှိသည့် အတိုင်း၊ မဖြစ်စေချင်သောအရာသည်၊ မဖြစ်ပေါ်လာဘဲးသာရှိရာ၏။ ။

ဤသို့အားဖြင့်၊ သင်ချစ်သားတို့၏၊ စိတ်ကိုပင့်မြှော်၊ကြံတိုင်းပေါက်၍၊ပြီးမြောက်လွယ်ကူသည်သာလျှင်ဖြစ်ရာ၏။ ။

ဤယခုအခါ၌၊ အဘယ်အနေမျိုးဖြစ်၍နေသနည်းဟူမူကား။

ဤယခုအခါ၌မူကား။ ။(၅)ဤဝိညာဏက္ခန္ဓာထိုက်သော စိတ်တရားသည်၊ နောက်၌ဆိုခဲ့ပြီးသောစကားအတိုင်း၊(၁)အနှစ်မရှိခြင်း၊(၂)အစိုးမရခြင်း၊(၃)အလိုသို့မလိုက်ခြင်း-သဘောကြောင့်သာလျှင်၊

(က) သင်ချစ်သားတို့၏၊ စိတ်အလိုဆန္ဒ ရှိသည့်အတိုင်း၊ ဖြစ်စေလိုသောအရာသည်မဖြစ်ဘဲးရှိနေ၏။ ။

(ခ) သင်ချစ်သားတို့၏၊ စိတ်အလိုဆန္ဒ ရှိသည့်အတိုင်း၊ မဖြစ်စေချင်သောအရာသည်၊ တားဆီး၍မရ၊ ဖြစ်ပေါ်လာ၏။ ။

ဤမျှဖြင့်ပင်၊စိတ်၏ထင်မြင်ချက်အတိုင်း၊မမှန်ဘဲးဖြစ်၍၊နေချေပြီတကား။ ။ထိုစကား၌၊ ထင်ရှားသော(ဥပမာ)စကားနှင့်တကွ၊အနတ္တသဒ္ဒါ၏အနက်၊စိစစ်ချက်ကို။(ရူပက္ခန္ဓာ)အခဏ်း၌၊ပြဆိုခဲ့ပြီးအတိုင်းမှတ်ယူကြကုန်ရာ၏။ ။

ဝိညာဏက္ခန္ဓာ၏၊အမှန်လေးနက်၊ဖေါ်ပြချက်။

(၅) အာရမ္မဏံစိန္တေတီတိစိတ္တံ။ ။(က)ဝိဇာနနလက္ခဏံ စိတ္တံ။ ။(ခ)ပုဗ္ဗင်္ဂမရသံ။ ။(ဂ)သန္ဒဟနပစ္စုပဋ္ဌာနံ။ ။(ဃ)နာမရူပပဒဋ္ဌာနံ။

ပါဠိဘာသာမှ၊မြန်မာဘာသာပြန်ဆိုပြခဏ်း၊

(၅) အကြင်စိတ်ဟူသော သဘောတရားသည်၊ အာရုံကိုသိတက်၏။ထိုသို့အာရုံကိုသိတတ်သောသတ္တိကြောင့်၊ ထိုစိတ်ဟူသောသဘောတရားသည်၊(စိတ္တ)မည်၏။ ။

စိတ္တ၊(ပါဠိ)အာရုံကိုသိတတ်သောသဘောဟူလို၊(စိတ္တသဒ္ဒါနှင့်-ဝိညာဏသဒ္ဒါသည်၊ အနက်တူဖြစ်၏။ ။စိတ္တံ,စေတော,မနော,နိဏ္ဍိ၊ဝိညာဏံ,ဟဒယံ,တထာ။ ။ဟူ၍မှတ်)၊ ။

(က) * ထိုဒိတ်သည်၊ သညာ,ပညာ,တို့မှ၊ ထူးသောအား ဖြင့်၊အာဇ္ဈိကိုသိခြင်းဟူသောမှတ်ကြောင်း(မှတ် အပ်သော)သဘောရှိ၏။ ။(လက္ခဏာ)။ ။

(ခ) * နာမက္ခန္ဓာဖြစ်သော စေတသိက်တရားတို့၏ ဂရှု သွားခြင်းအမှုအလုပ်ရှိ၏။ ။(ရသ)။ ။

(ဂ) * နောက်ဖနောက်ဖြစ်သော စိတ်သည်၊ ရှေးရှေးဖြစ် သောစိတ်ကို၊အခြားမရှိသည်ကိုပြု၍၊စပ်တတ် သောတရားဟူ၍၊(ရှုကြည့်သသူ)ယောဂိပုဂ္ဂိုလ် ၏ဉာဏ်အား၊ ရှေ့ရှုထင်သော အခြင်းအရာရှိ ၏။ ။(ပစ္စုပဋ္ဌာန်)။ ။

(ဃ) * နာမ်ရုပ်တရားနှစ်ပါးလျှင်၊ နီးစွာသောအကြောင်း ရှိ၏။ ။(ပဒဋ္ဌာန်)။ ။

နာမက္ခန္ဓာတရား၊လေးပါးတို့၌၊ဝိညာဏက္ခန္ဓာ ပြဓာန်းပုံ၊ပြဆိုခဏ်း၊

ဆိုဦးအုံ။ ။(၁)လောကီဖြစ်သောတရားသို့၊ရောက်ခဲ့လျှင်၊ (သက်ဆိုင်ခဲ့လျှင်) စိတ်ကိုအကြီးအမှူး၊ စိတ်ကိုအဦးအဖြတ်၊ စိတ်ကိုရှေ့သွားပြု၍၊ဟောတော်မူ၏။ ။

(၂) လောကုတ္တရာ, ဖြစ်သော တရားသို့၊ ရောက်ခဲ့လျှင်၊ (သုက်ဆိုင်ခဲ့လျှင်)ပညာကိုအကြီးအမှူး၊ပညာကိုအဦးအဖြတ်၊ ပညာကိုရှေ့သွားပြု၍၊ဟောတော်မူ၏။ ။ထိုစကားမှန်၏။ ။ မြတ်စွာဘုရားရှင်သည်၊(ဝိနည်းဘက်)ဆိုင်ရာ၌၊ပြဿနာပြု၍၊ မေးစီစစ်လတ်သော်၊(ကိ်စိတ္တော်တွံဘိက္ခု။ ။ချစ်သားရဟန်း၊ သင်သည်၊အဘယ်စိတ်ရှိသနည်း)ဟူ၍၊ ,စိတ်ကိုသာလျှင်၊ အကြီးအမှူး၊အဦးအဖြတ်-ရှေ့သွားပြု၍၊ ဟောတော်မူ၏။ ။ထိုနည်းအတူ၊(လောကုတ္တရာဘက်)ဆိုင်ရာ၌၊ပြဿနာပြု၍၊ မေး

စိစစ်လတ်သော်၊(ကတရပည့် တွံဘိက္ခု။ ။ချစ်သားရဟန်း၊ သင်သည်၊ အဘယ်ပညာကိုရရှိသန်ည်း)ဟူ၍၊ ပညာကိုသာလျှင်၊ အကြီးအမှူး၊ အဦးအမြတ်၊ ရှေသွားပြု၍၊ဟောတော်မူ၏။ ။(၏မှကြွင်းသောအရာတို့၌၊ အရာအားလျော်စွာ၊ဟောတော်မူ၏ဟူ၍၊မှတ်ကြရာ၏)။ ။

(၁) မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊မနောသေဋ္ဌာ မနောမယာ၊
မနသာ စေ ပဒုဋ္ဌေန၊ဘာသတိဝါ ကရောတိဝါ။
တတော နံ ဒုက္ခ.မန္ဒေတိ၊စက္ကံဝ ဝဟတော ပဒံ။ ။

(ဓမ္မပဒပါဠိတော်၊စက္ခုပါလ-ရဟန္တာမထေရ်ဝတ္ထု)။

(၁) ဓမ္မာ၊နာမက္ခန္ဓာတရား၊လေးပါးတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ ဝိညာဏက္ခန္ဓာ သာလျှင်၊ ပြဓာန်းခြင်း ရှိကုန်၏။ မနောသေဋ္ဌာ၊စိတ်သာလျှင်၊အမြတ်အကြီးဖြစ်ကုန်၏။ မနောမယာ၊စိတ်ဖြင့်ပြီးစီးကုန်၏။ပဒုဋ္ဌေန၊အဘိဇ္ဈာ,ဗျာပါဒ-အစရှိသည်တို့ကြောင့်,ပျက်စီးသော။ စေတသာ၊ စိတ်ဖြင့်။ စေဘာသတိဝါ၊အကယ်၍ပြောဆိုမူလည်း၊ ပြောဆိုငြားအံ့။စေကရောတိဝါ၊အကယ်၍ပြုမူလည်း၊ ပြုငြားအံ့။ စေစိန္တေတိဝါ၊ အကယ်၍ကြံစည်မူလည်း၊ ကြံစည်ငြားအံ့။တတော၊ထိုသို့ပြောဆိုခြင်း,ပြုလုပ်ခြင်း, ကြံစည်ခြင်း-ကံကြောင့်။ နံ-(ပုဂ္ဂလံ)၊ ထိုပြုကျင့်,ပြောဆို,ကြံစည်သောပုဂ္ဂိုလ်ကို။ ဒုက္ခံ၊ ကိုယ်,စိတ်,ညှိုးနွမ်း၊ ပင်ပန်းဆင်းရဲးခြင်းသည်။အန္ဒေတိ၊အစဉ်တစိုက်၊လိုက်ပါ၍နေ၏။ ။ကိမိဝ၊(ဥပမာ)အဘယ်ကဲ့သို့နည်းဟူမူကား။ ။စက္ကံ၊လှည်းဘီးစက်သည်။ဝဟတော၊လှည်းကိုရုန်းရ၊ထမ်းပိုးကသောနွားဏ်။ပဒံ၊နင်းတိုင်း-နင်းတိုင်းသောခြေရာကို။အန္ဒေတိဇ္ဇဝ၊သွားလေရာရာ၊မကွာစိုက်စိုက်၊လိုက်လေဘိသကဲ့သို့တည်း။ ။ဤဂါထာ၏အ

ဆုံးဌ်။(၃၀၀၀၀)သုံးသောင်းသောရဟန်းတို့သည်၊ပဋိသမ္ဘိဒါဥာဏ်နှင့်တကွ၊ ရဟန္တာအဖြစ်သို့၊ ရောက်ကြလေကုန်၏]။ ။

(၂) မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊မနောသေဋ္ဌာ မနောမယာ၊
မနသာ စေ ပသန္နေန၊ဘာသတိဝါ ကရောတိဝါ။
တတော နံ သုခ.မန္ဒေတိ၊ဆာယာဝ အနုပါယိနီ။ ။

(ဓမ္မပဒပါဠိတော်၊မဋ္ဌကုဏ္ဍလီနတ်သားဝတ္ထု)။

(၂) ဓမ္မာ၊နာမက္ခန္ဓာတရား၊လေးပါးတို့သည်၊မနောပုဗ္ဗင်္ဂမာ၊ဝိညာဏက္ခန္ဓာသာလျှင်၊ပြဓာန်းခြင်းရှိကုန်၏။မနောသေဋ္ဌာ၊ စိတ်သာလျှင်၊အမြတ်အကြီးရှိကုန်၏။ မနောမယာ၊စိတ်ဖြင့်ပြီးစီးကုန်၏။ပသန္နေန၊သဒ္ဓါ,အစရှိသည်တို့ကြောင့်,ကြည်လင်သော။ စေတသာ၊ စိတ်ဖြင့်။ စေဘာသတိဝါ၊ အကယ်၍ပြောဆိုမူလည်း၊ပြောဆိုငြားအံ့။ စေကရောတိဝါ၊ အကယ်၍ပြုလုပ်မူလည်း၊ ပြုလုပ်ငြားအံ့။ စေစိန္တေတိဝါ၊ အကယ်၍ ကြံစည်မူလည်း၊ ကြံစည်ငြားအံ့။ တံတော၊ထိုသို့ပြောဆို,ပြုလုပ်,ကြံစည်ခြင်း-ကံကြောင့်။ နံ-(ပုဂ္ဂလံ)၊ထိုသို့ပြောဆို,ပြုလုပ်,ကြံစည်သောပုဂ္ဂိုလ်ဧကို။ သုခံ၊ ကိုယ်စိတ်ရွှင်လန်း၊ ဇေးချမ်းသာယာခြင်းသည်။ အန္ဒေတိ၊ အစဉ်တစိုက်၊လိုက်ပါ၍နေ၏။ ။ကိမိဝ၊ (ဥပမာ) အဘယ်ကဲ့သို့နည်း ဟူမူကား။ ။ဆာယာ၊ကိုယ်မှဖြစ်သောအရိပ်သည်။ အနုပါယိနီဇူဝ၊ သွားလေရာရာ၊ မကွာစိုက်စိုက်၊လိုက်လေဘိသကဲ့သို့တည်း။ ။[၏ဂါထာ၏အဆုံးဌ်၊(၈၄၀၀၀) ရှစ်သောင်း လေးထောင်သော သတ္တဝါတို့သည်၊ အကျွတ်တရား၊ရကြလေကုန်၏]။ ။

(၃) စိတ္တေန နီယတိ လောကော၊စိတ္တေန ပရိကဿတိ၊ စိတ္တဿ ဧကဓမ္မဿ၊သဗ္ဗေဝ ဝသ.မန္ဒဂူ။ ။
(သဂါထာဝဂ္ဂ၊ဒေဝတာသံယုတ်ပါဠိတော်)။

(၃) လောကော၊ လောကသုံးရပ်၊ဘုံသုံးထပ်ကို။ စိတ္တေန၊ စိတ်သည်။ နီယတိ၊ဖြစ်မှု၊ပျက်မှု၊ပြုစုဆောင်ယူအပ်၏။ လောကော၊ လောကသုံးရပ်၊ ဘုံသုံးထပ်ကို၊ စိတ္တေန၊ စိတ်သည်။ ပရိကဿတိ၊ နိမ့်တုံ,မြင့်တုံ၊ ဖြစ်ပုံအစဉ်၊ တွဲးကာယှဉ်၍၊ဆွဲးငင်ယူအပ်လေ၏။ စိတ္တဿ၊စိတ်ဟု ဆိုအပ်သော။ ဧကဓမ္မဿ၊ တခုသောတရား၏။ ဝသံ၊ အလိုသို့။ သဗ္ဗေ၊ အလုံးစုံသောတရားတို့သည်။ အန္ဒဂူ၊ အစဉ်တစိုက်၊လိုက်ပါရလေကုန်၏။ ။

အကျဉ်းချုပ်အဓိပ္ပါယ်ကား။

(၃) အို...သိလိုရေးဖြင့်၊ မေးလျှောက်လာသောဒါယကာ နတ်သား။ ။

(က) လူ,နတ်,ဗြဟ္မာ-သတ္တဝါဟူသောအမည်နာမပညတ် ဖြင့်ပြီးသောသတ္တလောက။ ။

(ခ) ရုပ်, ဝေဒနာ, သညာ, သခ်ါရ, ဝိညာဏ်-ဟူသော သခ်ါရလောက။ ။

(ဂ) လူဘုံ,နတ်ဘုံ,ဗြဟ္မဘုံ-ဟူသောသြကာသလောက။

၏ပြဆိုအစ်ပြီးသောလောကသုံးရပ်၊ဘုံသုံးထပ်သည်၊စိတ်ဓာတ်ကို အကြီးအမှူး၊ဦးစီးပဓာနပြု၍၊စီရင်မှုကြောင့်သာ၊ဖြစ်ပေါ်လာရကား။စိတ်ဓာတ်သည်၊လောကသုံးပါး၏၊ဖြစ်မှု-ပျက်မှု၊အစုစုကို၊တခုမကျန်၊ စီမံဖန်ဆင်း၊ ဆောင်ယူအပ်၏-ဟူ၍ ဆို၏။ ထိုစိတ်ဓာတ်၏အစွမ်းသတ္တိသည်၊ ထိုလောကသုံးရပ်၊ ဘုံသုံးထပ်တို့၏၊ နိမ့်တုံ-မြင့်တုံ၊ တမှုံမွှားမွှား၊ ဖြစ်ပွါးပေါ်လာ စေမှုကို၊ ဆွဲးငင်ဆောင်ယူအပ်၏ဟူ၍ဆို၏။ ။ထိုစကားမှန်

ဏ်။ ။ကိလေသာဆယ်ပါး၊ အယုတ်တရားနှင့်တကွဖြစ်သော စိတ်ဓာတ်၏ အစွမ်းသတ္တိကို၊ ထူထောင်၍၊ ပူလောင် ချိန့်စေသောကာလ၌၊လောကကြီးသည်၊ကျိုက်ကျိုက်ဆူလျှံ၊အပူထန်၍၊ သူရကန်ဗွေ၊နေအရောင်ဖြင့်၊တောက်လောင်ခြောက်သွေ့စေသကဲ့သို့ဖြစ်၏။ ။သုံးဆဲ့ခုနစ်ပါးသောဗေဒပကျိယတရား တို့နှင့်တကွဖြစ်သောစိတ်ဓာတ်၏အစွမ်းသတ္တိကို၊ ထူထောင်ဖွေးမြူ၊ပွါးစီးစေသောကာလ၌၊ လောကကြီးသည်၊သီတာရေချမ်း၊သွန်းပက်ဖျန်းသို့၊စိမ်းလန်းသာယာလျက်ရှိ၏။ ။

ဤသို့အားဖြင့်၊ဘဒ္ဒသောစိတ်ဓာတ်၏အစွမ်းသတ္တိ၊ဆောင်ယူဆွဲးငင်မှုကို၊အလုံးစုံသော သက်ရှိ-သက်မဲ့ဖြစ်သောတရား တို့သည်၊ဖြစ်ပွါးလိုက်ပါကြရကုန်၏။ ။ထိုကြောင့်၊စိတ္တသ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။ ။ဟူ၍ ဟောတော်မူသည်နှင့်အညီ၊ စိတ်ဓာတ်နူးညံ့သိမ်မွေ့ယဉ်ကျေးသော ရှေးရှေးခေတ်ကာလ၌၊ လောကကြီးသည်၊ ဓိဃ်းဦးသစ်ပင်၊ လန်းလန်းရွှင်သို့၊ အစဉ်သဖြင့်၊ ကြီးပွါးထွန်းကားလျက် ရှိနေပုံကို ၎င်း။ ။စိတ်ရိုင်းစိတ်ကြမ်း၊စိတ်ပေါ့သွမ်းနှင့်၊စိတ်သရမ်းသော ဤယခုခေတ်အခါ၌ မူကား။ လောကကြီးသည်၊ ကျိုက်ကျိုက်ဆူလျက်၊ အပူလျှံပြည့်သော ငရဲမီးအိုးကြီးကဲ့သို့၊ အမျိုးမျိုးပူလောင်၍နေပုံကို၎င်း။ဥာဏ်ဥဿုံစိတ်မှာဖန်လျက်၊ဝိဇ္ဇာဥာဏ် အကွင်းဖေါက်၍၊ အလင်းသို့ရောံနှိုင်ကြစေသတည်းဟူသော အဓိပ္ပါယ်ကိုလည်း၊အထွာပန္ဒ,နည်းအားဖြင့်ပြတော်မူ၏ဟူလို။

ဝိညာဉ်နှင့်၊ဝိညာဏကွန္ဓာတူပုံပြခဏ်း။

ဆိုဦးအံ့။ ။(၁)ဝိညာဏဟူသော အမည်၊ (၂)ဝိညာဏကွန္ဓာ,ဟူသော အမည်တို့သည်၊ တရားကိုယ်သဘောအားဖြင့်၊ အလုံးစုံတူကြကုန်၏။ ထိုသို့ဖြစ်ရာ၊ အရာအားလျော်စွာ (၁)ဝိညာဏဟူ၍၎င်း၊(၂)ဝိညာဏကွန္ဓာဟူ၍၎င်း,ဟောတော်မူ၏။ ။

ထိုစကားသည်မှန်၏။ ၊ခန္ဓယမြိုက်ပါဋ္ဌိတော်၌။ ။
(၁) ဝိညာဏံ ဝိညာဏက္ခန္ဓောတိ၊အာမန္တာ။ ။ဟူ၍ ၎င်း။
(၂) ဝိညာဏက္ခန္ဓော ဝိညာဏန္တိ၊အာမန္တာ။ ။ဟူ၍ ၎င်း။
အနုလု၊ပဋိလုံပြု၍။မေးမြန်းဖြေဆိုတော်မူ၏။ ။

အကျဉ်းချုပ်အဓိပ္ပါယ်ကား။

(၁)ဝိညာဉ်သည်၊(၂)ဝိညာဏက္ခန္ဓာမည်သလောဟု၊ အနုလုံနည်းဖြင့်၊မေးမြန်းရာ၌။ ။(မည်၏)ဟူ၍၊အနုလုံဖြင့်၊ ဟောကြားဖြေဆိုတော်မူ၏။ ။

(၂)ဝိညာဏက္ခန္ဓာသည်၊(၁)ဝိညာဉ်မည်သလောဟု၊ပဋိလုံနည်းဖြင့်၊မေးမြန်းရာ၌လည်း။ ။(မည်၏)ဟူ၍၊ပဋိလုံနည်းဖြင့်၊ ဟောကြားဖြေဆိုတော်မူ၏။ ။ဤစကားအရဖြင့်၊(၁)ဝိညာဉ်ဟူသောအမည်နှင့်၊ (၂)ဝိညာဏက္ခန္ဓာ,ဟူသောအမည်သည်၊ တူကြကုန်၏ဟု၊ဝန်ခံတော်မူ၏။ ။

ဤအနတ္တလက္ခဏသုတ္တန်၌ကား။ ။[ဝိညာဏံ ဘိက္ခဝေ အနတ္တာ]။ ။ဟူ၍၊ ဝိညာဏ,သဒ္ဒါဖြင့်၊ ထုတ်ဖော်၊ ဟောကြားတော်မူ၏။ ။

ဤတွင်ရှေ့ကား၊
မကျဉ်းမကျယ်၊သိလွယ်တန်ရုံဖွင့်ဆိုအပ်သော
ဝိညာဏက္ခန္ဓာ၌၊ဒုက္ခ၏အစွမ်းဖြင့်။
အနတ္တအဖြစ်ပြဆိုခဏ်းပြီး၏။

ဤသို့အားဖြင့်နောက်၌၊ဟောကြား-ပြဆိုအပ်ခဲ့ပြီးဖြစ်သော

(၁) * ရူပံ ဘိက္ခဝေ အနတ္တာ၊
(၂) * ဝေဒနာ ဘိက္ခဝေ အနတ္တာ၊
(၃) * သညာ ဘိက္ခဝေ အနတ္တာ၊
(၄) * သင်္ခါရာ ဘိက္ခဝေ အနတ္တာ၊
(၅) * ဝိညာဏံ ဘိက္ခဝေ အနတ္တာ၊

အစချိသောဒေသနာတော်မြတ်အစဉ်ဖြင့်၊ ခန္ဓာငါးပါး၊ရုပ်နာမ် တရားတို့၏။ (၃)အနတ္တလက္ခဏာမျှကိုသာ၊ ဟောကြားတော်မူပြီး၍၊ (၁)အနိစ္စ လက္ခဏာ၊ (၂)ဒုက္ခလက္ခဏာ-နှစ်ပါးတို့ကိုမဟောကြားရသေးဖြစ်ရကား၊ ဤယခုအခါ၌၊ ထိုလက္ခဏာနှစ်ပါးတို့ကိုပြ၍၊တပေါင်း,တရုံးတည်းသောအားဖြင့်၊သုံးပါးသောလက္ခဏာတို့ကို၊ ပြခြင်းအကျိုးငှါ၊ ဤဆိုလတ္တံ့သောဒေသနာအစဉ်ကို၊(သင်္ဂါယနာ)တင်တော်မူကြကုန်၏။ ။

(၁) ရူပက္ခန္ဓာ၌၊အနိစ္စ,ဒုက္ခ,အနတ္တ-ဟု၊
လက္ခဏာရေးသုံးပါးတင်၍၊ဆင်ခြင်ပုံပြဆိုခဏ်း။

(အနတ္တလက္ခဏာသုတ်ပါဠိတော်)။

တံ ကိံ မညထ ဘိက္ခဝေ။ (၁)ရူပံ နိစ္စံဝါ အနိစ္စံဝါတိ၊ ။အနိစ္စံ ဘန္တေ။ ။(၂)ယံ ပနာနိစ္စံ၊ ဒုက္ခံဝါ တံ သုခံဝါတိ။ ။ဒုက္ခံ ဘန္တေ။ ။(၃)ယံ ပနာနိစ္စံ, ဒုက္ခံ, ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ ဧတံ မမ၊ ဧသောဟမသို့၊ဧသော မေ အတ္တာတိ။ နော ဟေတံ ဘန္တေ။

(အနတ္တလက္ခဏာသုတ်နိဿယ)။

ဘိက္ခဝေ၊အို.....စါ၏ချစ်သား၊ရဟန်းများတို့။ ။ တံ၊ ထိုဟောကြားလတ္တံ့ဖြစ်သော စကားကို၊ ဟုမေ၊ သင်ချစ်သား၊ ရဟန်းတို့သည်။ ကိံ၊ အဘယ်သို့လျှင်။

မညထ၊ အောက်မေ့ မှတ်ထင်ကြကုန်ဘိသနည်း။ ။
ရူပံ၊ရူပက္ခန္ဓာထိုက်သောရုပ်ဖာရားသည်။နိစ္စံဝါ၊အရှည်
စွဲး၍၊ မြဲးမြံခိုင်မာလေသလော့။ အနိစ္စံဝါ၊အရှည်းမစွဲး၊
မမြဲးမခိုင်မာလေသလော့။ ဇုတိ၊ ဤသို့သောစကားကို။
ပုစ္ဆိ၊မေးမြန်းတော်မူ၏။ ။

ဘန္တေ၊ရွှေဘုန်းတော်သခင်၊အရှင်ဘုရား။ ။အနိစ္စံ၊
အရှည်မစွဲး၊ မမြဲးမခိုင်ပါဘုရား။ ။ဇုတိ၊ ဤသို့သော
စကားကို။အဝေါဒုံ၊ပြန်ကြားလျှောက်တင်ကြကုန်၏။

ယံပနရူပံ၊ အကြင်ရူပက္ခန္ဓာထိုက်သော ရုပ်တရား
သည်။အနိစ္စံ၊အရှည်အစွဲး၊မမြဲးမခိုင်မာလေ။ ။တံရူပံ၊
ထိုရူပက္ခန္ဓာထိုက်သောရုပ်တရားသည်။ ဒုက္ခံဝါ၊ ဆင်း
ရဲးပူလောင်သော-သဘောလေလော့။သုခံဝါ၊ချမ်းသာ
ဇေးမြသော-သဘောလေလော့။ ဇုတိ၊ဤသို့သောစကား
ကို။ပုစ္ဆိ၊မေးမြန်းတော်မူ၏။ ။

ဘန္တေ၊ရောင်ခြည်ခြောက်ထွေ၊ရွှန်းရွှန်းဝေလျက်၊
နေ တနှုန်းဖြင့်၊ ရွှေဘုန်း တင့်တော်မူသော အရှင်မြတ်
ဘုရား။ ။ဒုက္ခံ၊ မချိလွန်ကဲး၊ ဆင်းရဲးပူလောင်သော
သဘောပါဘုရား။ဇုတိ၊ဤသို့သောစကားကို။အဝေါစုံ၊
ရွှေနားတော်ပါး၊သံပြိုင်အားဖြင့်၊ပြန်ကြားလျှောက်တင်
ကြကုန်၏။ ။

ဘိက္ခဝေ၊အို.....ငါ၏ချစ်သား၊ရဟန်းများတို့။ ။
ယံပနရူပံ၊အကြင်ရူပက္ခန္ဓာထိုက်သောရုပ်တရားသည်။
အနိစ္စံ၊ အရှည်မစွဲး၊ မမြဲးမခိုင်မာသော သဘောရှိ၏။
(တနည်းကား)၊အနိစ္စံ၊ဖြစ်ပြီး၍၊ ပျက်ခြင်းကြောင့်၊ (အ
နိစ္စ)မည်၏။ ဒုက္ခံ၊ မချိလွန်ကဲး၊ ဆင်းရဲးပူလောင်သော
သဘောရှိ၏။ (တနည်းကား)။ဒုက္ခံ၊ ဖြစ်ခြင်း-ပျက်ခြင်း
ဖြင့်၊ မပြတ်နှိပ်စက်အပ်သောအခြင်းအရာဖြင့်၊ (ဒုက္ခ)
မည်၏။ဝိပရိဏာမဓမ္မံ၊အို,နာ,သေ-ရေး၊ဒုက္ခ-ဘေးဖြင့်၊

ရောထွေး တန်တန်၊ ဖေါက်ပြန်ပျက်စီးတတ်သော သဘောဂ္ဂိ၏။တံရှပံ၊ထိုသို့သဘောဂ္ဂိသောရှပက္ခန္ဓာထိုက်သော ရုပ်တရားကို။ ဧတံ၊ ဤရှပက္ခန္ဓာထိုက်သော ရုပ်တရားသည်။ မမ၊ငါ၏(အကျွန်ုပ်၏)။သန္တကံ၊ဖိုးရလက်ကိုင်၊ပိုင်နိုင်သောဥစ္စာတည်း။ ဇာတိ၊ဤသို့။တဏ္ဍာဂါဟဝသေနဝါ၊ တဏ္ဍာဖြင့် စွဲးလမ်းခြင်း၏၊ အစွမ်းဖြင့်ရင်း။ ဧသော၊ဤရှပက္ခန္ဓာထိုက်သောရုပ်တရားသည်။ အတ၊ ငါသည်၊(အကျွန်ုပ်)သည်။အဟို၊ဖြစ်ချေမြီ။ဇာတိ၊ဤသို့။ မာနဂါဟဝသေနဝါ၊မာနဖြင့်စွဲးလမ်းခြင်း၏အစွမ်းဖြင့်ရင်း။ ဧသော၊ဤရှပက္ခန္ဓာထိုက်သော ရုပ်တရားသည်။ မေ၊ငါ၏(အကျွန်ုပ်၏)။အတ္တာ၊အနှစ်ဂ္ဂိခြင်း,အစိုးရခြင်း, အထိုသို့ထိုက်ခြင်း-စသော သဘောဂ္ဂိသော ကိုယ်ပင်တည်း။ ဇာတိ၊ဤသို့။ဒိဋ္ဌိဂါဟဝသေနဝါ၊မိစ္ဆာဒိဋ္ဌိဖြင့်၊စွဲးလမ်းခြင်း၏အစွမ်းဖြင့်ရင်း။သမနုပဿိတုံ၊တဏ္ဍာ,မာန, ဒိဋ္ဌိ-တို့ဖြင့်၊စွဲးလမ်းရှုကြည့်ခြင်းငှါ။ ကလ္လံနု၊သင့်လျော်ကောင်းအံ့လော့။ဇာတိ၊ဤသို့။ပုစ္ဆိ၊မေးမြန်းတော်မူ၏။

ဘန္တေ၊ ကြက်သရေတင့်၊တက်နေရင့်သို့၊ ကြီးမြင့်သောဘုန်းဂ္ဂိတော်မူသော မြတ်စွာဘုရား။ ။ဧတံရှပံ၊ ထိုရှပက္ခန္ဓာထိုက်သော ရုပ်တရားကို။ ဧဝံ၊ ဤသို့ပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ သမနုပဿိတုံ၊ တဏ္ဍာ,မာန, ဒိဋ္ဌိ-တို့ဖြင့်၊ စွဲးလမ်း ရှုကြည့်ခြင်းငှါ။ နောဟိ ကလ္လံ၊ ဝိပဿနာ၊ဘာဝနာဥာဏ်ကရိုဏ်းဖြင့်၊ပိုင်းခြားချင့်မြော်က၊မသင့်လျော်ပါဘုရား။ ဇာတိ၊ဤသို့။အဝေါစုံ၊ရွှေနားတော်ပါး၊ သံပြိုင်အားဖြင့်၊ ပြန်ကြား လျှောက်တင်ကြကုန်၏။ ။

ပါဠိဘာသာမှ၊မြန်မာဘာသာပြန်ဆိုပြခြင်း။
(ရူပက္ခန္ဓ၊ပဌမစတုက်)။

အို...ငါ၏ချွတ်သား၊ရဟန်းများတို့။ ။ကောင်းစွာနှုတ်ကြွက်၊ ထောင်နှားဖိုက်၍၊မှတ်ပိုက်နာယူကြကုန်လော။ ။သင်ချစ်သား တို့ဇဲ့ဆရာ၊ငါဘုရားရှင်သည်၊ ဟောကြားအပ်လတ္တံ့.သော အကြင်ဘရားစကားသည်ရှိ၏၊ ။ထိုတရားစကားကို၊သင်ချစ်သား တို့သည်၊ အာဘယ်သို့လျှင်၊ ဉာဏ်ဖြင့်လျော်က်၍၊ အောက်မေ့ ကြကုန်အံ့နည်း။ ။

အို...ငါ၏ ချစ်သား၊ ရဟန်းများတို့။ ။ကံ,စိတ်,ဥတု,အာ ဟာရ-ဟူသောအကြောင်းတရား၊လေးပါးတို့သည်၊ ပေါင်းစု ပြုပြင်၊ စိရင်မှုကြောင့်၊ တခုစီ-တခုစီ၊ အသစ်အသစ်၊ ဖြစ်၍-ဖြစ်၍ ပေါ်လာသော ရူပက္ခန္ဓာ ထိုက်သော ရုပ်တရားသည်၊ ထင်ရှားကုန်၊ရှိသည်မှန်၏။ ။ထိုရုပ်တရားသည်၊

(၁) * နီးစွ၊ အရှည်စွဲး၍၊ မြ-မြိုခိုင်မာသော သဘောရှိလေ သလော့။

(၂) * အနီးစွ၊အရှည်မစွဲး၊မမြဲးမခိုင်မာသော သဘောရှိလေ သလော့။ ။ဤသို့သော စကားကို၊မေးမြန်းတော်မူ၏။

ထိုအခါ၊ အရှင်ကောဏ္ဍညထေရ်အမှူးရှိသော ငါးဦးသော ပဉ္စဝဂ္ဂီ-ရဟန်းတို့သည်၊ ဤသို့စကား၊ ပြန်ကြားလျောက်တင် ကြကုန်၏။ ။

* ခြောက်ပြာရောင်ရှိန်၊သမ္ဘာထိန်လျက်၊သာကိန်ထွန့်မှူး၊ ဘုန်းရောင်မြှူး၍၊ ကျေးဇူးတော် အမှန်-ဆ-ရလျှင်၊စံမမှ-အဓိ တ-ဟု၊ အနန္တဇိန်,မည်ပေးသော အရှင်မြတ်ဘုရား။ ။အရှင် မြတ်ဘုရားသည်၊ ဟောကြားညွှန်ပြတော်မူအပ်သော၊(၁)၌ ရူပက္ခန္ဓာထိုက်သော ရုပ်တရားသည်၊ အကြောင်းတရားလေး ပါးတို့၏ညီညွတ်ခြင်းကြောင့်သာဖြစ်၍၊ မညီညွတ်သောအခါ၌၊ ခဏချင်းဖြင့်ပင်၊ ပျက်စီးပြင်းသို့ ရောက်ပြန်ရကား၊ မြဲမြံ

ခိုင်မာဝံသော သဘောအရိပ်အငွေ့မျှ မဆင်၊ ဂရုပြုစိုက်အသင်ကဲ့သို့ဖြစ်၍၊ မမြဲပါဘုရားဟု၊ လျှောက်တင်ကြကုန်၏။ ။

အို..... ငါ၏ချစ်သား၊ ရဟန်းများတို့၊ ။သင်ချစ်သားတို့၏ဥာဏ်အမြင်ဖြင့်၊ လျှောက်တင်သည့်အတိုင်း၊ အရှည်မစွဲး၊ မမြဲမခိုင်မာသော အနိစ္စသဘောရှိသော ရူပက္ခန္ဓာကိုက်သော ရုပ်တရုံးသည်၊ ထင်ရှားဂေကန်၊ ရှိသည်မှန်၏။ ။ထိုရုပ်တရားသည့်၊

(၁) * ဒုက္ခဿဆင်းရဲးပူလောင်သောသဘောရှိ၏လသလော့။
(၂) * သုခ၊ချမ်းသာဖြေသောသဘောရှိလေသလော့။ ။

ဤသို့သောစကားကို၊ မေးမြန်းတော်မူ၏။ ။

ထိုအခါ၊ အရှင်ကောဏ္ဍညဆရာ အမှူးရှိသော ငါးဦးသော ပဉ္စဝဂ္ဂီ-ရဟန်းတို့သည်၊ ဤသို့စကံား၊ ပြန်ကြားလျှောက်တင်ကြကုန်၏။ ။

* ဆအာသာဓာရဏာ၊ ဥာဏဉ်ခြံစုံ၊ ကိုးဝ-ဂုဏ်နှင့်၊ ပြည့်စုံတော်မူပသော အရှင်မြတ်ဘုရား။ ။အရှင်မြတ်ဘုရားသည်၊ ဟောကြား ညွှန်ပြတော်မူအပ်သော (၁)ဤရူပက္ခန္ဓာ ထိုက်သောရုပ်တရားသည်၊ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်း-ကုံဖြင့်၊ မပြတ်နှိပ်စက်အပ်သော အခြင်းအရာအားဖြင့်၊ ဆင်းရဲးပူလောင်သော သဘောရှိပါ၏၊ ဘုရားဟု၊ လျှောက်တင်ကြကုန်၏။ ။

အို .....ငါ၏ချစ်သား၊ ရဟန်းများတို့၊ ။အကြင်သို့သော သဘောရှိသော (၁)ဤရူပက္ခန္ဓာထိုက်သောရုပ်ဆရားသည်၊ ဖြစ်ပြီး၍ ပျက်ခြင်းသဘောကြောင့်၊ (အနိစ္စ)မည်၏။ ။ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်း-တို့ဖြင့်၊ နှိပ်စက်တတ်သော အခြင်းအရာအားဖြင့်၊ (ဒုက္ခ)မည်၏။ ။အို့မင်းရင့်ရော်ခြင်း-ဇရာတရား, ပျက်စီးခြင်း-မရဏ တရား-တို့ဖြင့်၊ ဖေါက်ပြန် ပျက်စီးတတ်သော သဘော ရှိ၏။ ။ထိုသို့ အနိစ္စသဘော, ဒုက္ခသဘော, ဝိပရိဏာမ ဓမ္မ သဘော ဖြစ်သော ထိုရုပ်တရားကို၊

(၁) * ဤရုပ်တရားသည်၊ ငါ၏ဥစ္စာတည်းဟု၊(တဏ္ဍာ) ဖြင့်၊စွဲးလမ်းခြင်း၏အစွမ်းဖြင့်ရင်း၊

(၂) * ဤရုပ်တရားသည်၊ငါဖြစ်၏ဟု၊(မာန)ဖြင့်၊စွဲးလမ်း ခြင်း၏အစွမ်းဖြင့်ရင်း၊

(၃) * ဤရုပ်တရားသည်၊ငါ၏အထိုသို့ထိုက်ခြင်းစသော သဘောဂ္ဂိသော(အတ္တ)ကိုယ်ပင်တည်းဟု၊(ဒိဋ္ဌာ ဒိဋ္ဌိ)ဖြင့်၊စွဲးလမ်းခြင်း၏အစွမ်းဖြင့်ရင်း၊ ဤသို့ပြဆို ခဲ့ပြီးသောတဏ္ဍာ,မာန,ဒိဋ္ဌိ-ဟူသော၊သုံးပါးသော သိမ်းပိုက်စွဲးလမ်းခြင်းတို့ဖြင့်၊ရှုကြည့်ခြင်းဌါ သင့် ကောင်းအံ့လောဟု၊မေးမြန်းတော်မူ၏။ ။

ထိုအခါ၊အရှင်ကောဏ္ဍညထေရ် အမှူးရှိသော ငါးဦးသော ပဉ္စဝဂ္ဂီ-ရဟန်းတို့သည်၊ဤသို့စကား၊ပြန်ကြားလျှောက်တင်ကြ ကုန်၏။ ။

* သဗ္ဗညုတ၊ဥာဏတန်ဆောင်၊စက်နေရောင်သို့၊တောက် ပြောင်ထွန်းထိန်၊ စောမုနိံဘုရား။ ။အရှင်မြတ်ဘုရားသည်၊ ဟောကြား ညွှန်ပြတော် မူအပ်သော အနိစ္စသဘော, ဒုက္ခသ ဘော,အနတ္တသဘော-ဖြစ်သော (၁)ဤရူပက္ခန္ဓာထိုက်သော ရုပ်ဟရားကို၊တဏ္ဍာ,မာန,ဒိဋ္ဌိ-ဟူသော၊သုံးပါးသောသိမ်းပိုက် စွဲးလမ်းခြင်းတို့ဖြင့်၊ရှုကြည့်ခြင်းဌါ၊မထိုက်ပါဘုရားဟု၊ လျှော် တင်ကြကုန်၏။ ။

ထိုအနိစ္စဖြစ်ပုစကားကို၊ထင်ရှားအောင်ဆိုဦးအံ့။ ။

ဤရူပက္ခန္ဓာထိုက်သောရုပ်ပေါင်း(၂၈)ခုသည်၊ မဖြစ်သေး မီ၊ရှေအတို့ကုန်၊တနည်းတဖုံအားဖြင့်၊ရုပုံ့ဖွဲစည်းပြီးလျှင်၊ဖြစ်ဘို့ ရန်၊စီမံပြုပြင်သောသဘောထင်ရှားမရှိဘဲးလျက်၊ အကြောင်း ၏ည်ညွှတ်ခြင်းကြောင့်၊ ဖြစ်ပေါ်လာပြီး၍၊ တဖန်၊ အကြောင်း အားကုန်သည်နှင့်တပြိုင်နက်၊ပျက်ခြင်း(ဘင်္ဂဏ)သို့ရောက် သဖြင့်၊ဖေါက်ပြန်ပျက်စီးခဲ့ရကား၊(အနိစ္စ)မည်၏။ ။

ဓာနည်းအားဖြင့်၊အနိစ္စဖြစ်ပုံပြဆိုဦးအံ့။ ။

ဤရူပက္ခန္ဓာထိုက်သောရုပ်ပေါင်း(၂၈)ရသည်၊(၁)ဥပ္ပါဒဝယတာ၊(၂)တာဝ ကာလိက၊(၃)ဝိပရိဏာမ ကောဋိ၊(၄)နိစ္စ ပဋိက္ခေပ ဟူသော လေးပါးသော အနက် သဘောကြောင့်၊(အနိစ္စ)မည်၏။ ။ထိုလေးပါးသော အနိစ္စသဘောမျိုးတို့တွင်။

တကွဖြစ်သောကြောင့်၎င်း၊ အားထုတ်ခြင်းနှင့်တကွ ဖြစ်သော ကြောင့်၎င်း၊ အကျိုးပေးခြင်းရှိသောကြောင့်၎င်း၊ကိုယ်လသာတို့ ဖြင့်၊ ပူပန်သောသဘောရှိသောကြောင့်၎င်း၊ အဖြစ်နှင့်တကွဖြစ် သော်ကြောင့်၎င်း၊ ဝိပါက်အဗျာကတ ဖြစ်သော နာမက္ခန္ဓာတို့ ထက်၊ ချုံ့ရင်းကြွမ်းထမ်းကုန်၏။ ။အကုသိုလ် ဖြစ်သော နာ မက္ခန္ဓာ တို့သည်၊ အကျိုး ပေးခြင်း သဘော ရှိသောကြောင့် ၎င်း၊ ကိုယ်လသာတို့ဖြင့်၊ ပူပန်ခြင်းသဘောရှိသောကြောင့်၎င်း၊ ကြောင့်ကြခြင်းရှိသောကြောင့်၎င်း၊ အံ့ဖြစ်နှင့်တကွ ဖြစ်သော ကြောင့်၎င်း၊ ကြိုယာအဗျာကတဖြစ်သော နာမက္ခန္ဓာတို့ထက် ချုံ့ရင်းကြွမ်းထမ်း ကုန်၏။ ။ကုသိုလ်ဖြစ်သော နာမက္ခန္ဓာ ဝိပါက်,ကြိုယာအဗျာကတ-ဖြစ်သော နာမက္ခန္ဓာတို့သည်၊ ဆင် အပ်ခဲ့ပြီးသည်မှ၊ ပြန်သောအားဖြင့်၊ အကုသိုလ် နာမက္ခန္ဓာတို့ ထက်၊သိမ်မွေ့နူးညံ့ကုန်၏။ ။ကုသိုလ်,အကုသိုလ်-ဖြစ်သော နာမက္ခန္ဓာ တို့သည်။ ဗျာပါဒနှင့်တကွ ဖြစ်သောကြောင့်၎င်း အားထုတ်ခြင်းနှင့်တကွဖြစ်သောကြောင့်၎င်း၊အကျိုးကိုဖြစ်စေ ခြင်းသဘောရှိသောကြောင့်၎င်း၊ဝိပါက်,ကြိုယာ-ဖြစ်သော နာ မက္ခန္ဓာတို့ထက်၊ချုံ့ရင်းကြွမ်းထမ်းကုန်၏။ ။ဝိပါက်,ကြိုယာ အဗျာကတ-ဖြစ်သောနာမက္ခန္ဓာတို့သည်၊ ဆိုအပ်ခဲ့ပြီးသည်မှ ပြန်သောအားဖြင့်၊ကုသိုလ်,အကုသိုလ်-ဖြစ်သောနာမက္ခန္ဓာတို့ ထက်၊သိမ်မွေ့နူးညံ့ကုန်၏။ ။

၌သို့လျှင်(က)စာတ်အားဖြင့်၊သြဠာရိက-ချုံ့ရင်းကြွမ်းထမ် သော်နာမက္ခန္ဓာဖြစ်ပုံ,သုခုမ-သိမ်မွေ့နူးညံ့သောနာမက္ခန္ဓာဖြစ် ပုံကိုသိကြရာ၏၊ ။

(ခ) သဘောအားဖြင့်၊ သြဠာရိက-ချုံ့ရင်း ကြွမ်းထမ် သောနာမက္ခန္ဓာဖြစ်ပုံ,သုခုမ-သိမ်မွေ့နူးညံ့သောနာမက္ခန္ဓာဖြစ် ပုံကိုပြဆိုပေအံ့။ ။

(၁) ဒုက္ခဝေဒနာနှင့်၊ အတူတကွဖြစ်သော နာမက္ခန္ဓာတို့ သည်၊ သာယာ အပ်သော သဘောမှ ကင်းဖြင်းကြောင့်၎င်း၊

တကိုယ်လုံးပျံနှံ့တတ်သောကြောင့်ရင်း၊ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သောကြောင့် ရင်း၊ နှိပ်စက်တတ်သောကြောင့် ရင်း၊ (၂) သုခဝေဒနာ၊ (၃) ဥပေက္ခာဝေဒနာ၊ နှစ်ပါးနှင့်အတူတကွဖြစ်သော နာမက္ခန္ဓာတို့ထက်၊——ရုန့်ရင်းကြမ်းထမ်းကုန်၏။

(၁) သုခဝေဒနာ၊ (၂) ဥပေက္ခာဝေဒနာနှင့်အတူတကွဖြစ်သော နာမက္ခန္ဓာတို့သည်၊ သာယာအပ်သောသဘောရှိသောကြောင့်ရင်း၊ ငြိမ်သက်သောသဘောကြောင့်ရင်း၊ မွန်မြတ်သောသဘောကြောင့်ရင်း၊ နှစ်လိုဘွယ်ရှိသောသဘောကြောင့်ရင်း၊ ဆွဲလျှို့ရှုတတ်သော သဘောကြောင့်ရင်း၊ ယှဉ်သည် အားလျော်စွာ ယှဉ်၍။ (၃) ဒုက္ခဝေဒနာနှင့်အတူတကွဖြစ်သော နာမက္ခန္ဓာတို့ထက်၊သိမ်မွေ့နူးညှံ့ကုန်၏။ ။

(၁) သုခဝေဒနာ၊ (၂) ဒုက္ခဝေဒနာနှင့်တကွဖြစ်သော နာမက္ခန္ဓာတို့သည်၊ တကိုယ်လုံးပျံနှံ့ခြင်းသဘောရှိသောကြောင့်ရင်း၊ တကိုယ်လုံးချောက်ချားခြင်းကိုပြုတတ်သောကြောင့်ရင်း၊ ထင်ရှားသောသဘောကြောင့်ရင်း၊ (၃) ဥပေက္ခာ ဝေဒနာနှင့်တကွဖြစ်သောနာမက္ခန္ဓာတို့ထက်၊သိမ်မွေ့နူးညှံ့ကုန်၏။ ။

(၁) ဥပေက္ခာဝေဒနာနှင့် အတူတကွဖြစ်သော နာမက္ခန္ဓာတို့သည်၊ ဆိုခဲ့အပ်ပြီးသည်မှ၊ ပြန်သောအားဖြင့်၊(၁)သုခဝေဒနာ၊(၂)ဒုက္ခဝေဒနာနှင့်တကွဖြစ်သော နာမက္ခန္ဓာတို့ထက်၊သိမ်မွေ့နူးညှံ့ကုန်၏။ ။

၏သို့လျှင်(၁)သဘောအားဖြင့်၊ ဩဋ္ဌာရိက-ရုန့်ရင်းကြမ်းထမ်းသော နာမက္ခန္ဓာ ဖြစ်ပုံ, သုခုမ-သိမ်မွေ့နူးညှံ့သော နာမက္ခန္ဓာ-ဖြစ်ပုံကိုသိကြရာ၏။ ။

(၈) ပုဂ္ဂိုလ်၏ အစွမ်းဖြင့်၊ ဩဋ္ဌာရိက-ရုန့်ရင်းကြမ်းထမ်းသောနာမက္ခန္ဓာဖြစ်ပုံ,သုခုမ-သိမ်မွေ့နူးညှံ့သောနာမက္ခန္ဓာဖြစ်ပုံပြမေအံ့၊ ။

(၁) သမာပတ်မဝင်စားသောပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သော နာမက္ခန္ဓာတို့သည်၊ အထူးထူးသော အာရုံတို့၌၊ ပျံလွင့်သော

သဘောကြောင့်၊(၂)သမာပတ်ဝင်စားသောပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သောနာမက္ခန္ဓာတို့ဆက်၊ ရန့်ရင်းကြမ်းထမ်းကုန်၏။ ။ သမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော နာမက္ခန္ဓာတို့သည်၊ ဆိုပြီးသည်မှ၊ ပြန်သောအားဖြင့်၊ သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏ သန္တာန်၌၊ ဖြစ်သော နာမက္ခန္ဓာတို့ထက်၊သိမ်မွေ့နူးညံ့ကုန်၏။ ။

ဤသို့လျှင်၊ (၈)ပုဂ္ဂိုလ်၏အစွမ်းဖြင့်၊ ဩဋ္ဌာရိက-ရန့်ရင်းကြမ်းထမ်းသောနာမက္ခန္ဓာဖြစ်ပုံ,သုခုမ-သိမ်မွေ့နူးညံ့သောနာမက္ခန္ဓာဖြစ်ပုံကို သိကြရာ၏။ ။ဤနည်းကို အမှီပြု၍၊ ပုဂ္ဂိုလ်အဆင့်ဆင့်တို့၌၊ ကြမ်းထမ်းစွာဖြစ်ပုံ,သိမ်မွေ့နူးညံ့စွာဖြစ်ပုံကို သိကြရာ၏။ ။

(ဃ-င)လောကီ,လောကုတ္တရာ-၏အစွမ်းဖြင့်၊ဩဋ္ဌာရိက-ရန့်ရင်းကြမ်းထမ်းသော နာမက္ခန္ဓာဖြစ်ပုံ,သုခုမ-သိမ်မွေ့နူးညံ့သောနာမက္ခန္ဓာဖြစ်ပုံကိုပြဆိုပေအံ့။ ။

(၁) အာသဝေါတရားလေးပါးတို့၏၊အာရုံပြုရာဖြစ်သော နာမက္ခန္ဓာတို့သည်၊ လောကီမည်ကုန်၏၊ ။ထိုလောကီဖြစ်သောနာမက္ခန္ဓာတို့သည်။(၁)အာသဝေါတရားဖြစ်ခြင်း၏၊ အကြောင်းဖြစ်သောကြောင့် ၎င်း၊ (၂)ဩဃ,ယောဂ,ဂန္ထ,နီဝရဏ, ဂ္ဂပါဒါန်-တရားတို့၏၊ အာရုံပြုရာ ဖြစ်သောကြောင့်၎င်း၊ (၃)ပူပန်စေတတ်၊ နှိပ်စက်တတ်သော ကိလေသာတို့သည်၊ ပူပန်စေအပ်၊နှိပ်စက်အပ်သောကြောင့်၎င်း၊(၄)ပုထုဇဉ်ပုဂ္ဂိုလ်တို့နှင့်၊ဆက်ဆံသောကြောင့်၎င်း၊အာသဝေါတရားတို့၏၊အာရုံပြုရာမဟုတ်သော(၂)လောကုတ္တရာဖြစ်သောနာမက္ခန္ဓာတို့ထက်၊ရန့်ရင်းကြမ်းထမ်းကုန်၏။ ။

(၁) လောကုတ္တရာဖြစ်သော နာမက္ခန္ဓာ တို့သည်၊ ဆိုပြီးသည်မှပြန်သောအားဖြင့်၊ (၂)လောကီဖြစ်သောနာမက္ခန္ဓာတို့ထက်၊သိမ်မွေ့နူးညံ့ကုန်၏။

(စ) ဩကာသ-တည်ရာဘုံ၏အစွမ်းဖြင့်၊ ဩဋ္ဌာရိက်-ရုန့်ရင်း ကြမ်းထမ်းသော နာမက္ခန္ဓာဖြစ်ပုံ, သုခုမ-နူးညှံ သိမ်မွေ သောနာမက္ခန္ဓာဖြစ်ပုံကိုပြဆိုပေအံ့။ ။

ဤလောက၌၊(၃၁)ဘုံတို့၌ဖြစ်ကြကုန်သောနာမက္ခန္ဓာတို့သည်၊ (ထိုက်သည်အားလျော်စွာ)အောက်အောက်ဘုံ၌ ဖြစ်သော နာမက္ခန္ဓာတို့သည်၊ အထက်အထက်ဖြစ်သောဘုံ၌ဖြစ်သောနာမက္ခန္ဓာတို့ထက်၊ရုန့်ရင်းကြမ်းထမ်းကုန်၏။ ။အထက်အထက်သောဘုံ၌ဖြစ်ကြကုန်သောနာမက္ခန္ဓာတို့သည်၊ အောံအောက်ဘုံ၌ဖြစ်ကြကုန်သောနာမက္ခန္ဓာတို့ထက်၊နူးညှံသိမ်မွေစွာဖြစ်ကုန်၏။ ။(ဥပမာ)ကား၊ အပါယ်လေးဘုံနှင့်,လူဘုံကိုရင်း၊ နတ်ပြည်ခြောက်ထပ်နှင့်, ဗြဟ္မာ့ပြည်နှစ်ဆယ်ကိုရင်း၊ အဆင့်ဆင့်၊(အောက်အထက်)ပြောင်းပြန်၊ နှိုင်းယှဉ်ခြင်းကိုပြု၍၊ ကြည့်ကြလေလော့။ ။

(ဆ) ဝတ္ထုဇ္ဇ်အစွမ်းဖြင့်၊ ဩဋ္ဌာရိက-ရုန့်ရင်း ကြမ်းထမ်းသောနာမက္ခန္ဓာဖြစ်ပုံ,သုခုမ-နူးညှံသိမ်မွေသောနာမက္ခန္ဓာဖြစ်ပုံကိုပြဆိုပေအံ့။ ။

ယုတ်သောဝတ္ထုရှိသောနာမက္ခန္ဓာတို့သည်၊ ရုန့်ရင်းကြမ်းထမ်းစွာဖြစ်ကုန်၏။ ။မြတ်သောဝတ္ထုရှိသော နာမက္ခန္ဓာတို့သည်၊သိမ်မွေနူးညှံစွာဖြစ်ကုန်၏။ ဤသည်လျှင်၊ဩဋ္ဌာရိကံဝါ,သုခုမံဝါ-ဟူသော နှစ်ပုဒ်၏-အဓိပ္ပါယ်-အကျဉ်းအမြွက်ပြခဏ်းတည်း။ ။

(၆-၇) * ဟီနံဝါ ပဏီတံဝါ။ ။ဟူသောပါဠိဖြင့်၊အယုတ်,အမြတ်ဖြစ်ပုံ၊နှစ်ပါးစုံကို ညွှန်ပြ၏။ ထိုနှစ်ပါးတို့တွင်၊ဟီနံဝါ,ဟူသောပုဒ်အရကား။ ။ဩဋ္ဌာရိက-ရုန့်ရင်းကြမ်းထမ်းသောနာမက္ခန္ဓာတို့သည်၊ ဟီန-မည်ကုန်၏။ ။ပဏီတံဝါ,ဟူသောပုဒ်အရကား။ ။သုခုမ-နူးညှံသိမ်မွေသော နာမက္ခန္ဓာတို့သည်၊ပဏီတ-မည်ကုန်၏။ ။

(၈-၉) * ဒုရေဝါ၊သန္တိကေဝါ၊ ၊ဟူသောပါဠိဖြင့်၊ အဝေး,အနီးဖြစ်ပုံ၊နှစ်ပါးစုံကို ညွှန်းပြ၏။ ၊ထိုနှစ်ပါးတို့တွင်၊ဒုရေဝါ-ဟူသောပုဒ်အရကား၊ ၊အကုသိုလ်ဖြစ်သောနာမက္ခန္ဓာတို့သည်၊ကုသိုလ်,အဗျာကတ-ဖြစ်သောနာမက္ခန္ဓာတို့မှဝေးကွာ၍၊ အချင်းချင်း၊ဒုရ-မည်ကုန်၏။ ၊သန္တိကေဝါ-ဟူသောပုဒ်အရကား၊ ၊အကုသိုလ်ဖြစ်သော နာမက္ခန္ဓာတို့သည်၊ အကုသိုလ်ဖြစ်သောနာမက္ခန္ဓာတို့နှင့်နီးစပ်၍၊သန္တိက-မည်ကုန်၏။ ၊ ထိုနည်းအတူ၊ ကုသိုလ်လျှင်, ကုသိုလ်ချင်းချင်း၊ အဗျာကတလျှင်,အဗျာကတချင်းချင်း,နီးစပ်၍၊သန္တိက-မည်ကုန်၏။ ။

ဤသို့အားဖြင့်၊အမည်ပညတ်အမျိုးမျိုးတင်၍၊ ဟောတော်မူအပ်သော ဝေဒနာ, သညာ, သခ်ါရ, ဝိညာဉ်-ဟူသော နာမက္ခန္ဓာတရား၊ လေးပါးတို့ကို၊(ငါ၏ဥစ္စာ) (ငါ) ငါ၏ကိုယ်ပင်တည်း,ဟူ၍၊ (တဏ္ဍာ,မာန,ဒိဋ္ဌိ)တို့ဖြင့်၊ သိမ်းပိုက်စွဲးလမ်းခြင်းငှါ၊ မသင့်လျော်ချေ၊ ။(၁) * အနိစ္စတရားမျိုး။ (၂) * ဒုက္ခတရားမျိုး။(၃) * အနတ္တတရားမျိုးတို့ဟူ၍၊မဖေါက်မပြန်၊မှန်ကန်သောအတိုင်း၊ရှုအပ်သင့်ထုပေ၏ဟူ၍၊ဟောတော်မူ၏။ ။

ဤသို့ပြဆိုအပ်ခဲ့ပြီးသောဒေသနာအဟာဉ်ကို၊အစဉ်မှီလျက်၊ ဥပရိပဏ္ဏာသပါဋိတော်၊ဝိဘင်္ဂဝင်၊ ဘဒ္ဒေကရတ္တသုတ်၌၊ဤဆိုလတ္တံ့သောဒေသနာအစဉ်ကို၊ဟောတော်မူအပ်၏။ ။

(၁) အတီတံ နာန္ဓာဂေယျ၊နပ္ပဋိကခေ် အနာဂတံ။
ယဒတီတံ ပဟီနန္တံ၊အပတ္တံစ အနာဂတံ။ ။

(၁) ယသ္မာ၊ အကြင့်ကြောင့်။ ယံ၊အကြင်ခန္ဓာငါးပါး၊ရုပ်နာမ်,တရားသည်။အတီတံ၊လွန်လေပြီ။ တံ၊ထိုလွန်လေပြီးသောခန္ဓာငါးပါး၊ရုပ်,နာမ်တရားသည်။ ပဟီနံ၊ ချုပ်လေပြီ။ တသ္မာ၊ထို့ကြောင့်။အတီတံ၊အတိတ်ဖြစ်သော

ခန္ဓာငါးပါး၊ရုပ်,နာမ်တရားကို။ နာန္ဓာဂမေယျ၊ တဏ္ဍာ, ဒိဋ္ဌိ-တို့ဖြင့်မစွဲးလမ်းရာချေ။'' ။ယံ၊အကြင်ခန္ဓာငါးပါး၊ ရုပ်,နာမ်တရားသည်။အနာဂတံ၊မရောက်သေး။ တံ၊ထို ပရောက်သေးသော ခန္ဓာငါးပါး၊ရုပ်,နာမ်တရားသည်။ အပတ္တံစ၊ မဖြစ်သေး သည်လည်း။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ထိုကြောင့်။အနာဂတံ၊အနာဂတ်ဖြစ်သောခန္ဓာ ငါးပါး၊ ရုပ်,နာမ်တရားကို။ နပ္ပဋိကခေ၊ တဏ္ဍာ,ဒိဋ္ဌိတို့ ဖြင့်၊မတောင့်တရာ။ ။

(၁) အကျဉ်းချုပ်အဓိပ္ပါယ်ကား။

(၁-က) အကြင်သို့သဘောရှိသော လူ,နတ်,ဗြဟ္မာ-သတ္တ ဝါ-ဟု၊ပညတ်အပ်သော ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့သည်၊ လွန်ခဲ့လေပြီးသော ဘဝထိုထိုက၊အကြိမ်ကြိမ်ဖြစ်ခဲ့ဘူးလှလေ ပြီ။ ။(အကြိမ်ကြိမ်ရခဲ့ဘူးလှလေပြီ)။ ။ထိုခန္ဓာငါးပါး၊ရုပ်နာမ် တရားတို့သည်၊ ထိုထိုရသောဘဝအခါကပင်၊ ကွယ်ပျောက် ချုပ်ငြိမ်း၍ သွားကြလေကုန်ပြီ။ ။(ဤယခုအခါ၌၊တစုံတခုမျှ မရှိတော့ပြီဟူလို)။ ။ထိုသို့ဖြစ်ခဲ့ဘူးပြီးသော,ရခဲ့ဘူးပြီးသော, အတိတ်ကာလ၌ဖြစ်သော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို၊ (သင်ချစ်သားတို့သည်)တဏ္ဍာ,ဒိဋ္ဌိတို့၏အစွမ်းဖြင့်၊ရည်ရော် တမ်းမှန်း၊ လွမ်းဆွတ်အောက်မေ့၍ မနေသင့်တော့ချေ။ ။ (ဇိုသို့ နေခြင်းဖြင့်လည်း၊ လွန်ပြီးသော ခန္ဓာငါးပါး၊ ရုပ်နာမ် တရားတို့သည်၊ အသစ်တဖန်၊ ပြန်လည်ဖြစ်ပေါ်လာခြင်းမရှိရ ကား၊တစုံတခုမျှအကျိုးမဖြစ်၊ ဆိုးညစ်သောတဏ္ဍာ,မာန,ဒိဋ္ဌိ- စသည်တို့၊ဖြစ်ပွါးပေါ်လာခြင်းဟူသောအပြစ်သာများပြားလေ တော့သည်ဟူ၏)။ ။

(၁-ခ) အကြင်သို့ သဘော ရှိသော လူ,နတ်,ဗြဟ္မာ-သတ္တ ဝါ-ဟု၊ ပညတ်အပ်လတ္တံ့ဖြစ်သော ခန္ဓာငါးပါး၊ရုပ်နာမ်တရား တို့သည်၊ အသစ်-အသစ်အားဖြင့်၊ မဖြစ်ပေါ်လာသေး။ ထိုသို့

သဘၤာ၌ေသာခန္ဓာငါးပါး၊ ရုပ္နာမ္တရားတို့သည္၊မေရာက္လာေသးေသာ အနာဂတ္ခန္ဓာငါးပါးမည္၏၊ထိုအနာဂတ္ကာလ၌ျဖစ္လတ္ေသာခန္ဓာငါးပါး၊ ရုပ္နာမ္တရားတို့ကို၊(သင္ခ်စ္သားတို့သည္)၊ ျဖစ္ရထို၏။ ရရထို၏=ဟု၊ တုဏွာဇိဋ္ဌ-တို့၏အံစြမ္းျဖင့္၊ေျပာမွန္းေတာင့္တ၍ မံေနသင့္ေတာ့ေခ်။ ။(ထိုသို့ေျပာမွန္းေတာင့္တ၍ ေနအပ္ေသာ သဘၤာမ်ိဳး မဟုတ္ေခ်။ ထိုသို့ေတာင့္တေျပာလင့္၍ ေနျခင္းသ၌သည္၊ အလုပ္ပိုသက္သက္မွ်သာျဖစ္၏)။ ။စင္စစ္မူကား။ ။အဝိဇ္ဇာ,တဏွာ,ကံ,သခ်ၤာရ-ဟူေသာအေၾကာင္းတရားတို့၏၊ အၾကြင္းမဲ့မၿပိတ္ျခင္းေသးေသာပုဂၢိဳလ္ျဖစ္ခဲ့လၽွင္။ ယိမိတို့-ထိုသို့ေတာင့္တေျပာလင့္အပ္ေသာ ခန္ဓာငါးပါး၊ ရုပ္နာမ္တရားတို့သည္၊ တရုတသေဘာဝ၌၊ ပစ္ပ်ဴပ္ခ်ိန္အျဖစ္ျဖင့္၊စင္စစ္ေကန္၊အမွန္ပင္ျဖစ္ရဦးမည္ျဖစ္ေသာေၾကာင့္ေပတည္း။ ။ဟူထို။ ။

(၂) ပစ္ပ်ဴပ္ခ်ိန္စ္ဆ ေယာ ဓမ္မံ၊တတ္ထတတ္ထ ဝိပသၸတိ။
အသံဟိရံ အသံကုပ္ပံ၊တံ ဝိန္ဒါ မန္ဒုဗြဟၼေယ။ ။

(၂) ေယာဘိက္ခု၊ အၾကြင္းရဟန္းသည္။ ပစ္ပ်ဴပ္ခ်ိန္၊ပစ္ပ်ဴပ္ခ်ိန္ျဖစ္ေသာ။ ဓမ္မစ္ဆ၊ ခန္ဓာငါးပါး၊ တရားကိုလည္း။ တတ္ထတတ္ထ၊ထိုထိုေသာကာလ၌။ဝိပသၸတိ၊ျဖစ္ရံ၊ပ်က္ဟန္၊အတန္တန္ကို၊အဖန္ဖန္ဉာဏ္ျဖင့္ရွု၏။အသံဟိရံ၊တြန္တုံ့ျခင္းမရွိေသာ။ အသံကုပ္ပံ၊ပ်က္စီးျခင္းမရွိေသာ။ တံ၊ထိုေရွးေရွးျဖစ္ေသာဝိပသနာဉာဏ္ကို၊ ဝိန္ဒါ၊ပဋိဘာရွိေသာ။ေသာဘိက္ခု၊ထိုရဟန္းသည္။ အနုဗြဟၼယ၊ အဖန္တလဲလဲ၊စိတ္ဒ်စ္ဖဲ့၍၊အားခဲးပါးမ်ားရာ၏။ ။

(၂) အကၽဥ္းခ်ဳပ္အဓိပၸါယ္ကား။

(၂) အိုး...ငါ၏ခ်စ္သား၊ရဟန္းမ်ားတို့။ ။(၃)လွန္ခဲ့ေလၿပီး၊ အတိီးရွည္ၾကာ၊သံသရာက၊ခန္ဓာငါးပါး၊ရုပ္နာမ္တရားတို့

ကို၊ရည်ရော်တမ်းမှန်း၊အာသာ-လွှမ်း၍၊လွမ်းဆွတ်အောမေ့ခြင်းကို၊ မပြုကြလေနှင့်။ ။(၂)အနာဂတ်ကာလ၌ ဖြစ်လတ္တံ့, ရလတ္တံ့သော ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့ကိုလည်း၊ဖြစ်ရလိုမှု၊ ရ-ရလိုမှုဇြင့်၊ တောင့်တ,မြော်လင့်ခြင်းကို၊ မပြုကြလေနှင့်-ဟု၊————အာဒီနဝ, အပြစ်ပြ၍၊ မိန့်ဟကျူးရင့်တော်မူပြီးနော်၊————အဿာဒ,သာယာဘွယ်ဖြစ်၍၊ အားသစ်ကြိုးပမ်း၊ ထမ်းဆောင်ပြုလုပ်သင့်သောအမှုအလုပ်ကို၊ အားထုတ်ညွှန်ကြားတော်မူပြန်သည်မှာကား။ ။အို...ငါ၏ ချစ်သား၊ ရဟန်းများတို့။ ။ဤပစ္စုပ္ပန်ဘဝ၌၊ မိမိတို့-လက်ရှိ-ရပြီးဖြစ်သော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏၊မမြဲ၍ အနိစ္စဖြစ်ပုံ၊ဆင်းရဲ၍ ဒုက္ခဖြစ်ပုံ၊တားဆီးမနိုင်၊အပိုင်အစိုးမရသော အနတ္တဖြစ်ပုံကိုသာ၊ အဖန်ဖန်ဥာဏ်ဖြင့်၊ ရှုဆင်ခြင်ရာ၏။ ထိုသို့ ရုပ်နာမ်နှစ်ခု၊သခ်ါရအစုတို့၏၊ဖြစ်မှု-ပျက်မှုကို၊ရှုဆင်ခြင်တတ်သော ဝိပဿနာ-ဘာဝနာဥာဏ်ကိုသာ၊တွန့်တိုဆုတ်နစ်၊ပျက်စီးခြင်းမရှိစေဘဲ၊ အဖန်တလဲးလဲ၊ စိတ်၌စွဲး၍၊အားခဲးပွါးများကြရာ၏-ဟူ၍၊ ဒေသနာစည်ကြီး၊ ခြိမ့်ခြိမ့်ညီးအောင်၊တီးခတ်ရိုက်ညွှန်း၍၊တိုက်တွန်းအားပေးတော်မူ၏၊ ။ဟူလို၊ ။

(၃) အဇ္ဇေဝ ကိစ္စ မာတပံ၊ကော ဇညာ မရဏံ သုဝေ။
နဟိနော သက်ရံ တေန၊မဟာသေနေန မစ္စုနာ။ ။

(၃) အာတပံ၊ ကုသိုလ် အစု၊ ကောင်းမှုတရားတို့၌၊အားထုတ်ခြင်းလုံ့လကို၊အဇ္ဇေဝ၊အချိန်မရွေ့၊ယနေ့ပင်လျှင်၊ ကိစ္စံ၊ပြုအပ်၏။ သုဝေ၊နေရှိန်ထွန်းတောက်၊နော်တနေ့ဖြစ်သောနက်ဖြန်ခါ၌။ ဇီဝိတံ၊ အသက်ရှင်အံ့သည်ကိုငင်း။ မရဏံ၊သေရအံ့သည်ကိုငင်း။ ကော၊အဘယ်သူသည်။ဇညာ၊မုချပိုင်ပိုင်၊သိနိုင်ရာအံ့နည်း။မဟာသေနေန၊ကိုးဆဲ့ခြောက်ဖြာ၊ဘေးရောဂါ-အစရှိသော များစွာသောစစ်သည်ဗိုလ်ပါရှိသော။တေနမစ္စုနာ၊ထိုသေမင်း

နှင့်။ သဒ္ဓိ၊ နှစ်ဦးသားဘော၊ တိုင်ပင်ပြော၍၊ မနော-ကြည်ဖြူ၊ အတူတကွ၊ သက်ရံ၊ ချစ်ကျွမ်းဖွဲ့လျက်၊ နေ့ရက်ချိန်းချက်ခြင်းသည်။ နဟိနော၊ (နဟိဝေ)၊ မရှိကေန်၊ စင်စစ်မှန်သည်သာလျှင်တည်း။

(၄) ဇဝံ ဝိဟာရိံ အာတာပိံ၊ အဟောရတ္တမတန္ဒိတံ။ တံ ဝေ ဘဒ္ဒေကရတ္တောတိ၊ သံန္တော အာစိက္ခတေ ရနိ။

(၄) ဇဝံ၊ ဤသို့၊ ဝိဟာရိံ၊ နေလေ့ရှိသော။ အာတာပိံ၊ ကိလေသာကိုပူပန်စေတတ်သောလုံ့လရှိသော။ အဟောရတ္တ၊ နေ့ညဉ့်ပတ်လုံး။ အတန္ဒိတံ၊ ပျင်းရိခြင်းမရှိသော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဝေ၊ စင်စစ်။ ဘဒ္ဒေကရတ္တောတိ၊ ကောင်းသော နေ့ညဉ့် ရှိသော ပုဂ္ဂိုလ်ဟူ၍။ သန္တော၊ ကိလေသာတို့မှ၊ ငြိမ်းတော်မူပြီးသော။ မုနိ၊ မြတ်စွာဘုရားရှင်သည်။ အာစိက္ခတေ၊ ဟောကြားတော်မူ၏။

(၃-၄) အကျဉ်းချုပ်အဓိပ္ပါယ်ကား။

(၃-၄) အို...ငါ၏ချစ်သား၊ ရဟန်းများတို့။ ။ကုသိုလ်အစု၊ ကောင်းမှုတရား၊ ပွါးများအားထုတ်ရာ၌၊ နေ့-ရက်-လ-နှစ်၊ သက္ကရာဇ်တို့၊ အသစ်အသစ်ပြောင်းလျက်၊ အချိန်နှောင်းခံ၍ မနေကြကုန်လင့်။ ။ပြုသင့်, ပြုထိုက်သော အမှုအလုပ်မျိုးမှန်လျှင့်၊ အချိန်နာရီမရွှေ့၊ ယနေ့-ယခုပင်, ပြုကြကုန်လော။ ။(ဆိုသို့မဟုတ်)၊ ပြုသင့်, ပြုရာသော အမှုအလုပ်မျိုးတို့ကို၊ မပြုထုပ်ကြဘဲး၊ အချိန်နာရီရွှေ့ဆိုင်း၍ ထားချေက၊ မိမိတို့၏ အသက်ဇီဝိတိန္ဒြေသည်၊ နောက်တနေ့ဖြစ့်သောနက်ဖြန်ခါ၌၊ မပျက်စီးဘဲး၊ ဆက်လက်၍ ပင်တည်ပေလိမ့်ဦးမည်။ ။(သို့မဟုတ်)၊ ပျက်စီး၍ သွားချေမည်ကို၊ အဘယ်သူသည်၊ မချ ဝိုင်ဝိုင်၊ သိနှိုင်ရာအံ့နည်း။ ။ကိုးဆဲ့ခြောံဖြာ၊ ဘေးရောဂါ-အစရှိသောစစ်သည်-ဗိုလ်ပါ-ရှိသော့ သေမင်းနှင့်၊ (သေခြင်း) တရားနှင့်၊ နှစ်ဦး-

သဘော၊ တိုင်ပင်ပြော၍၊ မနော-ကြည်ဖြူ၊ အတူတကွ၊ ချစ်ကျွမ်းဖွဲကာ၊(နေ့ရတို့-နေ့ရက်) (သေရတို့-နေ့ရက်) ချိန်းချက်ထားသော့အရာသည်၊ စင်စစ်ဧကန်၊မရှိရိုးမှန်ပေသတည်း-ဟု၊ အောံမေ့ဆင်ခြင်လျက်၊ ကုသိုလ်တရား၊ ပွါးများအားထုတ်၍ နေသော့ပုဂ္ဂိုလ်ကို၊ ကောင်းသော နေ့-ညဉ့်ရှိသော ပုဂ္ဂိုလ်ပါတကား-ဟု၊မြတ်စွာဘုရားရှင်သည်၊ဟောကြားတော်မူ၏။ ။ ဟူလို။ ။

၏တွင်ရွှေကား၊
မကျဉ်းမကျယ်၊သိလွယ်တန်ရုံဖွင့်ဆိုအပ်သော
ကာလသုံးပါး၌ဖြစ်သောနာမက္ခန္ဓာတရား၊လေးပါးတို့၏၊
အနတ္တအဖြစ်၊ပြဆိုခဏ်းပြီး၏။

ဤယခုအခါ၌၊ နောက်၌ပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ ခန္ဓာ ငါးပါး၊ ရုပ်-နာမ်တရားတို့ကို၊ လက္ခဏာရေး-သုံးတန်တို့ဖြင့်၊ အဖန်ဖန်တင်၍၊ဆင်ခြင်သုံးသပ်သော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌၊ ဝိပဿနာဥာဏ်၏အစွင်းဖြင့်၊ ထိုခန္ဓာငါးပါး၊ ရုပ်-နာမ်,တရားတို့၌၊ ပျင်းရိမှိုင်မေ့၊မပျော်မွေ့ဘဲး၊ငြီးငွေသောနိဗ္ဗိန္ဒ ဥာဏ်ဖြစ်ပုံ-စသော ဝိပဿနာဥာဏ်၏တန်းခိုး၊ အကျိုးခံစား ရပုံကို၊ ပြည့်စုံထင်ရှားစွာ ပြခြင်းအကျိုးငှါ၊ ဤဆိုလတ္တံ့သော ဒေသနာအစဉ်ကို၊(သင်္ဂါယနာ)တင်တော်မူကြကုန်၏။ ။

(အနတ္တလက္ခဏသုတ်ပါဠိတော်)။

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊သခ်ါရေသုပိ နိဗ္ဗိန္ဒတိ၊ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဥာဏံ ဟောတိ၊ခီဏာ ဇာတိ၊ဝုသိတံ ဗြဟ္မစရိယံ၊ကတံ ကရဏီယံ၊နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိတိ၊ ဣဒ မဝေါစ ဘဂဝါ။ ။

(အနတ္တလက္ခဏသုတ်နိဿယ)။

ဘိက္ခဝေ၊ အို...ငါ၏ ချစ်သား၊ရဟန်းများတို့၊ ဧဝံ၊ ဤဆိုခန္ဓာငါးပါးကို အနိစ္စ,ဒုက္ခ,အနတ္တ-ဟူ၍၊ ပဿံ-ပဿန္တော၊ ဝိပဿနာ-မင်ပညာဖြင့်ရှုသော၊ သုတဝါ၊ ပရိယတ်, ပဋိဝေဓ-ဟူ ဆိုအပ်သော အကြားအမြင် ရှိ သော၊အရိယသာဝကော၊အရိယာဖြစ်သော,ငါဘုရား၏ တပဉ္စသည်။ရူပသ္မိံပိ၊ရူပက္ခန္ဓာ၌လည်း။နိဗ္ဗိန္ဒတိ၊ငြီးငွေ ၏။ ဝေဒနာယပိ၊ဝေဒနာက္ခန္ဓာ၌လည်း။နိဗ္ဗိန္ဒတိ၊ငြီးငွေ ၏။သညာယပိ၊သညာက္ခန္ဓာ၌လည်း။နိဗ္ဗိန္ဒတိ၊ငြီးငွေ၏။ သခ်ါရေသုပိ၊သခ်ါရက္ခန္ဓာတို့၌လည်း။နိဗ္ဗိန္ဒတိ၊ငြီးငွေ ၏။ဝိညာဏသ္မိံပိ၊ဝိညာဏက္ခန္ဓာ၌လည်း။နိဗ္ဗိန္ဒတိ၊ဝုဋ္ဌာ

နကါမိနိုဝိပဿနာဖြင့်၊ငြိုးငွေ့ဏ္ဍ။ နိုပြိုနှံ့-နိုပြိုနှံ့ကဲ့သာ၊ဝုဋ္ဌာန
ကါမိနိုဝိပဿနာဖြင့်၊ငြိုးငွေ့ခြင်းကြောင့်၊ဝိရဇ္ဇတိ၊ငဲ့ယေး
ပျိုးသော မဂ်ဖြင့်၊ တပ်ခြင်းကင်းဏဲ့။ ဝိရာဂါ၊ လေးပါး
သောမဂ်ဖြင့်၊ တပ်ခြင်းကင်းခြင်းကြောင့်။ ဝိမုစ္စတိ၊ပဋိ
ပဿဒ္ဓိဝိမုတ္တိ-ဟုဆိုအပ်သော ဂလေးပါးသောဇိုလ်ဖြင့်၊
ကိလေသာတို့ပျက်လွတ်ဏဲ့။ ဝိမုတ္တံသို့၊ပဋိပဿဒ္ဓိဝိမုတ္တိ-
ဟုဆိုအပ်သော အရဟတ္တဇိုလ်၌။ ဝိမုတ္တံ၊ကိလေသာတို့
ပျက်လွတ်သည်းအမှီ၊ဖြစ်ပြီ။ ဇာတိ၊ဤသို့၊ဉာဏ်၊ပစ္စဝေက္ခ
ဏာဉာဏ်သည်၊ ဟောတိ၊ဖြစ်ဏဲ့။ ဇာတိ၊ ပဋိသန္ဓေနေ
ခြင်းသည်း ဒိဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ မဂ်,တည်းဟူ
သောမြတ်သောအကျင့်ကို၊ ဝုသိတံ၊ကျင့်အပ်ပြီ၊ ကရ
ဏီယံ၊ သစ္စာလေးပါးတို့၌၊ လေးပါးသော မဂ်တို့ဖြင့်၊
ဒုက္ခသစ္စာကိုပိုင်းခြားဏဲ့.သိခြင်း,သမုဒယသစ္စာကိုပယ်
ခြင်း,နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို
ပွါးစေခြင်းဏဲ့အစွမ်းဖြင့်၊တဆဲ့ခြောက်ပါး၊အပြားရှိသော၊
ပြဿဝယ်ကိစ္စ၊ဟူသမျှကို။ ကတံ၊ပြုအပ်ပြီး ဇာတိဆုတ္တာယ၊
ဤတဆဲ့ခြောက်ပါး၊ အပြားရှိသော မဂ်ကိစ္စအကျိုးဌာ၊
ဝါ၊ ကိလေသာကုန်ခြင်းဌာ၊ အပရံ၊ တပါးသော၊ မဂ္ဂ
ဘာဝနာကိစ္စံ၊ မဂ်ကိုပွါးစေခြင်းကိစ္စသည်း နတ္ထိ၊ မရှိ။
ဇာတိ၊ဤသို့။ပဇာနာတိ၊သိဏဲ့။ ။

(တနည်းကား။ ။ဇာတိဆုတ္တာယ၊ ဤပစ္စုပ္ပန်ခန္ဓာအ
စဉ်မှ။ အပရံ၊ တပါးသေး။ ခန္ဓသန္တာနံ၊ ခန္ဓာ အစဉ်
သည်။ မယံ၊ ငါ့အား။ နတ္ထိ၊မရှိ။ ဇာမေပန ပစ္ဆက္ခန္ဓာ၊ဤ
ပစ္စုပ္ပန်ခန္ဓာငါးပါးတို့သည်ကား။ ပဇိညာတာ၊ပိုင်းခြား
၍.သိအပ်ကုန်သည်ဖြစ်၍.။ ဆိန္နမူလကာ၊ ဖြတ်အပ်ပြီး
သောအမြစ်ရှိကုန်သော။ ရုက္ခာဝိယ၊သစ်ပင်တို့ကဲ့သို့၊
စရိမက-ဝိညာဏနိရောဓေန၊အဆုံးစွန်သော ဝိညာဉ်၏
ချုပ်ခြင်းကြောင့်။ အနုပါဒါနော၊လောဂ်စာမရှိသော၊ဓာ

တဝေဒေါဝိယ၊ ဥက္ကာဒီးကဲ့သို့။ နိဗ္ဗာယိသည်ကို ပြုမ်းကုန်လတ္တံ့၊ ဤတိ၊ ဤသို့သဘောနာတိ၊ သိ၍)။ ၊ဘဂဝါ၊ ဘုန်းတော်ရှင်ခြင်းစသည်၊ ကိုးကွယ်သင့်၊ မြတ်စွာဘုရားရှင်သည်။ ဤဒုံ(ဝစနံ)၊ ဤ(ရူပံ ဘိက္ခဝေ အနတ္တာ)အစရှိသော ဒေသနာတော်မြတ်အစဉ်ကို၊ အဝေါစ၊သောယာဆိုမြို့နှုန်၊ ဒိန္နဆိုဟောတော်မူလေ၏၊ ။

ပါဠိဘာသာမှ၊ မြန်မာဘာသာပြန်ဆိုပြခြင်း။

(၁) အိုး.....ငါ၏ချစ်သား၊ ရဟန်းများတို့။ ။ဤသို့ ပြဆို အပ်ခဲ့ပြီးသော နည်းဖြင့်၊ ခန္ဓာ ငါးပါး၊ ရုပ်နာမ်တရားတို့ကို၊ (၁)အနိစ္စ-အမြဲမရှိ။ (၂)ဒုက္ခ-ဆင်းရဲရေ၏၊ (၃)အနတ္တ-အတ္တ မရှိ-ဟူ၍၊ ဝိပဿနာမဂ်ပညာဖြင့်ရှုသော ပရိယတ္တိဓမ္မ,ပဋိဝေဓ-ဟု ဆိုအပ်သော အကြားအမြင်ရှိသော အရိယာဖြစ်အောင် ငါဘုရားရှင်၏တပည့်သည်၊ ———————

(၁) * ရူပက္ခန္ဓာ, တရားခွ၊ ပျင်းရိငြီးငွေ့၊ မငြိုင်မှေတွဲးရှိ၏။

(၂) * ဝေဒနာက္ခန္ဓာ,တရားခွ၊ ပျင်းရိငြီးငွေ့မငြိုင်မှေတွဲးရှိ၏၊

(၃) * သညာက္ခန္ဓာ,တရားခွ၊ ပျင်းရိငြီးငွေ့၊ မငြိုင်မှေတွဲးရှိ၏၊

(၄) * သင်္ခါရက္ခန္ဓာ,တရားခွ၊ ပျင်းရိငြီးငွေ့၊မငြိုင်မှေတွဲးရှိ၏၊

(၅) * ဝိညာဏက္ခန္ဓာ,တရားခွ၊ပျင်းရိငြီးငွေ့၊မငြိုင်မှေတွဲးရှိ၏၊

ဤသို့လျှင်၊ ဝုဋ္ဌာနဂါမိနိဝိပဿနာဖြင့်၊ ပျင်းရိငြီးငွေ့၊မိုက်ပျော်မှေခြင်းကြောင့်၊ ထိုခန္ဓာငါးပါး၊ ရုပ်,နာမ်,တရားခွ၊ သောတာပတ္တိမဂ်-အစရှိသော လေးပါးသော မဂ်တို့ဖြင့်၊ တပ်နှစ်သက်

ခြင်းကင်းဏ်။ ။ထိုသို့၊ တပ်နှစ်သက်ခြင်း ကင်းခြင်းကြောင့်၊ (ပဋိပဿဒ္ဓိ-ဝိမုတ္တိ)ခေါ်သော လေးပါးသောဖိုလ်စိတ်တို့ဖြင့်၊ ကိလေသာတို့မှ၊ အသီးအသီးလွတ်ကြကုန်ဏ်။ ။ထို့နောက်၊ ထို(ပဋိပဿဒ္ဓိ-ဝိမုတ္တိ)ခေါ်သော အရဟတ္တဖိုလ်တရားဌ်၊ ဤဖိုလ်တရားသည်၊ကိလေသာတရားတို့မှ၊ကင်းလွတ်သည်ဖြစ်ပြီဟူ၍၊ ဆင်ခြင်တတ်သောပစ္စဝေက္ခဏာဥာဏ်သည်၊ ထင်ရှားဖြစ်ဏ်။ ။

ထိုအခါဌ်။

(၁) * ခီဏာ ဇာတိ။ ။ဟူသောပါဠိဖြင့်၊ ဘဝအသစ်ဌ်၊ ခန္ဓာဝန်အသစ်တဖန်၊ ပြန်လည်ဖြစ်ဘို့ရန်ကံသည်၊ ကုန်ခန်းလေပြီ။ ။ဟူ၍ဆိုလိုဏ်။ ။

(၂) * ဝုသိတံ ဗြဟ္မစရိယံ။ ။ဟူသောပါဠိဖြင့်၊မဂ်,ဖိုလ်-ရရာ-ရကြောင်း, ကောင်းမြတ်သော အကျင့်ကို၊ ကျင့်အပ်ပြီးပြီ။ ။ဟူ၍ဆိုလိုဏ်။ ။

(၃) * ကတံ ကရဏီယံ။ ။ဟူသောပါဠိဖြင့်၊သစ္စာလေးပါးတို့ဌ်၊လေးပါးသောမဂ်တို့ဖြင့်၊(၁)ဒုက္ခသစ္စာကို၊ ဗိုင်းခြားဍ်သိခြင်း၊ (၂)သမုဒယသစ္စာကို၊ပယ်ခြင်း၊ (၃)နိရောဓသစ္စာကို၊ မျက်မှောက်ပြုခြင်း၊ (၄)မဂ္ဂသစ္စာကို ပွါးခြင်း-ဟူသော တဆဲ့ခြောက်ပါး၊အပြားရှိသော ပြုဘွယ်ကိစ္စ၊ဟူသမျှကို၊ ပြုကျင့်ဍ်ပြီးပြီ။ ။ဟူ၍ဆိုလိုဏ်။ ။

(၄) * နာပရံ ဣထ္ထတ္တာယာတိ။ ။ဟူသောပါဠိဖြင့်၊ ဤပြဆိုအပ်သော တဆဲ့ခြောက်ပါး၊ အပြားရှိသော ကိလေသာကုန်ခန်းစေခြင်းဌါ၊ ကျင့်အပ်သော မဂ္ဂကိစ္စအကျိုးဌါ၊ အခြားတပါးဖြစ်သောမဂ်ကို၊ ပွါးများစေခြင်းကိစ္စသည်၊ မရှိ ဧကန်၊ စင်စစ်မှန်ဏ်-ဟုဆိုလိုဏ်။ ။

တနည်းအားဖြင့်၊ဆိုရမူကား။ ။ဤပစ္စုပ္ပန်ဘဝဌ်၊ လက်ရှိရပြီးဖြစ်သော ခန္ဓာငါးပါးအစဉ်မှ၊တပါးဖြစ်သော အနာဂတ်ဘဝဌ်၊ ရလတ္တံ့-ရောက်လတ္တံ့ ဖြစ်သော ခန္ဓာ ငါးပါး အစဉ်

သည်၊ မရှိကေန်၊ စင်စစ်မှန်၏-ဟူ၍ သိမြင်၏။ ။ဤပစ္စုပ္ပန်ဘဝ၌၊ ခန္ဓာငါးပါးတို့သည်ကား။ (ဒုက္ခသစ္စာ)၏ အဖြစ်ဖြင့်၊ ပိုင်းခြားထင်ထင်၊ သိမြင်အပ်ကုန်သည်ဖြစ်၍ တည်နေ၏။ ။ ဤဗစ္စုပ္ပန်ဘဝ၌၊ ခန္ဓာငါးပါးတို့သည်လည်း၊ ဖြတ်အင်ပြီးသော အမြစ်ရှိကုန်သော သစ်ပင်,မြက်ပင်-တို့ကဲ့သို့၊ အဆုံးစွန်သော ဝိညာဉ်၏ ချုပ်ခြင်းကြောင့်၊ (ချုပ်သောအခါ၌)၊ လောင်စာမရှိသော တောမီးတောက်ကဲ့သို့၊ ငြိမ်းကုန်လတ္တံ့-ဟူ၍၊ သိခြင်းဖြစ်၏။ ။ဟူ၍ ဟောတော်မူ၏။ ။

ဤအရာ၌၊အဓိပ္ပါယ်ခက်ကို၊ဆက်၍ ဆိုဦးအံ့။ ။

(က) * ရူပသို့ပိ နိဗ္ဗိန္ဒတိ၊ အစရှိသော ငါးပုန်း၌။ နိဗ္ဗိန္ဒတိ၊ ပျင်းရိငြီးငွေ၊ မပျော်မွေ့ဘဲးရှိ၏-ဆိုရာ၌။ နိဗ္ဗိန္ဒတိ-ပုန်အရကား၊ ဝုဌာနဂါမိနိဝိပဿနာဉာဏ်ကို၊အရကောက်ယူအပ်၏။ ။

(ခ) * နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ။ ။ဆိုရာ၌၊တပ်ခြင်းကင်းသည်၏ အစွမ်းဖြင့်ဖြစ်သော လေးပါးသော မဂ်စိတ်တို့ကို၊အရကောက်ယူအပ်၏။ ။

(ဂ) * ဝိရာဂါ ဝိမုစ္စတိ။ ။ဆိုရာ၌၊ ဝိမုစ္စတိ-ဟူသော ပါဠိဖြင့်၊ လေးပါးသော ဖိုလ်စိတ်တို့ကို၊ အရကောက်ယူအပ်၏။ ။

(ဃ) * ဝိမုတ္တသို့ ဝိမုတ္တမှိတိ ဉာဏံ ဟောတိ။ ။ဆိုရာ၌၊ ဖိုလ်စိတ်ကို၊ဆင်ခြင်တတ်သော၊ ပစ္စဝေက္ခဏာဉာဏ်ကို၊အရကောက်ယူအပ်၏။ ။

(င) * ခီဏာ ဇာတိ၊ဝုသိတံ ဗြဟ္မစရိယံ၊ကတံ ကရဏီယံ၊ နာပရံ ဣတ္ထံတ္တာယ။ ။ဆိုရာ-၄-မုန်တို့၌ကား၊ထိုပစ္စဝေက္ခဏာဉာဏ်၏အာရုံဖြစ်သော အရာတို့ကို၊ဟောတော်မူ၏။

ဆိုဦးအံ့။ ။ထိုအရိယာပုဂ္ဂိုလ်ဖြစ်သော တပည့်သည်၊ ဤပြဆိုအပ်ခဲ့ပြီးသော ပစ္စဝေက္ခဏာညာဏ်ဖြင့်၊ ဆင်ခြင်သေးအခါ၌၊ မိမိ၏အဖြစ်သည်၊(၁) * ဘဝအသစ်၌၊ ပဋိသန္ဓေတဖန်၊ ပြန်လည်ဖြစ်ရခြင်းမရှိ၊ကုန်ခန်းပြီ-ဟူ၍သိ၏။ ။(၂) * မဂ်လေးပါးတည်းဟူသော၊မြတ်သောအကျင့်ကို၊ ကျင့်ပြီးပြီဟူ၍သိ၏။ ။(၃) * သစ္စာလေးပါးတရားခ်၌ သိမြင်မှု,ပယ်ဖြတ်မှု, မျက်မှောက်ပြုမှု,ပွါးများမှု-ဟူသော ပြုဘွယ်ကိစ္စ၊ ဟူသမျှကို၊ ပြုအပ်ပြီးပြီ-ဟူ၍ သိ၏။ ။(၄) * ဤတဆဲ့ခြောက်ပါးသော မဂ်ကိစ္စအကျိုးငှါ၊ တပါးသောမဂ်ကို၊ ပွါးစေဘို့ရာကိစ္စသည်၊ မရှိပြီ-ဟူ၍သိ၏ဟု၊ဆိုထိုဏ်။ ။

ဆိုဦးအံ့။ ။ထိုအရိယာသာဝကပုဂ္ဂိုလ်အား။(၁)အချက်၊ (ခိဏာဇာတိ)ဟူသော ပါဠိအရ၊ အဘယ်မည်သော (ဇာတိ) ပဋိသန္ဓေနေခြင်းသည်၊ ကုန်သနည်း။ ။(၂)အချက်၊ ထိုသို့ ကုန်ပြီးသော (ဇာတိ) ပဋိသန္ဓေနေခြင်းကို၊ အဘယ်သို့ သိသနည်း။ ။ဟူသောပြဿနာသည်၊ဖြစ်ပေါ်လာ၏။ ။

အဖြေကိုပြဆိုဦးအံ့။ ။

(၁) ရှေးဦးစွာ၊ထိုအရိယာသာဝကပုဂ္ဂိုလ်အား၊အတိတ်က ဖြစ်ခဲ့ဘူးပြီးသော (ဇာတိ)ပဋိသန္ဓေနေခြင်းသည်၊ မကုန်နှိုင်။ အဘယ်ကြောင့်မကုန်နှိုင်သနည်းဟူမူကား။ ။ရှေးအခါကပင်၊ ကုန်ပြီးဖြစ်၍၊ ဤယခုအခါ၌၊ ကုန်ဘွယ်မရှိသောကြောင့်-ဟု၊ ဖြေဆိုရာ၏။ ။

(၂) အနာဂတ်ဖြစ်သော(ဇာတိ)ပဋိသန္ဓေနေခြင်းသည်လည်း၊ မကုန်နှိုင်။ ။အဘယ်ကြောင့် မကုန်နှိုင်သနည်း ဟူမူကား။ ။အနာဂတ်အတို့အတွက်၊ အားထုတ်ခြင်း(ဇာတိ)ပဋိသန္ဓေမရှိသေးသောကြောင့်-ဟု၊ဖြေဆိုရာ၏။ ။

(၃) ဤပစ္စုပ္ပန်ဖြစ်သော(ဇာတိ)ပဋိသန္ဓေ, နေခြင်းသည်လည်း၊ မကုန်နှိုင်သေး။ ။အဘယ်ကြောင့် မကုန်နှိုင်သနည်း ဟူမူကား။ ။အကြင်ပုဂ္ဂိုလ်အား၊မဂ်လေးပါးကို၊မပွါးစေသည်

၏အဖြစ်ကြောင့်၊ အကြင်(ဇာတိ)ပဋိသန္ဓေနေခြင်းသည်ဖြစ်၏၊ ထိုပုဂ္ဂိုလ်အား၊ ထို(ဇာတိ)ပဋိသန္ဓေနေခြင်းသည်၊ အကယ်၍၊ မဂ်လေးပါးကိုပွါးစေခဲ့လျှင်၊ တဖန်ဘဝအဆစ်၌၊ ဖြစ်ပြန်ခြင်းမရှိရပြီ။ ။ထို(ဇာတိ)ပဋိသန္ဓေနေခြင်းကို၊ အရိယာသာဝကပုဂ္ဂိုလ်သည်၊ မဂ်လေးပါးကို၊ အဆင့်ဆင့်ပွါးစေသဖြင့်၊ အဆင့်ဆင့်ပယ်အပ်ပြီးသောကိလေသာတို့ကို၊ ဆင်ခြင်သဖြင့်၊ ကိလေသာဆယ်ပါး၊ တရားအစုတို့၊ ကုန်ခန်းချုပ်ငြိမ်းသည်ရှိသော်၊ (ကံ)ခေါ်သော စေတနာထင်ရှားရှိသော်ငြားလည်း၊ ထိုနောက်တဖန်၊ ထို(ကံ)သည်၊ (ဇာတိ)ပဋိသန္ဓေကို၊ ဖြစ်စေခြင်းသဘွိမရှိဟု-သိသဖြင့်၊ ထိုကုန်ပြီးသော(ဇာတိ)ကိုသိမြင်၏။ ။ဟူ၍ ဟောတော်မူ၏။ ။[နက်နဲးသိမ်မွေ့သောအရာဖြစ်၍၊ အထပ်ထပ်ဆင်ခြင်ကြ,စဉ်းစားနှိုင်ကြဖါစေသော်]၊ ။

ဤတွင်ရွှေကား၊ မကျဉ်းမကျယ်၊
သိလွယ်တန်ရုံဖွင့်ဆိုအပ်သောဝိပဿနာဥာဏ်၏
တန်းခိုး၊ အကျိုးခံစားရပုံ၊ ပြခဏ်းပြီး၏။

ဤယသအခါ၌၊ ခန္ဓာငါးပါး၊ ရုပ်,နှာမ်တရားတို့ကို၊ အနတ္တ-အဖြစ်၌၊ စိစစ်ပြဆိုးဟောကြားခြင်း။ ။ထိုခန္ဓာငါးပါး၊ ရုံပ်, နှာမ်-တရားတို့ကား၊(၁)အနိစ္စ၊(၂)ဒုက္ခ၊(၃)အနတ္တ-အဖြစ်၌၊ စိစစ်ပြဆိုဟောကြားခြင်း။ ။အတိတ်, အနာဂတ်, ပစ္စုပ္ပန်-ဟူသော ကာလသုံးပါးတို့ဖြင့်၊ ခွဲးခြမ်းစိတ်ဖြာ၍၊ စိစစ်ပြဆိုဟောကြားခြင်း။ ။ဝိပဿနာဉာဏ်၏တန်းခိုး၊အကျိုးခံစားရာပုံကို၊စိစစ်ပြဆိုဟောကြားခြင်း-အစရှိသောတရားစကားတို့ကို ကြားနာရခြင်းဖြင့်၊ ပါမောဇ္ဇတရား၊ ဒိတိတရားတို့၊ တိုးပွါးဖြစ်လာခြင်းမှ စ၍၊ ဝိပဿနာ ဉာဏ်(၁၀)ပါး-အဆုံးတိုင် အောင်ဖြစ်၍၊အရှင်ကောဏ္ဍညထေရ်အမှူးရှိသောငါးဦးသော ပဉ္စဝဂ္ဂိ-သောတာပန်ရဟန်းပုဂ္ဂိုလ်တို့သည်၊(၂)သကဒါဂါမိ-မဂ်-ဖိုလ်၊(၃)အနာဂါမိ-မဂ်-ဖိုလ်၊(၄)အရဟတ္တ-မဂ်-ဖိုလ်တို့သို့၊အစဉ်အတိုင်း၊ဆိုက်ရောက်ပုံတို့ကို၊ ပြည့်စုံထင်ရှားစွာ ပြခြင်းအကျိုးငှါ၊ ဤဆိုလတ္တံ့သော ဒေသနာအစဉ်ကို၊(သင်္ဂါယနာ)တင်တော်မူကြကုန်၏။ ။

(အနတ္တလက္ခဏသုတ်ပါဠိတော်)။

အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခဝေ။ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။ ။ဣမသ္မိံ စပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ။ ။ခန္ဓဝဂ္ဂေ အနတ္တာနိယသုတ္တံ နိဋ္ဌိတံ။ ။

(အနတ္တလက္ခဏသုတ်နိဿယ)။

ပဉ္စဝဂ္ဂိယာ၊ ပဉ္စဝဂ္ဂီ, အမည်ရှိကုန်သော။ ဘိက္ခဝေ။၊ ရဟန်းတို့သည်။ အတ္တမနာ၊နှစ်လိုကြည်လင်၊ရွှင်သော စိတ်ရှိကုန်သည်ဖြစ်၍။ ဘဂဝတော၊မြတ်စွာဘုရား၏။ ဘာသိတံ၊စကားတော်ကို၊ အဘိနန္ဒုံ၊ကြားတိ၊ဦးဖြင့်ခံကုန်ဟု၏။ဝါ၊အလွန်နှစ်လိုဝမ်းမြောက်ကုန်၏ဟု။ ဣမသ္မိံ စ

ပန,ဝေယျာကရဏသို့၊ ဤဂါထာ,မဘက်၊သက်သက်သော,ဝေယျာကရဏကို။ ဘည်မာနေ၊ ဟောတော်မူသည်ရှိသော်။ပဉ္စဝဂ္ဂိယာနံ၊ပဉ္စဝဂ္ဂီအမည်ရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝါ၊ ရဟန်းတို့၏။ အနုပါဒါယ၊ တဏ္ဍာ,မာန,ဒိဋ္ဌိ-အားဖြင့်၊ တစုံတခုသော တရားကို၊ငါ၏ဥစ္စာ၊ငါ၊ငါ၏ကိုယ်ဟုမယူမူ၍။ အာသံဝေဟိ၊ တဖန် မဖြစ်ပြန်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းကုန်သော၊ အာသံဝေါတရားလေးပါးတို့မှ။ ဝါ၊ဇေးပါးတို့သည်။ စိတ္တာနိ၊စိတ်တို့သည်။ ဝါ၊စိတ်တို့ကို။ ဝိမုစ္စိ သု၊လွတ်ကုန်၏။ဝါ၊လွတ်အပ်ကုန်ပြီ။ ။

ပါဋ္ဌိဘာသာမှ၊မြန်မာဘာသာပြန်ဆိုပြခဏ်း။

ထိုအခါ၊ အရှင်ကောဏ္ဍည, အမှူးရှိသော ငါးဦးသော ပဉ္စဝဂ္ဂီ,အမည်ရှိကုန်သော ရဟန်းတို့သည်၊ မြတ်စွာဘုရားဟောတော်မူအပ်သော၊(ရူပံ ဘိက္ခဝေ အနတ္တာ)အစချီသောတရား၊ ကြားနာရ၍၊ နှစ်လို ကြည်လင်၊ ရွှင်လန်းသော စိတ်ရှိကြကုန်သည်ဖြစ်ရကား၊ထိုတရားတော်ကို၊(သာရ-သံာရ-သာရ)ဟု၊ ရိုသေစွာ၊ဦးဖြင့်တင်၍၊ပန်ဆင်ပူဇော်၊ကုန်တော့ကြကုန်၏။

ဤသို့လျှင်၊ ဂါထာ မဘက်၊ စုဏ္ဏိယသက်သက်ဖြစ်သော အမေး-အဖြေ ဗျာကရဏ်းကို၊ဟောတော်မူသည်ရှိသော်၊ အရှင်ကောဏ္ဍည,အရှင်ဝပ္ပ,အရှင်ဘဒ္ဒိယ,အရှင်မဟာနာမ်,အရှင်အဿဇိ-ဟူသော ငါးဦးသောပဉ္စဝဂ္ဂီ,ရဟန်းတို့အား၊တဏ္ဍာ, မာန, ဒိဋ္ဌိ-အားဖြင့်၊ တစုံတခုသော သက်ရှိ-သက်မဲ့ဖြစ်သော တောဘူမက-သခ်ါရတရားတို့ကို၊(ငါ၏ဥစ္စာ)(ငါ၊)(ငါ၏ကိုယ်)ဟု၊ မယူမူ၍၊ အသစ်တဖန်၊မဖြစ်ပြန်သောချုပ်ခြင်းဖြင့်၊ ချုပ်ငြိမ်းကုန်သော အာသဝေါတရား လေးပါးတို့မှ၊ စိတ်တို့သည် လွတ်မြောက်ကြကုန်သည်ဖြစ်၍၊ (၂) * သကဒါဂါမိ-မဂ်-

ဖိုလ်၊ (၃) * အနာဂါမိ-မဂ်-ဖိုလ်၊ (၄) * အရဟတ္တ-မဂ်-ဖိုလ်-ဟူသော မဂ်,ဖိုလ်-ခြောက်ဆင့်၊ ထီးပြူ ဖွင့်၍၊ အရှင့်ရိုပ်ခမ်း၊(သဥပါဒိသေသနိဗ္ဗာန်)ဟူသောပလ္လင်နန်း၌၊ မဂ်ပန်း,ဖိုလ်ပန်း၊ဆွတ်ယူလွှမ်း၍၊ ဇေးချမ်းဖိုလ်ငွေ၊အထိုပြည့်အောင်၊ ကိုယ်တွေ့ကြုံလျက်၊ခိုလှုံစံမြန်းတော်မူကြလေကုန်သတည်း။ ။

သကဒါဂါမိမဂ်စိတ်၊ဖြစ်ပုံ,ပယ်ပုံ၊ပြဆိုခဏ်း။

သောတာပတ္တိဖိုလ်စိတ်ကို၊ ရခဲ့ပြီးသော အရှင်ကောဏ္ဍည အမှူးရှိသော ပဉ္စဝဂ္ဂိရဟန်းတို့သည်၊ထိုမှတဆင့်၊သကဒါဂါမိမဂ်စိတ်ကိုရလိုလတ်သော်၊ ရှေးနည်းအတိုင်း၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို၊ အနိစ္စ,ဒုက္ခ,အနတ္တ-ဟု၊ လက္ခဏာရေး သုံးတန်တို့ဖြင့်၊ အဖန်ဖန်ဆင်ခြင်၍၊(သမ္မသန)ဥာဏ်မှစ၍၊ဥာဏ်ဆယ်ပါး၏အဆုံး၌၊ မိမိသန္တာန်၌၊ သကဒါဂါမိခေါ်သော မဂ်စိတ်နှင့်ယှဉ်သော စိတ်ဖြစ်သည့်နှင့်တပြိုင်နက်၊ ထိုစိတ်နှင့်ယှဉ်သော-အညသမာန် စေတသိက် (၁၃)ခု၊ အပ္ပမညာနွေကြဉ်သော-သောဘဏစေတသိက်(၂၃)ခုအားဖြင့်၊ (၃၆)ခုသော စေတသိက်တို့သည်၊ဖြစ်ပေါ်လာကုန်၏။ ။

ထိုအခါ၊ထိုစေတသိက်(၃၆)ခုတည်းမှ၊——————

(၁) * သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း၊
(၂) * သမ္မာသင်္ကပ္ပ၊ ကောင်းစွာကြံခြင်း၊
(၃) * သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း၊
(၄) * သမ္မာကမ္မန္တ၊ ကောင်းစွာပြုခြင်း၊
(၅) * သမ္မာအာဇီဝ၊ ကောင်းစွာအသက်မွေးခြင်း၊
(၆) * သမ္မာဝါယာမ၊ ကောင်းစွာအားထုတ်ခြင်း၊
(၇) * သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း၊
(၈) * သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း။

ဟူသော ဤ(၈)ပါးသော စေတသိက်တို့သည်၊ အသိးအသိး၊ ဓမ်မိတို့၏ ကိစ္စလက္ခဏာ,ကို၊ တပြိုင်နက် ဆောင်ယူကြလျက်။

(၁) * ဒုက္ခသစ္စာကိုထိုင်းခြား၍ သိမြင်ခြင်း၊
(၂) * သမုဒယသစ္စာကိုပယ်ခြင်း၊
(၃) * နိရောဓသစ္စာကိုမျက်မှောက်ပြုခြင်း၊
(၄) * မဂ္ဂသစ္စာကိုပွါးများခြင်း၊

ဟူသော ဤလေးပါးသောကိစ္စကို ပြီးစေလျက်(သကဒါဂါမိမဂ်)ဟူသောအမည်ကိုခံယူလေ၏။ ။(မဂ္ဂသစ္စာ)ဟူ၍လည်း ခေါ်ရ၏။ ။ထိုမဂ္ဂင်တရား၊ ဉာဏ်ပါး၏ ယှဉ်ရာစိတ်သည်ဌင်း၊ ကျန်စေတသိက်(၂၈)ခုသည်ဌင်း၊(မဂ်စိတ္တုပ္ပါန်)ဟူသောအမည်ကဲ့ခံယူလျက်၊ သစ္စာဝိမုတ်,သစ္စာလေးပါး ဟူသောအရေအတွက်မှ၊လွတ်ကျန်ရစ်ခဲ့လေ၏။ ။

သကဒါဂါမိမဂ်၊ဝိထိချပုံ။

(၁) * န ဘဝင်္ဂစလန
(၂) * ဒ ဘဝင်္ဂုပဒ္ဒေဒ
(၃) * မ မနောဒွါရာဝဇ္ဇန်း
(၄) * ပ ပရိကံ
(၅) * ဥ ဥပစာရ
(၆) * အ အနုလုံ
(၇) * ဂေါ ဂေါတြဘူ,
(၈) * မဂ်+စိတ်။သကဒါဂါမိမဂ်စိတ်ဖြစ်၏။ ။ဤအခိုက်အတန်မျှကို၊သကဒါဂါမိမဂ်ပုဂ္ဂိုလ်-ဟူ၍ဆိုရ၏။ ။စိတ္တက္ခဏ-တချက်မျှသာရှိ၏။ထို့နောက်၊
(၉) * ဖိုလ်
(၁၀) * ဖိုလ် ဟူ၍ သကဒါဂါမိဖိုလ်စိတ် နှစ်ကြိမ်, သုံးကြိမ်ဖြစ်၍,ချုပ်၏။ဤအခိုက်အတန်ကစ၍၊
(၁၁) * ဖိုလ် (သကဒါဂါမိဖိုလ်)ပုဂ္ဂိုလ်ဟူ၍,ခေါ်ဆိုရ၏။

သကဒါဂါမိမဂ်စိတ်ရ၍၊အကျိုးခံစားရပုံ၊ ပြဆိုခဏ်း။

အရှင်ကောဏ္ဍည အမှူးရှိသော ငါးဦးသော ပဉ္စဝဂ္ဂီရဟန်းတို့သည်၊မိမိသန္တာန်၌၊သကဒါဂါမိမဂ်စိတ်ဖြစ်သည်နှင့်တပြိုင်နက်၊ ထိုမဂ်၏သတ္တိဖြင့်၊ ရှေးအခါက၊ သောတာပတ္တိမဂ်စိတ်သည်၊ ခေါင်းပါးစေသောအားဖြင့်၊ပယ်အပ်ပြီးသော၊(က)ဒီဌိဂတဝိပ္ပယုတ်စိတ်(၄)ခု၊ ဒေါသမူစိတ်(၂)ခု၊ထိုစိတ်တို့နှင့်ယှဉ်သောစေတသိက်(၂၅)တို့၏ရုန့်ရင်းကြမ်းထမ်းသောသဘောမျှကိုသာပယ်၏။ မိမိ၏သတ္တိဖြင့်၊ သီးခြားပယ်နိုင်သော အကုသိုလ်စိတ်၊စေတသိက်,မရှိချေ။ ။ဤသို့၊ပယ်စွမ်းနိုင်သောမဂ်စိတ်ဖြစ်ပြီးနောက်၊သကဒါဂါမိဖိုလ်စိတ်သည်လည်း၊နှစ်ကြိမ်,သုံးကြိမ်ဖြစ်၍၊ ချုပ်ပြီးနောက်၊ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်အရာ၌၊ဖြစ်လေ၏။ ။

[အထူးမှတ်ချက်]။ ။ဤအရာ၌၊ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်သည်(အနာဂါမိမဂ်)ကို၊တဆက်တည်းရသော်၊ ရရာ၏။ အကယ်၍မရဖြစ်ခဲ့မူ၊ (ဩရမ္ဘာဂိယသံယောဇဉ်) တရားငါးပါးကို၊ မပယ်စွန့်နိုင်သေးသောကြောင့်၊ ဤပစ္စက္ခဘဝ၌၊ (နေဝသညာနာသညာယတန) ဘုံသို့ရောက်၍နေရသည်ဖြစ်စေ၊ ကာမဘုံ၌ ပြန်လည်၍ဖြစ်ရန်-သတ္တိမျိုးစေ့မကုန်သေးဖြစ်၏။ ။အဂ်ုတ္တိုရ် ပါဠိတော်၊စတုက္ကနိပါတ်၌ကြည့်ကြပါလော့။ ။(ဝိထိပုံစံကိုကြည့်)။ ။

အနာဂါမိမဂ်စိတ်၊ဖြစ်ပုံ,ပယ်ပုံ၊ပြဆိုခဏ်း။

သကဒါဂါမိဖိုလ်စိတ်ကို ရခဲ့ပြီးသော အရှင် ကောဏ္ဍည အမှူးရှိသော ငါးဦးသောပဉ္စဝဂ္ဂီရဟန်းတို့သည်၊ထိုမှတဆင့်၊ အနာဂါမိမဂ်စိတ်ကိုရလိုတတ်သော်၊ ရှေးနည်းအတိုင်း၊ ခန္ဓာ

ငါးပါး၊ ရုပ်နာမ်တရားတို့ကို၊ အနိစ္စ,ဒုက္ခ,အနတ္တ-ဟု၊လက္ခဏာ ရေးသုံးတန်တို့ဖြင့်၊ အဖန်ဖန်ဆင်ခြင်၍၊ (သမ္မသန)ဥာဏ်မှစ၍၊ ဥာဏ်ဆယ်ပါး၏အဆုံး၌---ဓိမိ သန္တာန်၌၊ အနာဂါမိ ခေါ်သောမဂ်နှင့်ယှဉ်သောစိတ်ဖြစ်သည်နှင့်တပြိုင်နက်၊ ထိုစိတ်နှင့်ယှဉ်သော အညသမာန်, စေတသိက်(၁၃)ရ၊ အပ္ပမညာဒွေကြဉ်သော သောဘဏစေတသိက်(၂၃)ရအားဖြင့်၊(၃၆)ရသော စေတသိက်တို့သည်၊ဖြစ်ပေါ်လာကုန်၏။ ။

ထိုအခါ၊ထိုစေတသိက်(၃၆)ရတည်းမှ၊——————

(၁) * သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း၊
(၂) * သမ္မာသင်္ကပ္ပ၊ ကောင်းစွာကြံခြင်း၊
(၃) * သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း၊
(၄) * သမ္မာကမ္မန္တ၊ ကောင်းစွာပြုခြင်း၊
(၅) * သမ္မာအာဇီဝ၊ ကောင်းစွာအသက်မွေးခြင်း၊
(၆) * သမ္မာဝါယာမ၊ ကောင်းစွာအားထုတ်ခြင်း၊
(၇) * သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း၊
(၈) * သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း,

ဟူသော၍(၈)ပါးသောစေတသိက်တို့သည်၊အသီးအသီး၊ဓိမိတို့၏ကိစ္စလက္ခဏာကို၊ တပြိုင်နက်တချိန်တည်းဆောင်ယူကြလျက်၊——————

(၁) * ဒုက္ခသစ္စာကိုပိုင်းခြား၍သိမြင်ခြင်း၊
(၂) * သမုဒယသစ္စာကိုပယ်ခြင်း၊
(၃) * နိရောဓသစ္စာကိုမျက်မှောက်ပြုခြင်း၊
(၄) * မဂ္ဂသစ္စာကိုပွါးများခြင်း=

ဟူသော၍လေးပါးသောကိစ္စကိုပြီးစေလျက်၊(အနာဂါမိမဂ်) ဟူသောအမည်ကို၊ ခံယူလေ၏။ ။(မဂ္ဂသစ္စာ)ဟူ၍ ခေါ်ရ၏။ ။ထိုမဂ္ဂင်ဟရား၊ ရှစ်ပါး၏ယှဉ်ရာစိတ်သည်ရှင်း၊ကျန်စေတသိက်(၂၈)ရသည်ရှင်း၊(မဂ်စိတ္တုပ္ပါန်)ဟူသောအမည်ကို

၁၉၈ အနုတ္တလက္ခဏာဖွင့်အကျယ်လာက်စွဲးကျမ်း။

ခံယူလျက်၊(သစ္စာဝိဓတ်)သစ္စာလေးပါးဟူသောအဓေအတွက်
မှ၊လွတ်ကျန်ရစ်ခဲ့ဓလေ့ဏ်၊ ။

အနာဂါမိမဂ်-ဖိုလ်-ဝိတိုချုပ်။

(သတ္တရသားယုကဒသောအာရုံဂိုသာ၊ အတိတဘာဝင်-ရှိသည်၊ ဤဝိထိဒ္ဒ-
အတိဘာဝင်မရှိချာ)။ ။

(၁) * နှ ဘဝဂ်စလန
(၂) * ဒ္ဒ ဘဝဂ်ိမဆ္ဆေဒ
(၃) * မ မနောဒ္ဒါရာဝဇ္ဇန်း
(၄) * ပ ပရိဂ့်ံ
(၅) * ဥ ဥပစာရ
(၆) * အ အနုလုံ
(၇) * ဂေါ ဂေါတြဘူ
(၈) * မဂ်+စိတ်,(အနာဂါမိမဂ်) စိတ်ဖြစ်ဏ်။ ။ဤ
အခိုက်အတန့်မျှကို၊အနာဂါမိမဂ်-ပုဂ္ဂိုလ်-ဟူ
၍၊ဆိုရဏ်။စိတ္တကွဒဏ,တချက်မျှသာရှိဏ်။ ။
ထိုဓနောက်၊———————

(၉) * ဖိုလ် ဟူ၍၊ အနာဂါမိ-ဖိုလ် စိတ် နှစ်ကြိမ်, သုံး
(၁၀) * ဖိုလ် ကြိမ်,ဖြစ်၍၊ ချုပ်ဏ်။ဤအခိုက်အတန့်ကစ
(၁၁) * ဖိုလ် ၍ အနာဂါမိဖိုလ်ပုဂ္ဂိုလ်ဟူ၍၊ခေါ်ဆိုရဏ်၊

———————

အနုနာဂါမိမဂ်,စိတ်ရ၍၊အကျိုးခံစားရပုံ၊
ပြဆိုခဏ်း။

အရှင်ကောဏ္ဍညအမျှးရှိသော ငါးဦးသော ပဉ္စဝဂ္ဂိရဟန်း
တို့သည်၊ မိမိသန္တာန်၌၊အနာဂါမိမဂ်,စိတ်၊ဖြစ်သည်နှင့်တပြိုင်
နက်၊ ထိုမဂ်ဏ်သတ္တိဖြင့်၊(က)သောတာပတ္တိမဂ်သည်၊(တန္ဟ-
ကရ)ခေါင်းပါးစေသော်အားဖြင့်၊ ပယ်အပ်သော(အပါယဂမ
နီယ)အပါယ်သို့ကျရောဓေစေတတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်

လေးခု၊ ဒေါသမူစိတ်-နှစ်ခု၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာ,ကြဉ်သော စေတ သိတ်ပဉ္စဝီသ၊(ခ)သကဒါဂါမိမဂ်သည်၊(တနှ-ကရ)ခေါင်းပါး စေသော အားဖြင့်၊ ပယီအပ်သော ရှန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပ ယုတ်စိတ်လေးခု၊ ဒေါသမူစိတ်-နှစ်ခု၊ အားဖြင့်၊(၇)ခုသော (ကာမရာဂ)နှင့်သမ္ပယုတ်ဖြစ်သော ဤအကုသိုလ်စိတ်-ဒိဋ္ဌိ,ဝိစိ ကိစ္ဆာကြဉ်သော စေတသိက်ပဉ္စဝီသ(၂၅)ခုတို့ကို၊ အကြွင်းမဲ့, အလျဉ်းဖြတ်ပယ်နှိုင်၏။ ။ဤသို့ပယ်စွမ်းနှိုင်သော အနာဂါမိ မဂ်စိတ်ဖြစ်ပြီးနောက်၊အနာဂါမိဖိုလ်စိတ်သည်လည်း၊နှစ်ကြိမ်, သုံးကြိမ်ဖြစ်၍၊ ချုပ်ပြီးနောက်၊ အနာဂါမိဖိုလ်-ပုဂ္ဂိုလ်အရာ၌ တည်လေ၏။ ။

[အထူးမှတ်ချက်]။ ။ဤအရာ၌၊အနာဂါမိဖိုလ်ပုဂ္ဂိုလ် သည်။(အရဟတ္တမဂ်)ကို၊တဆက်တည်းရသော်-ရရာ ၏။ အကယ်၍မရဖြစ်ခဲ့မူ။ (သြရမ္ဘာဂိယ)သံယောဇဉ် တရား၊ ငါးပါးကို၊အကုန်ပယ်စွန့်ပြီးသောကြောင့်၊ကာ မဘုံသို့တဖန်၊ ပဋိသန္ဓေအားဖြင့်၊ရောက်ရန်-အခွင့်မရှိ ပြီ။ ။ချာန်စိတ်၏အစွမ်းဖြင့်၊ ဗြဟ္မာ့ဘုံသို့လားရောက် ရန်၊ သတ္တိမျိုးစေ့အပြည့်အစုံရှိသေး၏။ ထိုဗြဟ္မာ့ဘုံက မှ၊(အရဟတ္တ-မဂ်-ဖိုလ်)ရ-ရမည်ဖြစ်၏။ ။ဤသို့အား ဖြင့်၊ ပဋိသန္ဓေတဖန်၊ ဖြစ်ရန်သတ္တိမျိုးစေ့ မကုန်သေး သော(အနာဂါမ်ပုဂ္ဂိုလ်)တို့ကို၊မြတ်စွာဘုရားရှင်သည်၊ အပြစ်ကို ပြ၍ ဆုံးမတော်မူ၏။ ။(ဝတ္ထု-သက်သေ ကား)။ ။မြတ်စွာဘုရား၊သက်တော်ထင်ရှားရှိစဉ်အခါ က၊သီလအကျင့်,ရတင်အကျင့်နှင့်ပြည့်စုံသောဗဟုသု တ များကုန်သော့ တောကျောင်းနေ(အနာဂါမ်)ဖြစ် သော ရဟန်းတို့သည်၊ [အရဟတ္တဖိုလ်]တရားသည်၊ ခဲးယဉ်းသည်မဟုတ်၊ယူလိုသောခဏ၌၊ရနိုင်သည်သာ တည်း]ဟု၊ လျှောက်ရာတွင်၊ ဤဆိုလတ္တံ့သော ဂါထာ

ကို၊ဟောတော်မူ၏။ ။ဂါထာ၏အဆုံးဌ်ထိုရဟန်းတို့
သည်၊ ရဟန္တာပုဂ္ဂိုလ်အဖြစ်သို့ရောက်ကြကုန်၏။ ။

(၁)၊ နသီလဗ္ဗတမတ္တေန၊ဗဟုသစ္စေနဝါ ပန၊
အထဝါ သမာဓိလာဘေန၊ဝိဝိတ္တသယနေနဝါ၊ ။

(၂) ဖုသာမိ နေက္ခမံ သုခံ၊အပုထုဇ္ဇန.သေဝိတံ၊
ဘိက္ခု ဝိဿာသမာပါဒိ၊အပတ္တော အာသဝက္ခယံ။ ။

(ဇမ္မပဒ်ပါဠိတော်၊ဓမ္မဋ္ဌာဝဂ်-၁၉။သီလာဒိသမ္ပန္နဘိက္ခုဝတ္ထု)

(၁) သီလဗ္ဗတမတ္တေန၊ သီလ အကျင့်၊ ရှိကာမျှဖြင့်
ရင်း။ ဗဟုသစ္စေနဝါပန၊ အကြားအမြင်နှင့်ပြည့်စုံကာမျှ
ဖြင့်ရင်း။အထ၊ထိုမှတပါး။သမာဓိလာဘေနဝါ၊သမာဓိ
တရားကို၊ ရကာဖြင့်ရင်း။ ဝိဝိတ္တသယနေနဝါ၊ဆိတ်ငြိမ်
ရာ၌နေကာမျှဖြင့်ရင်း။ ။

(၂) အပုထုဇ္ဇနသေဝိတံ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်၊ မမြဲဝဲ
အပ်သော။နေက္ခမံသုခံ၊အနာဂါမိမဂ်ချမ်းသာကို။ဖုသာ
မီတိ၊ ငါ-ရောက်၏ဟူ၍ရင်း။ ဘိက္ခု၊ ချစ်သားရဟန်း။
အာသဝက္ခယံ၊ အာသဝေါတရားလေးပါးတို့၏ကုန်ရာ
ဖြစ်သော အရှဟတ္တဖိုလ်သို့။ အပတ္တော၊ ဥာဏ်ဖြင့်ပိုင်
ပိုင်၊ ကိုယ်တိုင်မျက်မှောက်၊ မရောက်ရသေးဘဲလျက်။
ဝိဿာသံ၊သံသရာထဲး၊ဝန်ဆင်းရဲး၌၊တဝဲးဝဲးလည်၊ရှည်
ကြာနစ်ဆုံး၊ အဖြစ်ရှုံးလျက်၊ အကျုံးဝင်စားခြင်းသို့။ နေ
အာပါဒိ၊ခန္ဓာဝန်ညှောက်၊ အသစ်ပေါက်၍၊မဖြစ်မြောံ
ပါစေလင့်။ ။မရောက်ပါစေလင့်။ ။

အရဟတ္တမဂ်စိတ်၊ဖြစ်ပုံ,ပယ်ပုံ၊ပြဆိုခဏ်း။

အနာဂါမိဖိုလ်စိတ်ကိုရခဲ့ပြီးသော အရှင့်ကောဏ္ဍညအမှူးရှိသော ငါးဦးသော ပဉ္စဝဂ္ဂီရဟန်းတို့သည်၊ ထို့မှတဆင့်၊အရဟတ္တမဂ်ကိုရထိုလတ်သော်၊ရှေးနည်းအတိုင်း၊ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့ကို၊အနိစ္စ,ဒုက္ခ,အနတ္တ-ဟု၊လက္ခဏာရေးသုံးတန်တို့ဖြင့်၊အဖန်ဖန်ဆင်ခြင်၍၊(သမ္မသန)ဥာဏ်မှစ၍၊ဥာဏ်ဆယ်ပါး၏အဆုံး၌၊ ——မိမိသန္တာန်၌၊အရဟတ္တခေါ်သောမဂ်နှင့်ယှဉ်သောစိတ်ဖြစ်သည်နှင့်တပြိုင်နက်၊ထိုစိတ်နှင့်ယှဉ်သော အညသမာန်စေတသိက်(၁၃)ခု၊အပ္ပမညာနွေကြဉ်သော-သော ဘဏစေတသိက်(၂၃)ခုအားဖြင့်၊(၃၆)ခုသော စေတသိက်တို့သည်ဖြစ်ပေါ်လာကုန်၏။

ထိုအခါ၊ထိုစေတသိက်(၃၆)ခုတည်းမှ။——

(၁) * သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း၊
(၂) * သမ္မာသင်္ကပ္ပ၊ ကောင်းစွာကြံခြင်း၊
(၃) * သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း၊
(၄) * သမ္မာကမ္မန္တ၊ ကောင်းစွာပြုခြင်း၊
(၅) * သမ္မာအာဇီဝ၊ ကောင်းစွာအသက်မွေးခြင်း၊
(၆) * သမ္မာဝါယာမ၊ ကောင်းစွာအားထုတ်ခြင်း၊
(၇) * သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း၊
(၈) * သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း=

ဟူသော ၏(၈)ပါးသော စေတသိက်တို့သည်၊ အသီးအသီး၊ မိမိတို့၏၊ ကိစ္စလက္ခဏာကို၊ တပြိုင်နက်၊ ဆောင်ယူကြလျက်။

(၁) * ဒုက္ခသစ္စာကိုပိုင်းခြား၍သိခြင်း၊
(၂) * သမုဒယသစ္စာကိုပယ်ခြင်း၊
(၃) * နိရောဓသစ္စာကိုမျက်မှောက်ပြုခြင်း၊
(၄) * မဂ္ဂသစ္စာကိုပွါးများခြင်း=

ဟူသော၏လေးပါးသောကိစ္စကို၊ ပြီးစေလျက်၊(အရဟတ္တမဂ်)ဟူသောအမည်ကိုခံယူလေ၏။ ။(မဂ္ဂသစ္စာ)ဟူ၍လည်းခေါ်၏။ ။ထိုမဂ္ဂင်ရှစ်ပါး၊ တရားနှင့်ယှဉ်သော စိတ်သည်ရင်း၊ ကျန်စေတသိက်(၂၈)ရသည်ရင်း၊မဂ်စိတ္တုပ္ပါဒ်ဟူသောအမည်ကိုခံယူလျက် (သစ္စာဝိမုတ်) သစ္စာလေးပါးဟူသော အရေအတွက်မှ၊လွတ်ကျန်ရစ်ခဲ့လေ၏။ ။

အရဟတ္တမဂ်-ဖိုလ်-ဝိထိချုပ်။

(ရှေးနည်းအတိုင်းမှတ်ရာ၏)။

(၁) * နဘဝဂ်စလန

(၂) * ဒဘဝဂ်ပစ္ဆေဒ

(၃) * မမနောဒ္ဓါရာဝဇ္ဇန်း

(၄) * ပပရိကံ

(၅) * ဥဥပစာရ

(၆) * အအနုလုံ

(၇) * ဂေါဂေါတြဘူ

(၈) * မဂ်+စိတ် အရဟတ္တမဂ်စိတ် ဖြစ်၏။ ။ ၏အခိုက်အတန့်မျှကို၊အရဟတ္တမဂ်ပုဂ္ဂိုလ်ဟူ၍ဆိုဏ်။စိတ္တက္ခဏတချက်မျှသာရှိ၏။ ။ ထိုနောက်။

(၉) * ဖိုလ်
(၁၀) * ဖိုလ်
(၁၁) * ဖိုလ်
} ဟူ၍ အရဟတ္တဖိုလ်စိတ်၊နှစ်ကြိမ်, သုံးကြိမ်ဖြစ်၍ချုပ်၏။ ။၏အခိုက်အတန့်ကစ၍၊ အသက်ဆုံးတိုင်၊အရဟတ္တဖိုလ်ပုဂ္ဂိုလ်အဖြစ်၌တည်လေ၏။

အရဟာတ္တမဂ်,ဖိုလ်ရ၍၊အကျိုးခံစားရပုံ၊ မြဆိုခဏ်း၊

အရှင်ကောဏ္ဍညအမှူးရှိသော ငါးဦးသော ပဉ္စဝဂ္ဂိရဟန်းတို့သည်၊ ဒိဋ္ဌသစ္စာနှစ်၌၊ အရဟာတ္တမဂ်ဖိုလ်တည်းဟူသော နှစ်ကြိမ်,သုံးကြိမ်ဖြစ်၍၊ ဆုံးမသွန်သင်ပြီးနောက်၊ ထိုမဂ်ဖိုလ်ဓမ္မတို့ဖြင့်(ကာမတဏှာ)လွန်ဖြောက်၍၊ နှုပဘုံ,အရူပဘုံတို့၌ရှိသော ဝတ္ထုအာရုံတို့ကို၊ စွဲလမ်း,သွယ်တန်းသော (ရူပရာဂ၊အရူပရာဂနှင့် ယှဉ်သော) (က)ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ငါးခု၊ ဥဒ္ဓစ္စသဟဂတ်စိတ် တခုအားဖြင့်၊ ငါးခုသော စိတ်တို့ကိုဂုဏ်း။ ထိုစိတ်နှင့်ယှဉ်သော ဒိဋ္ဌိ, ဇော်သ, ဇာသာ,မန္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာ-ကြဉ်သော စေတသိက်တို့ကိုဂုဏ်း၊အကြွင်းမဲ့ပယ်ဂ၏။

ဤသို့ပယ်စွမ်းနိုင်သောအရဟာတ္တမဂ်စိတ်ဖြစ်ပြီးသည့်နောက်၊ အရဟာတ္တဖိုလ်စိတ်သည်လည်း၊ နှစ်ကြိမ်,သုံးကြိမ်ဖြစ်၍၊ ချမ်းသာပြီးနောက်၊ အရဟာတ္တဖိုလ်အရာ၌တည်လေ၏။ "ဤအချိန်ကစ၍ ပရိနိဗ္ဗာန်ပြုသည့်အချိန် အဆုံးတိုင်အောင်၊ အသက်ရှည်ကြာ၊ နေရသမျှ ကာလပတ်လုံး၊ (ခန္ဓာငါးပါးသည်သာလျှင်၊ ကိလေသာတို့မှ ကြွင်းသည့်နှင့် တကွဖြစ်သော သဥပါဒိသေသ-နိဗ္ဗာန်ဓာတ်)နှင့်၌၊ စံမြန်းခိုလှုံ၊ တည်နေကုန်၏။ ပ။ ၍၊ ခေါ်ဆိုရ၏။ ။

ဤသို့လျှင်၊(၁၀၃)ချန့်စ၊ဝါဆို-လပြည့်ကျော်-ငါးရက်နေ့၌၊ ဤအနုတ္တလက္ခဏသုတ္တန်ကို ဟောကြားတော်မူရာ၊တရား၊ တရားချ၍၊ တရားအဆုံး၌၊ (ပဉ္စဝဂ္ဂိ)ငါးဦးသားတို့သည်၊ အာသဝေါလေးပြာ၊ကင်းစင်ကွာလျက်၊ ရဟန္တာပုဂ္ဂိုလ်၏အဖြစ်၌တည်နေကြကုန်၏။ ။ထိုအခါ၊မြတ်စွာဘုရားရှင်တပါးနှင့်၊ပဉ္စဝဂ္ဂိရဟန္တာငါးပါးအားဖြင့်၊ လောကသုံးခွင်၊ဘုံအပြင်၌ရတော်အင်ကြီးမား၊ ခြောက်ပါးသောရဟန္တာပုဂ္ဂိုလ်တို့သည်၊ထင်ရှားစွင့်စွင့်၊လ-ာယ်တင့်၍၊ပွင့်လာတော်မူကုန်၏။ ။

ထို့နောက်၊ မြတ်စွာဘုရားသခင်သည်၊ (ယသ)သူဌေးသား အမှူးရှိသော ငါးဆဲ့ငါး(၅၅)ယောက်သော သူတို့ကိုရင်း။ ။ (ကပိုသိယ)မည်သော တောအုပ်၌၊သုံးဆယ်သောဘဒ္ဒဝဂ္ဂိမင်း သားညီနောင်တို့ကိုရင်း။ ။မဟာဗောဓိပင်အနီး(ဂယာသိ့သ) အမည်ရှိသောအရပ်, ကျောက်ဖျာကြီးအပြင်၌၊ တထောင်မျှ လောက်သော ရသေ့တို့ကိုရင်း။ ။ဤသို့လျှင်၊ များစွာသော လူအပေါင်းတို့ကို၊ အရိယာ,ဖိုလ်သို့ရောက်စေခဲ့ခြင်း။ ။ရာဇ ဂြိုဟ် ပြည်ကြီးအရှင်၊ ဘုရင်ဗိမ္ဗိသာရမင်းကြီး အမှူးရှိသော (ဇကာဒသ နဟုတာနီ)တသန်း-နှစ်သိန်းသော ပရိသတ်တို့ကို၊ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်အဖြစ်သို့ရောက်စေခဲ့ခြင်း။ ။(ဇက နဟုတံ)တသိန်းသောပရိသတ်တို့ကို၊ သရဏဂုံသုံးပါး၌တည် စေခြင်းတို့ဖြင့်၊ ဇမ္ဗူဒိပ်ကျွန်းခွင်၊မြေအပြင်၌၊မြတ်စွာဘုရား၏ အဆုံးမ, ဩဝါဒတည်းဟူသော သာသနာတော်မြတ်ကြီးကို၊ ကောင်းစွာပွင့်လင်း၊ ထွန်းကားစေသည်ကို ပြုလျက်၊ အလုံးစုံ သောဇမ္ဗူဒိပ်ကျွန်းခွင်၊မြေအပြင်ကိုလည်း၊ ဖန်ရည်ဆိုးသော သက်နိုးရောင်တို့ဖြင့်၊ တပြောင်ပြောင်,တောက်ပစေတော်မူ၏။

ထို့နောက်၊ အခါတပါးသော နေ့၌၊ မြတ်စွာဘုရား သခင် သည်၊ သာဝတ္ထိပြည်မွန်၊ ဇေတဝန်ခေါ်၊ရွှေကျောင်းတော်ကြီး သို့၊ရောက်တော်မူ၍၊ရဟန်းအပေါင်းတို့၏အလယ်၌၊ကောင်း စွာ ခင်းထားအပ်သော တရားဟော ပလ္လင်ထက်၌၊ထက်ဝယ် ဖွဲ့ခွေ၊ထိုင်နေတော်မူလျက်၊ တရားဟောတော်မူ၏။ ။ဟော တော်မူဟန်ကား။ ။

အို...ငါ၏ချစ်သား၊ ရဟန်းများတို့။ ။ငါဘုရားသခင်၏၊ တရားတော်ကို၊ ရှေးဦးစွာသိမြင်ကြကုန်သော, ရဟန်းပုဂ္ဂိုလ် အပေါင်း တို့တွင်၊ ငါ၏ သားတော်ကြီး ဖြစ်သော။(အရှင် ကောဏ္ဍည)သည်၊ အထွတ် အမြတ်ဆုံး ဖြစ်တော်မူ၏=ဟု၊ ဇေတဒက်ဘွဲခံ၊ဌာနန္တရဂုဏ်ထူးဖြင့်၊ချီးကျူးတော်မူ၏။

(၁) ·တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာတကောဏ္ဍညော။ ။ဟူ၏။ ။ (ကေဂ်ုတ္တရပါဠိတော်၊တေဒဂ္ဂဝဂ်)။ ။

(၁) ဘိက္ခဝေ၊အို...ငါ၏ချစ်သား၊ရဟန်းများတို။ ။ မမ၊ သုံးလူဥ့သျောင်၊ ပွဲးတိုင်အောင်သည့်၊ ဘုန်းခေါင်ထွတ်တင်၊ ငါဘုရား ရှင်၏။ သာဝကာနံ၊ ဆုံးမ-နက်လေး၊ ကောင်းစွာပေး၍၊ ဃဉ်ကျေးစေငြား၊ တပည့်သား ဖြစ်ကုန်သော။ ရတ္တညူနံ၊ ရဟန်းပြုသည့်မှစ၍၊ ကြာမြင့်စွာ ညဉ့်အပိုင်းအခြားကိုသိကုန်သော။ ဘိက္ခူနံ၊ရဟန်းယောက်ျားတို့တွင်၊ယဒိဒံ-ယောအယံ အညာတကောဏ္ဍညော၊အကြင်,အရှင်အညာတကောဏ္ဍည, ထေရ် သည်။ အတ္ထိ၊ ရှိ၏။ ဧသ-ဧသော အညာတကောဏ္ဍညော၊ ထိုအရှင် အညာတကောဏ္ဍည-ထေရ် သည်။အဂ္ဂံ-အဂ္ဂေါ၊မြတ်ထွတ်လှပေ၏။ ။

ထိုနောက်၊အရှင်ကောဏ္ဍညသည်၊ မိမိအား၊အရိအသေပြုလျက်နေသော အရှင်သာရိပုတ္တရာ, အရှင် မဟာမောဂ္ဂလာန်-ဟူသော အဂ္ဂသာဝက,ရဟန်းနှစ်ပါးကိုမြင်တော်မူ၍၊မြတ်စွာဘုရား၏ အထံတော်မှ၊ ဖဲးခွါကြွသွားတော်မူပြီးလျှင်၊ ကပိလဝတ်ပြည့်သို့ ပြန်သွား၍၊ နှမတော် (မနွှာနီ) အမည်ရှိသော, ပုဏ္ဏေးမ၏သား၊မိမိ၏တူတော်ဖြစ်သော(ပုဏ္ဏ)အမည်ရှိသော သူငယ်သည်၊ရဟန်းပြု၍၊သာသနာတော်၌၊(အဇ္ဂမေ္မကထိက) ဖြစ်လတ္တံ့ဟု၊သိမြင်၍၊ (ဒေါဏဝတ္ထု)ခေါ်သော ပုဏ္ဏားရွာသို့ကြွသွားပြီးလျှင်၊ထို(ပုဏ္ဏ)အမည်ရှိသော သူငယ်ကို၊ ရဟန်းပြုစေပြီးလျှင်၊၏ရဟန်းယေ်သည့်၊မြတ်စွာဘုရား၏အထံ၌နေရစ်လတ္တံ့ဟု၊(အနွှေဝါသိက)တပည့်အဖြစ်ဖြင့်၊အပ်နှံတော်မူ၏။ ။ [ထိုအရှင်ပုဏ္ဏထေရ်၏၊ အံ့ဘွယ်ချီးကျူး၊ ဂုဏ်အထူးကား။ ။ တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မေ္မကထိကာနံ

ယဒိဒံ ပုဏ္ဏော မန္တာနီပုတ္တော။ ။ဟူ၍၊ဟောတော်မူ၏။ ။
အခွင့်ကြို၍သာပြ၏။ဝထ္ထုကို၊လျစ်လျူ၊ရှုအပ်၏]၊ ။

ထိုနေခံ၊မိမိမှုကား။မြတ်စွာဘုရားအထံသို့ချဉ်းကပ်၍၊—— ဘုန်းခြောက်ပါးသခင်၊အရှင်ဘုရား။ ။အကျွန်ုပ်အား၊(ဂါမန္တသေနာသန)လူရှင်တို့,သွားလာဝင်ထွက်ခြင်းဖြင့်ရောပြွမ်းသောရွာနီးကျောင်းဌ်နေရခြင်းသည်၊မမျှတ-ပါဘုရား။ ။ဟိမဝန္တာတောအုပ်ကြီးအတွင်းဌ်၊တောဆင်အပေါင်းတို့၏နေရာ၊ဆဒ္ဒန္တအမည်ရှိစသာရေအိုင်သည်ရှိပါ၏။ ထိုဆဒ္ဒန္တရေအိုင်အနီးသို့သာ,သွားရောက်နေထိုင်ရလိုပါကြောင်း-ဟု၊လျှောက်ထားခွင့်ပြုစေလျက်၊ မြတ်စွာဘုရားရှင်၏ခြေတော်ရံကို၊ ဦးပုံဝပ်လျှိုး၊ ရှိခိုးပူဇော်ပြီးလျှင်၊ထိုဆဒ္ဒန္တရေအိုင်အနီးသို့သွား၍၊ တရသော သခ်မ်းကျောင်းဌ်နေလျက်၊ဆဒ္ဒန္တအမည်ရှိသော-တောဆင်မျိုးအပေါင်းတို့၏၊ပြုစုခြင်းကိုခံယူလျက်၊ သချ်ာတွက်စစ်၊ရဟန်းသိက္ခာ,ဝါတော်၊ တဆဲ့နှစ်နှစ်။ (တနည်း)၊ တဆဲ့သုံးနှစ်တို့ကို၊ ဟုန်လွန်စေပြီးလျှင်၊ထိုဆဒ္ဒန္တရေအိုင်အနီးတောကျောင်းဌ်ပင်၊ ဝိပါက်ကမ္မဇရုပ်၊ အကြွင်းမရှိသော (အနုပါဒိသေသ) နိဗ္ဗာနဓာတ်နန်းသို့၊စံမြန်းကြွရောက်တော်မူ၏။ ။

ထိုအခါ၊လုပ်ကျွေးလှည့်ကျသောဆင်တို့သည်၊ နံနက်စောစောကပင်၊မျက်သစ်ရေ၊ဒန်ပူ-စသည်တို့နှင့်၊ သခ်မ်းကျောင်း၏ပြင်ဘက်မှ၊ စောင့်လင့်၍နေသဖြင့်၊ အချိန်ကာလ လွန်လျှင်၊ သခ်မ်းကျောင်းတံခါးကိုဖွင့်လှစ်၍ကြည့်လတ်သော်၊ပရိနိဗ္ဗာန်၊ ဝင်စီရုပ်သိမ်း၍၊ချုပ်ငြိမ်းနေတော်မူပုံကိုသိ၍၊သည်းစွာသောအသံဖြင့်၊ မြည်ကြွေး ဟစ်အော်ကြလေကုန်၏။ ။ထိုအခါ၊ ဟိမဝန္တာတောအလုံးသည်၊ မိုးချုံးသောအသွင်၊ ပဲ့တင်ထပ်သောအသံဖြင့်၊မြည်ဟည်းလေ၏။ ။ရှစ်သောင်းသော ဆင်တို့သည်၊ အကြီးဆုံးဖြစ်သောဆင်၏ဦးခေါင်းထက်သို့တင်၍၊ ဟိမဝန္တာတောအလုံးကို၊လှည့်လည်ကြပြီးလျှင်၊နေရာဟောင်း

သို့ပြန်၍ ထားကြကုန်၏။ ။ထိုနောက်မှ၊ သိကြားမင်းသည်၊ ဝိသုကြုံနတ်သားကိုခေါ်၍၊(အချင်းဝိသုကြုံနတ်သား)၊ ငါတို့၏ နောင်တော်ဖြစ်သော အရှင်ကောဏ္ဍညထေရ်သည်၊ပရိနိဗ္ဗာန်စံစတော်မူပြီ။ ။ယူဇနာ ကိုးရာ အမြင့်ရှိသော အလုံးစုံသော ရတနာတို့ဖြင့်ပြီးသောပြာသာဒ်ကိုဖန်ဆင်းလောဟု စေခိုင်း၍၊ ဖန်ဆင်းစေပြီးလျှင်၊ မထေရ်အလောင်းကို ပြာသာဒ်၌တင်၍၊ ဆင်တို့အား၊ အပ်ထားခဲ့လေ၏။ ။ထိုအခါ၊ ဆင်တို့သည်၊ ပြာသာဒ်နှင့်တကွ၊ ယူဇနာ သုံးထောင် အကျယ်ရှိသော ဟိမဝန္တာတောကို၊ လှည့်လည်၏။ ။ထိုအခါ၊ ဆင်တို့၏ဆက်မှ၊ အာကာသစိုးနတ်တို့သည်ယူ၍၊ သာရကီဇနသဘင်၊ဆင်ယင်ကျင်းပကြကုန်၏။ ။ထိုနောင်မှတဖန်၊ ဝဿဝလာဟကနတ်သား၊ သီတဝလာဟကနတ်သား၊ ဥဏ္ဍဝလာဟကနတ်သား၊ စာတုမဟာရာဇ်၊တာဝတိသ်ာမှစ၍၊ အစဉ်အတိုင်း၊ဗြဟ္မာတို့သည်၊ လာကြကုန်၍၊ ပြာသာဒ်နှင့်တကွ၊ အလောင်းတော်ကို ချီမ၍၊ ဆင့်ကာဆင့်ကာ၊ သာရကီဇနသဘင်၊ဆင်ယင်ကျင်းမကြကုန်၏။ ။ဗြဟ္မာတို့လက်မှတဖန်၊ ဆင်တို့ကိုအပ်ပြန်လေ၏။ ။အလောင်းတော်ကို၊ သင်္ဂြိုဟ်ရန်၊ တယောံတယောက်သောနတ်သားသည်၊ စန္ဒကူးနှစ်-လက်လေးသစ်စီမျှဆောင်ယူကြကုန်သဖြင့်၊ စန္ဒကူးနှစ်ထင်းပုံသည်၊ ဏိုးယူဇနာမြင့်လေ၏။ ထိုအခါ၊အလောင်းတော်နှင့်တကွ၊ ပြာသာဒ်ကို၊စန္ဒကူးထင်းပုံသို့တင်၍၊ သင်္ဂြိုဟ်ကြကုန်၏။ ။ငါးရာသောရဟန္တာအရှင်မြတ်တို့သည်၊ ကောင်းကင်ခရီးဖြင့် ကြွလာ၍၊ ညဉ့်သုံးယာမ်ပတ်လုံး၊သရဇ္ဈာယ်ကြကုန်၏။ ။အရှင်အနုရုဒ္ဓါမထေရ်မြတ်သည်၊တရားဟောတော်မူ၏။ ။နေအရုဏ်တက်သောကာလ၊ မီးကို ငြိမ်းစေပြီးသော်၊ ငါးရာသော ရဟန္တာ အရှင်မြတ်တို့သည်၊ မြတ်လေးငုံအဆင်းနှင့်တူသော ဓာတ်တော်တို့ကို၊ ယူတော်မူခဲ့၍၊ မြတ်စွာဘုရားလက်တော်သို့ ကပ်တော်မူ၏။ ။ထိုအခါ၊မြတ်စွာဘုရားရှင်သည်၊ဝေဋ္ဌုဝန်ကျောင်းတော်တံခါး

မုခ်ဝဋ္ဌ၊ ကိုယ်တော်တိုင်၊ ဌပနာတော်မူ၍၊ စေတီတဆူတည်
တော်မူ၏။ ။

ဤမျှသောစကားအစဉ်ဖြင့်၊ ဤဘဒ္ဒကပ်ကမ္ဘာမှ၊ ရှေးလွန်ခဲ့
ပြီးသော(၉၁)ကမ္ဘာထက်၊ လူတို့အသက်တန်း၊ ရှစ်သောင်းတန်း
နေရသောကာလ၊ ဝိပဿီမြတ်စွာဘုရား၏ လက်ထက်တော်
၌၊ မဟာကာဋ္ဌ,စူဋ္ဌကာဋ္ဌ-ဟူသောအမည်ဖြင့်၊ သလေးစပါးမျိုး,
စိုက်ပျိုး ပြုလုပ်သော (လယ်လုပ်သမား) သူကြွယ် ညီနောင်
နှစ်ယောက် ဖြစ်ကြ၍၊ မိမိဟူသော-ညီငယ် စူဋ္ဌကာဋ္ဌ-အရှင်
ကောဏ္ဍည,အလောင်းသည်။ ။(ဤသည်ကား၊ ဓမ္မပဒ၊ ယမက
ဝဂ်၊(၈)သာရိပုတ္တထေရဝတ္ထု၊ အဌကထာဖွင့်အဆိုတည်း။ ။
တနည်းကား။ ။မိမိဟူသော-အစ်ကိုယ်ကြီး မဟာကာဋ္ဌ-
အရှင်ကောဏ္ဍည, အလောင်းသည်။ ။ဤသည်ကား။ မူလ
ပဏ္ဏာသ၊ ပါသရာသိသုတ်အဌကထာဖွင့်-အဆိုနှင့်၊ အဂိုတ္တိုရ်၊
ဧကနိပါတ်၊ ဧတဒဂ္ဂဝဂ်၊ အဌကထာဖွင့် အဆိုတည်း)။ ။
သလေးစပါးဖုံးကို၊ ခွဲးဖျက်၍ ရသော(စပါးနှိုရည်)တို့ကို၊ ထော
ပတ်,ဆီဥ-စသည်တို့နှင့်၊ ရောချက်၍၊ ဝိပဿီ,မြတ်စွာဘုရား
ရှင်အား၊ ဆွမ်းအဖြစ်ဖြင့် လှူဒါန်းပြီးလျှင်၊ သလေးစပါးဖုံး ဟူ
သော ဤ(ကော်ဦး)ဆွမ်းအလှူကို၊ ကြည်ဖြူစွာလှူဒါန်းရသော,
ကုသိုလ်စေတနာကြောင့်၊——နောင်တဆူသောမြတ်စွာဘုရား
ရှင်၏လက်ထက်တော်၌၊ တရားထူး,တရားမြတ်ကို၊ ရှေးဦးစွာ
ကြားနာရပါလိုဏ်ဟု၊ ဆုတောင်းချက်အတိုင်း၊ လူတို့ အသက်
တန်း,(တရာ)နေရသောကာလ၊ ဤငါတို့(ဂေါတမ)မြတ်စွာ
ဘုရား လက်ထက်တော်၌၊——ဗာရာဏသီပြည်ကြီး၏ အနီး၊
မိဂဒါဝုန် တောအုပ်ကြီး၌၊ ဤ(ဓမ္မစကြာတရား၊ အနတ္တလက္ခ
ဏသုတ္တန်) တရားတို့ကို၊ လက်မွန်မဆွ၊ အစဦးစွာ၊ ကြားနာရ
သည့်တိုင်အောင်၊——ဝိပဿီ, သိခီ, ဝေဿဘူ, ကကု
သန်, ကောဏာဂုံ, ကဿပ, ဂေါတမ-ဟူသော ဘုရားခုနစ်ဆူ
တို့၏၊ လက်ထက်တော်ကာလပတ်လုံး၊ ကျင်လည့်ခဲ့ရသောမိမိ

၏ သံသရာဒေါတ်လမ်းဟိုဂျီနေရာတွင်၊စခမ်းရုပ်သိမ်း၍၊ချုပ်ငြိမ်းတော်မူလေသတည်း။ ။

(သံဝဂ-ဂါထာ)။

(၁) ဇဝံ အနိစ္စတံ ဖေဗြိ၊ ဥတွာ ဒုရဘိသမ္ဘဝံ။
တံ ပတ္တုံ တိယမေ ဓိရော၊ယံ နိစ္စံ အမတံ ပဒံ။ ။

(၁) ဇဝံ၊ဤသို့လျှင်။ဖေဗြိ၊မျက်နှာကြီးငယ်၊ဟို,အို-ရွယ်နှင့်၊ မျိုးနွယ်နိမ့်မြင့်၊သင့်-မသင့်ကို၊ထောက်ချင့်ပစာ၊ယုတ်မာစွာထသော။ ဒုရဘိသမ္ဘဝံ၊ ကိလေသာဝန်၊ စာဏ္ဍာလဲ့နှစ်၌၊ ကျွန်နစ်သူတို့၊ ဖေါ်ယူ လွန်မြောက်နိုင်ခဲးစွာထသော။ အနိစ္စတံ၊ ဖြစ်တုံ-ပျက်တုံ၊ သုံးပါးဘုံ၌၊ တသုံလဲးလဲး၊ အမြဲးမရှိသော အဖြစ်ကို။ ဥတွာ၊ ဟုတ်တိုင်းတိတိ၊ဉာဏ်မျက်စိဖြင့်၊သိမြင်ကြ၍။ နိစ္စံ၊ဖရိ-ဖရဲး၊မှုပြိုကွဲးဘဲး၊အမြဲးတည်သော။ အမတံ၊ခန္ဓာပျက်ကြွေ၊သေလွန်ခြင်း ကင်းသော။ ယံပဒံ၊ အကြင် အသင်္ခတဓာတ်၊ နိဗ္ဗာန်ဟူသောတရားမြတ်သည်။အဏ္ဏိ၊ထင်ရှားပကတိ၊ ရှိခဲ့လေ၏။ တံပဒံ၊ ထိုအသင်္ခတဓာတ်၊ နိဗ္ဗာန်ဟူသော တရားမြတ်သို့။ ပတ္တုံ၊ကိုယ်တိုင်မျက်မှောက်၊ ဇရဲခံစိမ့်သောဌါ။ဓိရော၊သံသရာညွှန်၊ခန္ဓဝဝန်ကို၊လွန်စွာကြောင်းကြောင်း၊ သံဝေလောင်း၍၊ ဉာဏ်ကောင်းဆိမြင်၊မည်သူရှင်သည်၊ ဝါယမေ (ဝါယာမေယျ)၊ လုံ့လကြိုးကုတ်၊ အားထုတ်ကြရာ၏။ ။

ဤတွင်ဇေ့ျကား၊
မကျဉ်းမကျယ်ဂဃိလွယ်တန်ရံ၊
ဖွင့်ဆိုဒဿိသော
အနတ္တလက္ခဏာပဉ္ဉာအကျယ်လက်စွဲးကျမ်းပြီး၏။

---

၂၃၁ အနတ္တလက္ခဏာဖွင့်အကျယ်လက်စွဲးကျမ်း။

(နိဂမနကထာ)

ဤသို့လျှင်၊ ရန်ကုန်မြို့၊ ကျောင်းတော်ရာ၊ ရွှေကျင်တိုက်၌၊ သီတင်းသုံး နေသိုင်တော်မူသော မြတ်စွာဘုရားဏ်၊ သာသနာတော်တွင်၊ သီလ,သမာဓိ,ပညာ-စသော ဂုဏ်တို့ဖြင့်၊ နေ,လအသွင်၊အလွန်ပင်ထင်ရှား၍၊ ကြီးမားသောဘုန်းကြက်သရေ မင်္ဂလာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ကျေးဇူးရှင်၊ ကျောင်းတော်ရာ၊ရွှေကျင်ဆရာတော်ဘုရားကြီးဏ်အထံ၌၊ရှင်သာမဏေအဖြစ်ကစ၍၊ (ဤယခုအခါတိုင်အောင်)ပရိယတ်,ပဋိပတ်၊နှစ်ရပ်သော တရားတို့ကို၊ နည်းခံ သင်ကြား၍၊ ကြီးပွါးခြင်းသို့ရောက်သော {ဖွါးရာချက်ကြွေ၊ဇာတိမြေအားဖြင့်၊ မြန်မာပြည်အောက်ပိုင်း၊ (လေးမျက်နှာမြို့၊ဇါးသိုင်းချောင်းမြို့၊ ၂-မြို့တို့ဏ်အလယ်ကြား၊(မဲးဇလီ)ခေါ်သောတောနယ်ရွာလျှင်၊ဖွါးရာဇာတိရှိ၍} (ပဝတ္တိ) ဤယခုအခါ၌၊ ရန်ကုန်မြို့၊ ကျောင်းတော်ရာ၊ ရွှေကျင်တိုက်၊ မန်းဥုးကျောင်း၌၊ သီတင်းသုံးနေသော {ပထမနာယက၊ဂဏဝါစက} ဘဒ္ဒန္တဇောတ-အရှင်မြတ်သည်ရဟန်း၊ ရှင်လူ၊ သူတော်စင် အပေါင်းတို့အား၊ ကောင်းကျိုး ချမ်းသာ၊ မင်္ဂလာကြက်သရေ၊ တက်သစ်နေသို့၊ ထွေထွေတင့်လတ်၊မြင့်မြတ်ကြီးပွါးစေခြင်းအကျိုးငှါ၊အသစ်တည်ထွင်၊စီစဉ်ရေးသားဖွင့်ဆိုအပ်သော {အနတ္တလက္ခဏာဖွင့်အကျယ်လက်စွဲးကျမ်း} သည်၊ လူတို့ ဝေါဟာ၊ ကောဇာ သက္ကရာဇ်၊ ၁၂၉၅-ခုနှစ်၊ သီတင်းကျွတ်လဆန်း-၁၅-ရက်၊ အင်္ဂါနေ့တွင်၊ အောင်မြင်ပြီးစီးလတ်သတည်း။ ။

